# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၂)ရက် ၊ သောကြာနေ့ ၊ (21-11-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ လှုပဝေစည် တို့တိုင်းပြည်တွက် ကိုယ်စီဆန္ဒ မဲပေးကြ။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကျင်းပ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့တက်ရောက်၍ စာပေဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ⚐

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရ စာပေပညာရှင် ဆရာကြီး ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။




**ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင် ၊ Blue Diamond နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား**

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်– ဖုန်း – ၀၉ ၇၇၇၀၀၂၆၇၀



ရတနာပုံ
၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်
အယ်ဒီတာ့အာဘော်

## ကျရာတာဝန်ကျေပွန်ခဲ့သူ ပြည်သူ့စစ်မှုထမ်းများကို ဂုဏ်ပြုအားပေး

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်အသက်ဝင်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပေသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်ဝင်ခဲ့သည့်နေ့မှ ယနေ့အချိန်ထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ်(၁)မှ (၁၉)ထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းအမှတ်စဉ်(၁)မှ (၁၆)ထိ သင်တန်းများဆင်းခဲ့ပြီး သက်ဆိုင်ရာတပ်ရင်း၊ တပ်ဖွဲ့များတွင် နိုင်ငံတော်ကာကွယ်ရေး ကျရာတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိသည်။

ထို့ပြင် ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများမပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အသီးသီးက စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ထို့ပြင် အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းခြင်းနှင့် နိုင်ငံသားများပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့်အညီ စနစ်တကျလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူ့စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များ၊ စုံစမ်းမေးမြန်းနိုင်သည့်ဌာနများ၊ မသမာမှုများနှင့်ပတ်သက်ပြီး တိကျစွာဆက်သွယ်သတင်းပေးပို့နိုင်မှုများနှင့် မမှန်သတင်းများပေးပို့ခြင်း၊ တိုင်ကြားခြင်းများရှိပါကဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်းကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အသိပေးထုတ်ပြန်ထားသည်။

ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းကိစ္စနှင့်ပတ်သက်၍ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်အဖွဲ့များသည် လူမှုဆက်ဆံရေးကောင်းမွန်ရန် လိုအပ်သည့်အပြင် ငွေကြေးမသမာမှု၊ အဂတိလိုက်စားမှုများမဖြစ်ပေါ်စေရေးအတွက်ကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ တာဝန်ရှိသူအဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်ကာ ထိထိရောက်ရောက်အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါသော်လည်း ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်၍ ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်လှုံ့ဆော်သူများက မဟုတ်မမှန်၊ လုပ်ကြံသတင်းများဖြင့် အမျိုးမျိုးသွေးထိုးလှုံ့ဆော်မှုများပြုလုပ်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ နိုင်ငံတော်ကာကွယ်ရေး ကျရာတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်လျက်ရှိကြသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများနှင့်စပ်လျဉ်း၍ စစ်မှုထမ်းကာလပြည့်မြောက်ပြီးပါကလည်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်များပေးအပ်ချီးမြှင့်လျက်ရှိသည်။ ထို့ပြင် ပြည်တွင်း၊ပြည်ပအလုပ်အကိုင်အသီးသီးကိုလည်း သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ပေးနိုင်ရေး နိုင်ငံတော်အပိုင်းက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ကျရာတာဝန်အသီးသီးကို ပြည်သူ့စစ်မှုထမ်းကာလအတွင်း ပြည့်မီကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအပေါင်းကို ဂုဏ်ပြုအားပေးပါကြောင်း မှဒိတာပွားရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၃၇
ရက်
သာ လိုတော့သည်။

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ
အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
### ပြန်လည်ထူထောင်ရေးဦးစီးဌာန

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၇၆၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ထီးချိုင့် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၇၆၀၅ ကေထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၀၀၂၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၇၆၀၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၉ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ စပါး ဧက ၄၀၀၂၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးခဲ့တယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေး ကြိုးပမ်း စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ငပုတောမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧက စိုက်ပျိုးမည်

**ငပုတော နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧက လျာထားစိုက်ပျိုးသွားမည် ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၃၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးမည့် မတ်ပဲများ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ငပုတောမြို့နယ်မှာ မတ်ပဲ ၂၃၀၂ ဧက လျာထားစိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက မတ်ပဲစိုက်ပျိုးမဲ့ တောင်သူတွေ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာပေးလုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက သီးနှံတွေ စိုက်ပျိုးနိုင်ဖို့ ပူးပေါင်း ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်မှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

မတ်ပဲသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့်ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်း ဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၄၀ ကိုငွေကျပ် ၂၂ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ကို ငွေကျပ် ၂၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း များလည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ဘုရားကြီးအရှေ့မုခ်နေ ဒေါ်ဝါဝါညွန့်မိသားစုက ဦးကိုကိုနိုင်အားရည်စူး၍ ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၈၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၅၁၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၈၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာပေးလုပ်ငန်းတွေဆောင်ရွက်နေပါတယ်" ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် ကျုံးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျုံးရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျုံးရိုးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၈၀ ကို ငွေကျပ် ၂၉ ဒသမ ၆ သန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူဦးရေ ၇၀ ကို ၂၂ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ သန်း အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သုတ**

# သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၂၉၂ ဧက စိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၂၉၂ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၁၂၉၂ ဧကကို စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ရေး ဆောင်ရွက်နေကြောင်း သိရသည်။

''သာပေါင်းမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဗိုလ်ကိတ်ပဲ စိုက်ဧက ၁၂၉၀၀ ကျော်ထိ စိုက်ပျိုးသွားဖို့ ရှိပါတယ်။ လက်ရှိ ဗိုလ်ကိတ်ပဲတွေ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးဖို့ အတွက် ဌာနဆိုင်ရာတွေနဲ့ ဒေသခံတောင်သူခံတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဗိုလ်ကိတ်ပဲကို စိုက်ဧက ပြည့်မီကျော်လွန်တဲ့အပြင် အောင်မြင်ဖြစ်ထွန်းပြီး အထွက်ကောင်းလာဖို့ကိုလဲ ဆောင်ရွက်ပေးပါမယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဗိုလ်ကိတ်ပဲများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးရန်အတွက် ဒေသခံတောင်သူများနှင့်စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဗိုလ်ကိတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# သိမှတ်ဖွယ်ရာ စာပေနှင့်အနုပညာ မူပိုင်ခွင့်ဆိုင်ရာ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

သူငယ်ချင်းရေ ခုတစ်လောမှာ အစည်းအဝေး၊ ဆွေးနွေးပွဲတွေကျင်းပပြီး အပြောများနေကြတဲ့ မူပိုင်ခွင့် ဆိုတဲ့ ဝေါဟာရကို ငါစိတ်ဝင်စားနေလို့ ငါ့ကို ရှင်းပြစမ်းပါကွာ။

မူပိုင်ကို အဘိဓာန်ထဲမှာတော့ မူလတီထွင်ဖန်တီးသူ၏ ပိုင်ဆိုင်ခွင့်။ ယင်းပိုင်ဆိုင်ခွင့်ကို ရရှိသူလို့ ဖွင့်ဆိုထားတယ်ကွ။ လွယ်လွယ်လေးရှင်းအောင် ပြောရရင် ငါရေးထားတဲ့ ငါ့ဝတ္ထု၊ ငါ့ကဗျာဟာ ငါ့ရဲ့ မူပိုင်ခွင့်ပဲကွ။ ငါသေဆုံးသွားရင် ငါ့ဇနီး၊ ငါ့မိသားစုဟာ မူပိုင်ခွင့်ရရှိထားသူတွေပဲကွ။ သဘောကတော့ကွာ ဘာကိုပဲဖြစ်ဖြစ် ပထမဆုံး စတင်တီထွင်၊ ဖန်တီး၊ ရေးသား၊ ပြုစု၊ ထုတ်လုပ်သူတွေဟာ မူပိုင်ခွင့် ပိုင်ရှင်တွေပဲကွ။

အဲဒီမူပိုင်ခွင့်နဲ့ပတ်သက်ပြီးပြောရရင် တော်တော်ပဲ ကျယ်ပြန့်တယ်ကွ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ စာစောင်တွေ (တစ်နည်းအားဖြင့်) စာနယ်ဇင်းအသီးသီးမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာစတဲ့ စာမူတွေ၊ ပန်းချီသရုပ်ဖော်ပုံတွေ၊ ခေါင်းစီးစာသားတွေ အားလုံးကို မူလစာရေးဆရာ၊ ဆရာမ၊ ပန်းချီဒီဇိုင်း ဆရာတွေကသာ မူပိုင်ခွင့်ရှိကြတယ်။ လုံးချင်းစာအုပ်တွေလဲ အဲဒီအတိုင်းပဲ။ မူပိုင်ခွင့်ရှိသူတိုင်းဟာ သူတို့ရဲ့ စာမူ၊ စာအုပ်ကို အကုန်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အခြားတစ်ဦးဦးကို လွှဲပြောင်းရောင်းနိုင်တယ်။ မူပိုင်ခွင့် သက်တမ်းကတော့ မူပိုင်ရှင် ကွယ်လွန်ပြီး နှစ်ပေါင်း ၅၀ ထိ ရှိတယ်ကွ။

စာပေလောကမှာလိုပဲ ကုန်ပစ္စည်းလောကမှာလဲ မူပိုင်ခွင့်ရှိတယ်။ နာမည်ကြီးရောင်းအားကောင်းတဲ့ ကုန်ပစ္စည်းတွေကို ဖြတ်လမ်းက ကြီးပွားချင်ကြတဲ့ စီးပွားရေးအတ္တကြီးသူတွေ၊ ဝိသမလောဘသမားတွေက နာမည်ဆင်တူယိုးမှားလုပ်ပြီး ထုတ်လုပ်ရောင်းချနေကြတာကလဲ မူပိုင်ခွင့်ကို သွယ်ဝိုက်တဲ့နည်းနဲ့ ဖောက်ဖျက်ကျူးလွန် နေကြတာပေါ့ကွာ။ ဒါကြောင့် ကုန်အမှတ်တံဆိပ်တွေနဲ့ သတင်းစာတွေမှာ ကြော်ငြာနေကြရတာပေါ့။

အေး... အဲဒီကိစ္စကို ငါသိချင်နေတာကွ။ မူပိုင်ခွင့်ကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူအပြစ်ပေးတာတွေ ရှိရဲ့လားကွ။

ရှိတာပေါ့ကွာ။ ဒီအကြောင်းကိုပြောရမယ်ဆိုရင် မူပိုင်ခွင့်ဖြစ်ပေါ်လာတာကို လိုရင်းလောက်တော့ မင်းကို ရှင်းပြမှဖြစ်မယ်။ ငါလဲ တစ်ချိန်က တို့စာပေနှင့်စာနယ်ဇင်းအဖွဲ့နဲ့ ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့ကြီး- The World Intellectual Property Organization (WIPO) ပူးတွဲကျင်းပခဲ့တဲ့ အလုပ်ရုံဆွေးနွေးပွဲနဲ့ နှီးနှောဖလှယ်ပွဲကို တက်ရောက်လေ့လာခဲ့လို့ သိခဲ့ရတာကွ။

ပထမဆုံး မူပိုင်ခွင့်စနစ် ပေါ်ပေါက်လာတာက ၁၄၄၀ ပြည့်နှစ် ဝန်းကျင်ကပဲကွ။ လူတွေဟာ ဦးနှောက်အသိဉာဏ်ကိုသုံးပြီး ဖန်တီးထုတ်လုပ်နေကြလို့သာ ကမ္ဘာကြီးဟာ ခေတ်မီတိုးတက်နေတာကွ။ အဲဒီလို တိုးတက်လာအောင် ဖန်တီးထုတ်လုပ်နိုင်စွမ်းရှိမှုအစုစုကို ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်လို့ သတ်မှတ်ခေါ်ဆိုခဲ့ကြတယ်။ စက်မှုပိုင်း တီထွင်ဖန်တီးထုတ်လုပ်ထားမှုတွေ၊ စာပေနဲ့ အနုပညာဆိုင်ရာတွေ၊ အထိမ်းအမှတ် သင်္ကေတတွေ၊ အမည်နာမတွေ၊ ကုန်သွယ် ရေးလုပ်ငန်းရုပ်ပုံတွေအားလုံးဟာ မူပိုင်ခွင့်နဲ့ဆိုင်တယ်ကွ။

ဉာဏပစ္စည်း မူပိုင်ခွင့်မှာ အဓိကနှစ်မျိုးနှစ်စား ခွဲခြားထားတယ်။ ပထမတစ်မျိုးက စက်မှုလုပ်ငန်းဆိုင်ရာပစ္စည်း (Industrial Property) တွေပဲ။ စက်မှုနဲ့ပတ်သက်တဲ့ တီထွင်ဖန်တီးထုတ်လုပ်မှုတွေ၊ ကုန်သွယ်မှုအမှတ်တံဆိပ်တွေ၊ စက်မှုပုံစံဒီဇိုင်းတံဆိပ်တွေ၊ ပထဝီအညွှန်းပြထားတာတွေက စက်မှုဆိုင်ရာလုပ်ငန်းတွေနဲ့ဆိုင်တယ်။ အဲဒီ စက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်မှာပဲ (၁) တီထွင်မှု မူပိုင်ခွင့် (Patent)၊ (၂) စက်မှုဒီဇိုင်းမူပိုင်ခွင့် (Industrial De-sign) (၃) ကုန်သွယ်မှုအမှတ်တံဆိပ် (Trademark) ဆိုပြီး မူပိုင်ခွင့် သုံးမျိုးသတ်မှတ်ထားတယ်။

ဒုတိယတစ်မျိုးကတော့ စာပေနဲ့အနုပညာလက်ရာတွေ (Intellectual Property )ပဲကွ။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ရုပ်ရှင်ဇာတ်ကားတွေ၊ တေးသီချင်းစပ်ဆိုသီကုံးမှုတွေ၊ ရုပ်ပုံကားချပ်တွေ၊ ပန်းချီလက်ရာတွေ၊ ဓာတ်ပုံတွေ၊ ပန်းပုရုပ်တုတွေ၊ ဗိသုကာလက်ရာတွေနဲ့ဆိုင်တယ်။ အဲဒီမူပိုင်ခွင့်ထဲမှာ အနုပညာရှင်တွေရဲ့ သရုပ်ဆောင်မှုနဲ့ ကကြိုးကကွက်တွေ၊ တေးဂီတသံစဉ်တီးလုံးတွေကို ဖန်တီးထုတ်လုပ်သူတွေ၊ ရေဒီယိုနဲ့ ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေတဲ့ အစီအစဉ်တွေလဲ စပ်ဆိုင်တယ်လို့ ဆိုထားတယ်ကွ။

❖ မူပိုင်ခွင့်နဲ့ပတ်သက်ပြီးပြောရရင် တော်တော်ပဲ ကျယ်ပြန့်တယ်ကွ။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနဲ့ စာစောင်တွေ (တစ်နည်းအားဖြင့်) စာနယ်ဇင်းအသီးသီးမှာ ဖော်ပြခဲ့တဲ့ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာစတဲ့ စာမူတွေ၊ ပန်းချီသရုပ်ဖော်ပုံတွေ၊ ခေါင်းစီးစာသားတွေ အားလုံးကို မူလစာရေးဆရာ၊ ဆရာမ၊ ပန်းချီဒီဇိုင်း ဆရာတွေကသာ မူပိုင်ခွင့်ရှိကြတယ်။ လုံးချင်းစာအုပ်တွေလဲ အဲဒီအတိုင်းပဲ။ မူပိုင်ခွင့်ရှိသူတိုင်းဟာ သူတို့ရဲ့ စာမူ၊ စာအုပ်ကို အကုန်လုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အခြားတစ်ဦးဦးကို လွှဲပြောင်းရောင်းနိုင်တယ်။ မူပိုင်ခွင့်သက်တမ်းကတော့ မူပိုင်ရှင်ကွယ်လွန်ပြီး နှစ်ပေါင်း ၅၀ ထိ ရှိတယ်ကွ။ ❖

ဉာဏပစ္စည်းမူပိုင်ခွင့်မှာ (၁) ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် (Trademark)၊ (၂) စာပေအနုပညာမူပိုင်ခွင့် (Copy Right)၊ (၃) တီထွင်မှုမူပိုင်ခွင့် (Patent)နဲ့ (၄) စက်မှုလက်မှုဒီဇိုင်း (Industrial Design )ဆိုပြီး လေးမျိုးသတ်မှတ်ထားတယ်။

ဉာဏပစ္စည်းမူပိုင်ခွင့်ဟာ အခြားပစ္စည်းမူပိုင်ခွင့်တွေလိုပဲ တီထွင်ဖန်တီးသူ ဒါမှမဟုတ် ပိုင်ရှင်တွေလိုပဲ အကျိုးခံစားခွင့်ရှိတယ်။ အဲဒီလို အခွင့်အရေးနဲ့ ခံစားခွင့်ကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ပဋိညာဉ်စာတမ်း (၂၇)မှာ တရားဝင်ဖော်ပြထားတယ်။ စက်မှုလုပ်ငန်းဆိုင်ရာ တီထွင်မှုမူပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ ၁၈၈၃ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ပဲရစ်စာချုပ် နိုင်ငံတကာစာချုပ်က အကာအကွယ်ပေးခဲ့တယ်။ ၁၈၈၆ ခုနှစ်က ချုပ်ဆိုခဲ့တဲ့ ဘန်းနိုင်ငံတကာစာချုပ်က စာပေမူပိုင်ခွင့်နဲ့ အနုပညာလက်ရာများ တီထွင်ထုတ်လုပ်ထားမှုဆိုင်ရာ မူပိုင်ခွင့်တွေကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။

အဲဒီနောက်ပိုင်းမှာ နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတော့ ကမ္ဘာ့ဉာဏပစ္စည်းအဖွဲ့ကြီး The World Intellectual Property Organization (WIPO)(ဝိုက်ပို)ကို ၁၉၇၀ ပြည့်နှစ်မှာ စတင်ဖွဲ့စည်းခဲ့တယ်။ တို့မြန်မာနိုင်ငံက ၁၅-၅-၂၀၀၁ ရက်မှာ (WIPO) အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့တယ်။ အဲဒီနောက် World Trade Orga-nization (WTO)နဲ့ (WIPO)တို့ချုပ်ဆိုတဲ့ (Agreement On Trade Related Aspect of Intellectual Property Rights သဘောတူစာချုပ်အရ အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်တွေကို အကာအကွယ်ပေးဖို့ ဥပဒေတွေ ရေးဆွဲနေကြတယ်ကွ။ ဒါကြောင့် မူပိုင်ခွင့်အလုပ်ရုံ ဆွေးနွေးပွဲတွေနဲ့ နှီးနှောဖလှယ်ပွဲတွေကို ကျင်းပနေကြတာပေါ့ကွာ။

အဲဒီ မူပိုင်ခွင့်တွေနဲ့ပတ်သက်ပြီး အများဆုံး အသုံးပြုနေကြတာကတော့ ကုန်အမှတ်တံဆိပ် Trademark ပဲကွ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၈၂၊ ၄၈၃၊ ၄၈၅၊ ၄၈၆ တွေအရ ကုန်အမှတ်တံဆိပ်ကို တုပသုံးစွဲရင်ပြစ်မှုကြောင်းအရ အရေးယူနေကြသလို သီးခြားသက်သာခွင့်ဥပဒေအရ တရားမကြောင်းနဲ့ တားဝရမ်းထုတ်ပြီး နစ်နာကြေးတောင်းဆိုနိုင်တယ်။ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့် (Copy Right )နဲ့ ပတ်သက်လို့ကတော့ ၂၄-၂-၁၉၁၄ ရက်မှာ စတင်ပြဋ္ဌာန်းခဲ့တဲ့ ၁၉၁၄ ခုနှစ် မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေ (Myanmar Copyright Act, 1914) ကို ၂၄-၅-၂၀၁၉ ရက်က ရုပ်သိမ်းပယ်ဖျက်လိုက်ပြီး အဲဒီနေ့မှာ စာပေနှင့်အနုပညာမူပိုင်ခွင့် ဥပဒေအသစ်ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီး အသစ်ပြဋ္ဌာန်းလိုက်ပြီကွ။

၁၉၁၄ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ မူပိုင်ခွင့်အက်ဥပဒေ ပုဒ်မ (၇)(၈)နဲ့ (၁၀)တို့နဲ့ ပြစ်မှုထင်ရှားတွေ့ရှိရင် ကော်ပီတစ်ခုကို ငွေကျပ် ၂၀ ကနေ ၅၀၀ ထက်မပိုတဲ့ ဒဏ်ငွေချမှတ်နိုင်တယ်။ ဒုတိယအကြိမ် ထပ်မံကျူးလွန်ရင် အလုပ်မဲ့ထောင်ဒဏ် တစ်လထိ ဖြစ်စေ၊ ဒဏ်ငွေကျပ် ၁၀၀၀ ထိဖြစ်စေ၊ ပြစ်ဒဏ် နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်။ ပြစ်မှုကျူးလွန်ထားမှန်းသိနေတဲ့ပစ္စည်းတွေကို လက်ထဲမှာထားရှိရင် ဒဏ်ငွေကျပ် ၅၀၀ ထိ တပ်ရိုက်နိုင်တယ်။ မူပိုင်ခွင့်ချိုးဖောက်သူကို အပြစ်ပေးပေး၊ မပေးပေး ကျူးလွန်တဲ့ပစ္စည်းတွေကို သိမ်းဆည်းနိုင်တယ်။ ဖျက်ဆီးလို့ရသလို မူပိုင်ရှင်ကိုလဲ လွှဲပြောင်းပေးနိုင်တယ်။ ဒဏ်ငွေတွေနဲ့ ပြစ်ဒဏ်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၉ နှစ်ခန့်က ပြဋ္ဌာန်းခဲ့တာဆိုတော့ ဒီနေ့ခေတ်ကာလနဲ့ဆို တော်တော်ကွာနေတယ်ကွ။

ကွာနေတယ်ဆိုပေမဲ့ အဲဒီခေတ်ကာလက ရွှေနေနဲ့ တရားစရိတ်ငွေကို ၁၇ ကျပ်ကနေ ၃၄ ကျပ်ပဲ သတ်မှတ်ထားတယ်။ ၁၇ ကျပ်ဟာ ရွှေတစ်ကျပ်သားနဲ့ညီတယ်။ ၃၄ ကျပ်ဟာ ရွှေနှစ်ကျပ်သားနဲ့ ညီတယ်။ ဒါကြောင့် ဒဏ်ငွေကျပ် ၅၀၀ ဆိုရင် ရွှေ ၂၉ ကျပ်သားကျော်ရတယ်။ ဒဏ်ငွေကျပ် ၁၀၀၀ ဆိုရင် ၆၀ ကျပ်သားလောက်ရတယ်။ ဒါကြောင့် အခုဥပဒေအသစ်မှာ မူပိုင်ခွင့်ကျူးလွန်ကြောင်း ထင်ရှားရင် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်သိန်း ၃၀ ထက်မနည်းသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမယ်လို့ ပြဋ္ဌာန်းထားတယ်။ ဒါ့ပြင် မူပိုင်ခွင့်ဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက် အဆိုပါပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ထင်ရှားရင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမဲ့အပြင် ငွေကျပ်သိန်း ၁၀၀ ထက်မပိုသော ငွေဒဏ်လဲ ချမှတ်နိုင်တယ်လို့ ပြဋ္ဌာန်းထားတယ်ကွ။

မူပိုင်ခွင့်နဲ့ပတ်သက်လို့ ပြစ်မှုကြောင်းအရ တရားစွဲဆိုဖို့ ကာလစည်းကမ်း သတ်မှတ်ကာလ သတ်မှတ်ချက်မရှိပေမဲ့ တရားမကြောင်းအရ စွဲဆိုမယ်ဆိုရင် မူပိုင်ခွင့်ဖောက်ဖျက်တဲ့နေ့ကနေ သုံးနှစ်အတွင်း စွဲဆိုမှရတယ်ကွ။ ဒီနေရာမှာ စာပေမူပိုင်ခွင့်ဟာ ရှုပ်ထွေးမှုအများဆုံးပဲကွ။ စာအုပ်၊ စာပေ၊ စာတမ်း တစ်မျိုးမျိုးကို ရေးသားပြုစုသူဟာ အဲဒီစာပေရဲ့ ပထမဆုံးမူပိုင်ရှင်ပဲကွ။ ဒါပေမဲ့ အခစားအလုပ်သမားအဖြစ်၊ အလုပ်သင်အဖြစ် လုပ်ကိုင်နေရင်းက ရေးသားခဲ့တာဆိုရင် စာမူပိုင်ခွင့်ကို အလုပ်ရှင်က ရနိုင်တယ်။ အလုပ်ရှင်မရနိုင်တာက အယ်ဒီတာရဲ့ အတတ်ပညာနဲ့ ရေးသားထားတာမျိုးတွေကို မရနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် အယ်ဒီတာဆိုတာက အလုပ်သင်မဟုတ်ဘဲ စာပေပညာရှင်ဖြစ်နေလို့ပဲကွ။

အဲဒီနေရာမှာ တစ်ခုသတိထားကြရမှာက ကိုယ်ပိုင်လေ့လာဖို့၊ သုတေသနပြုလုပ်ဖို့၊ ဝေဖန်ဖို့ ဖြန့်ဝေတာတွေနဲ့ သတင်းစာမှာ အကျဉ်းချုပ်ဖော်ပြတာတွေဟာ မူပိုင်ခွင့်ကို ထိပါးတာမဟုတ်ဘူးလို့ ခြွင်းချက်ပေးထားတာပဲကွ ငါ သိနေ၊ မြင်နေ၊ ဖတ်ရှုနေရတာကတော့ စာအုပ်တစ်အုပ်လုံးကို ၏၊ သည်၊ ၍ လေးတွေပြောင်း၊ သံတူကြောင်းကွဲ ကူးရေးပြီး ထုတ်ဝေနေကြတာတွေဟာ မူပိုင်ခွင့်ချိုးဖောက်နေကြတာပဲကွ။ မင်းပြောသလို မူပိုင်ခွင့်ဥပဒေနဲ့သာ အရေးယူမယ်ဆိုရင် မင်းတို့စာပေလောကထဲမှာရှိတဲ့ စာကူး၊ စာပြောင်းတွေ တော်တော်များများဟာ အရှက်တကွဲ ကိုယ်ကျိုးနည်း ဖြစ်သွားကြမှာ သေချာတယ်ကွ။

ဒါကြောင့်လဲ ကွယ်လွန်သွားကြရှာတဲ့ စာပေပညာရှင်ကြီးတွေရဲ့ မိသားစုတွေက မူပိုင်ခွင့် ရှိတာကို ကြေညာနေကြသလို မူပိုင်ခွင့်ထိန်းသိမ်းရေးစောင့်ရှောက်ရေးကော်မတီကို ဖွဲ့စည်းထားကြတာပေါ့ကွာ။ စာရေးဆရာကြီး လင်းယုန်သစ်လွင်ရဲ့ စာမူထိန်းသိမ်းရေးကော်မတီ၊ ဆရာကြီး ပီမိုးနင်း၊ ဆရာကြီး ပါရဂူ၊ ဆရာဇော်ဂျီ၊ ဆရာမောင်ဆုရှင်စတဲ့ စာပေပညာရှင်ကြီးတွေရဲ့ စာမူထိန်းသိမ်းရေး ကော်မတီတွေ ရှိနေတာပေါ့ကွာ။ တေးသီချင်းမှာလဲ နာမည်ကြီး တေးဆို၊ တေးရေးတွေရဲ့ မူပိုင်ခွင့်ကို ကြေညာသတိပေးထားတယ်ကွ။ ဒါပေမဲ့ အချို့စာပေပညာရှင်ကြီးတွေရဲ့ စာမူတွေကိုတော့ အဆင့်ဆင့် ခိုးယူ၊ စာကူး၊ စာပြောင်းလုပ်ပြီး ထုတ်ဝေနေကြတာပဲကွ။ ဒါကလဲ မူပိုင်ရှင်တွေက မသိကြလို့ပါ။ သိကြရင်တော့ အရေးယူမှာပေါ့ကွာ။

အရေးယူတာတွေ ရှိသလားကွ။ ရှိရင် ပြောပြစမ်းပါအုံးကွာ။

ပန်းချီ မူပိုင်ခွင့်နဲ့ပတ်သက်လို့ ပန်းချီရောက သူ့နာမည်ကို အသုံးမပြုကြဖို့ မူပိုင်အဖြစ် ၁၉-၆-၁၉၈၄ ရက်မှာ ကြေးမုံသတင်းစာမှာ ကြေညာခဲ့သလို ပန်းချီမြင့်သိန်းကလဲ သူ့ရုပ်ပြကို သူမသိဘဲ ရုပ်ရှင်ရိုက်ကူလို့ ၁-၆-၁၉၈၄ ရက်ထုတ် ဗိုလ်တထောင်သတင်းစာမှာ ကြေညာခဲ့တယ်။ လုလင်ပန်းချီ မောင်ငြိမ်းချမ်းကလဲ ၆-၇-၁၉၈၄ ရက်ထုတ် ကြေးမုံသတင်းစာမှာ တားမြစ်ကြေညာချက်ထုတ်ပြန်ခဲ့သလို ပန်းချီစိန်မြင့်ကလဲ သူ့ရုပ်ပြဇာတ်ဆောင် နေမင်းအုပ်ကို သူ့မူပိုင်အဖြစ် ၈-၁-၁၉၈၅ ရက်ထုတ် ကြေးမုံသတင်းစာမှ ကြေညာခဲ့တယ်။

အဲဒီလိုပဲ ဗဟိုတရားရုံးက စီရင်ဆုံးဖြတ်ခဲ့တဲ့ ကုန်အမှတ်တံဆိပ် (Trademark) အမှုမှာလဲ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၅၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဝက်လက် နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၅၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဝက်လက်မြို့နယ်တွင် ဂျုံဧကေ ၂၄၅၅၇ ကေစိုက်ပျိုးရန် လျာထားပြီး ဂျုံစိုက်ပျိုးမှုကို အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၈၇၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဝက်လက်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဂျုံဧကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဂျုံအထွက်တိုးဖို့ မျိုး ကောင်းမျိုးသန့်တွေ သုံးစွဲဖို့၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ ကိုလဲ ဆောင်ရွက်ပေးနေပါတယ်" ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဂျုံစိုက်ပျိုးရာသီတွင် လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

John Walker & Son's Co;Ltd Vs U Than Shwe 1968 B.L.R (CC) P.T3 မှာ သူတစ်ပါးရဲ့တံဆိပ်နဲ့တူပေမဲ့ ကွဲပြားတဲ့ ကုန်အမျိုးအစားဆိုရင် သုံးစွဲခွင့်ရှိတယ်။ မူရင်းက ဝီစကီအဖြစ် အသုံးပြုထားတဲ့ ဂျော်နီဝါကား တံဆိပ်ကို အခြားသူက သွေးဆေးအဖြစ် အသုံးပြုလို့ရတယ်လို့ ဆုံးဖြတ်ထားတယ်ကွ။ ဆိုလိုတာကကွာ နာမည်ကြီးနေတဲ့ ပုဆိုးကုန်အမှတ်တံဆိပ်ကို အတုခိုးပြီး ပုဆိုးအသစ်ဆို ကြော်ငြာရောင်းချနေကြရင်တော့ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ကို ချိုးဖောက်တာပဲကွ။ နာမည်ကြီးကေသီပန် သွေးပုပ်ချဆေးရဲ့ နာမည်ကိုယူပြီး သွေးသန့်ဆေးရယ်လို့ ကြေညာရောင်းချရင်လဲ မူပိုင်ခွင့်ကို ချိုးဖောက်တာပဲကွ။

မူပိုင်ခွင့်ပြဿနာက တော်တော်ကျယ်ပြန့်တာပဲနော်။ ထိထိရောက်ရောက်သာ အရေးယူလိုက်ကြရင်တော့ မူပိုင်ခွင့်ချိုးဖောက်မှုတွေ တော်တော်ပဲ ပေါ်ပေါက်လာမှာပဲကွ။

ဒါကြောင့်လဲ မှတ်ပုံတင်ရုံးမှာ မူပိုင်ခွင့်မှတ်ပုံတင်ပြီး ကြေညာနေကြတာပေါ့ကွာ။ မူပိုင်ခွင့်ရဲ့ အကျိုးကျေးဇူးက မူလအစစ်အမှန်အတွက် တန်ဖိုးတက်ပြီး စံချိန်စံညွှန်းမီ အရည်အသွေးကောင်းတွေကို ထုတ်လုပ်နိုင်သလို အသုံးပြုသူတိုင်းအတွက်လဲ ကောင်းကျိုးကိုသာခံစားကြရတယ်။ အဓိကအနေနဲ့ မူပိုင်ကုန်အမှတ်တံဆိပ်ရှိတဲ့ ကုန်ပစ္စည်းကိုသုံးစွဲကြရင် ဝန်ဆောင်မှုကို စိတ်ချလက်ချ လက်ခံသုံးစွဲနိုင်ကြတယ်။ ပုံတူကူးထားတာတွေ၊ ဆင်တူယိုးမှား အတုအပတွေကိုလဲ တားဆီးကာကွယ်နိုင်တယ်။ မူပိုင်ခွင့်ဟာ ဖန်တီးသူနဲ့ ခံစားသူနှစ်ဦးနှစ်ဝ အကျိုးမျှစေတဲ့ အမှန်အကန် အပြန်အလှန် တုံ့ပြန်ကျေးဇူးပြုမှုဆိုရင် မမှားဘူးကွ။

အေး... ဟုတ်တယ်ကွ။ အတုအပတွေ၊ စာကူးစာပြောင်းတွေ၊ ဆင်တူယိုးမှား သူခိုးတက်ပြားတွေရဲ့ ရန်စွယ်အန္တရာယ်က ကြိုတင်ကာကွယ်ကြဖို့အတွက် ကိုယ်ခံလက်နက်ကောင်းဟာ မူပိုင်ခွင့်ဆိုတာ ငါနားလည်သွားပါပြီကွာ။ ငါနောက်ဆုံးအနေနဲ့ အကြံညာဏ်ပေးချင်တာ တစ်ခုရှိတယ်ကွ။

ဘာအကြံညာဏ်လဲကွ။

မင်းတို့စာရေးဆရာ၊ ဆရာမတွေ စာပေဟောပြောကြတဲ့နေရာမှာလဲ တစ်ဦးဟောပြီးသားကို တစ်ဦးက လိုက်ဟောပြောနေကြတော့ စာချစ်သူတွေ နားထောင်ရတာ ထပ်နေလို့ ရိုးအီလာတာပေါ့ကွာ။ ဒီတော့ကာ ဟောပြောပွဲ မူပိုင်ခွင့်ထားကြဖို့ လိုနေပြီကွ။

မင်းပြောတာကိုငါလဲလက်ခံတယ်ကွ။ အခုပြဋ္ဌာန်းခဲ့တဲ့ဥပဒေအသစ်၊ အခန်း(၈) အကာအကွယ်ပေးရမဲ့ မူပိုင်ခွင့်ထဲမှာ ပြောကြားချက်၊ ပို့ချချက်၊ မိန့်ခွန်း၊ ဓမ္မဟောကြားချက်နဲ့ အခြားဟောပြောချက်တွေ ပါလာပြီကွ။ ငါ သိပ်သဘောကျတယ်ကွာ။

**ကိုးကား**

- **စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ(အသစ်)၊**
- **WIPOနှင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဉာဏပစ္စည်းဆိုတာဘာလဲနှင့် ဉာဏပိုင်းဆိုင်ရာပစ္စည်း (၂)အုပ်၊**
- **ဦးမောင်မောင်ဝင်း၏ စာနယ်ဇင်းသမားတို့ သိဖွယ်ဥပဒေ။**

# မြတ်သောမြန်မာ

- မြတ်ဗုဒ္ဓါ သာသနာထွန်း
ဒီပါကျွန်း မြန်မာ့မြေ၊
ရဟန်းရှင် သံဃာများ
ထွန်းကားပါပေ၊
ဂုဏ်မညှိုးသည့် မြန်မာတွေ
ကုသိုလ်အမွေ သယ်ပိုးလှ၊
နေ့စဉ်ဝယ် ကောင်းမှုထပ်
မွန်မြတ်ဒါန။

- လင်းအရုဏ် နံနက်ခင်း
ဆွမ်းလောင်းခြင်း ပြုလုပ်သာ၊
ကျက်သရေ မင်္ဂလာတိုး
ဖွံ့ဖြိုးသာယာ၊
ရပ်ရွာမြို့ သန့်ရှင်းကာ
စံပြစရာ ဓလေ့ထုံး၊
တာဝန်တွေ ကိုယ်စီထမ်း
လန်းဆန်းလို့ပြုံး။

- ညီနောင်တွေ စိတ်နှလုံး
အားခွန်သုံး ရှေ့သို့ချီ၊
တို့မြန်မာ တိုးတက်ရေး
တွေးရှုကြမည်၊
အနာဂတ် မြန်မာပြည်
ပန်းတိုင်ဆီ အတူတူသွား၊
စည်းလုံးကာ လက်ချင်းတွဲ
ဆင်နွှဲစို့လား။

- ရွှေမြန်မာ တိုင်းရင်းသား
နောင်ညီများ ကြိုးစားမယ်၊
တို့နိုင်ငံ စည်းကမ်းကောင်း
စုပေါင်းရွက်သယ်၊
ကမ္ဘာ့ထိုး ကမ္ဘာ့အလယ်
လှတင့်တယ် ဂုဏ်ရောင်ဖွေး၊
ထိန်းသိမ်းမည် မြန်မာ့အစွမ်းဖြင့်
မှတ်တမ်းလှရေး။ ။

**မောင်စစ်သွေး**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

á မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ပဋိပက္ခအဆုံးသတ်နိုင်ရေးအဆိုပြုချက်အရ ဆုံးရှုံးနယ်မြေများကို ယူကရိန်း စွန့်လွှတ်ရနိုင်

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

ရုရှားနိုင်ငံနှင့် ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံက ရေးဆွဲပေးထားသော သဘောတူညီချက်မူဘောင်ကို လက်ခံရန် အမေရိကန်အစိုးရက ယူကရိန်းသမ္မတ ဇီလန်စကီးကို တိုက်တွန်းထားကြောင်း RT သတင်းဌာနက နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်အစိုးရ သတင်းအရင်းအမြစ်များ၏ အဆိုအရ အဆိုပါ ယူကရိန်းပဋိပက္ခ အဆုံးသတ်ရေး သဘောတူညီချက်မူဘောင်သစ်တွင် ယူကရိန်းအနေဖြင့် ပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် နယ်မြေများနှင့် အချို့လက်နက်များကို စွန့်လွှတ်ပေးရန် အဆိုပြုထားကြောင်း သိရသည်။

ထို့ပြင် အမေရိန်ကန်နိုင်ငံ၏ သဘောတူညီချက် မူဘောင်သစ်တွင် ယူကရိန်းလက်နက်ကိုင်တပ်များ၏ အင်အားကို လျှော့ချရန်လည်း အဆိုပြုထားကြောင်း သတင်း အရင်းအမြစ်များက ပြောကြားထားသည်။

အဆိုပါ အဓိကအချက်များကို ယူကရိန်းအစိုးရ အနေဖြင့် လိုက်လျောပေးရန် အမေရိကန်အစိုးရက ဆန္ဒရှိနေကြောင်း သတင်းအရင်းအမြစ်များ၏ အဆိုအရ သိရသည်။

ရုရှားတပ်များက ယူကရိန်း အရှေ့ပိုင်း၌ နယ်မြေများ ပိုမိုသိမ်းယူလာချိန်တွင် အမေရိကန်အစိုးရ၏ အဆိုပြုချက်များမှာ ယူကရိန်းနိုင်ငံအတွက် အကြီးအကျယ် ဆုံးဖြတ်ရခက်သည့် အဆိုပြုချက်များဖြစ်လာနိုင်သည်။

အမေရိကန်အစိုးရ အနေဖြင့် ယူကရိန်းပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် ဖြစ်နိုင်ခြေရှိသည့် သဘောတရားမှန်သမျှကို ရှာဖွေမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ချက်သမ္မတနိုင်ငံ၌ ရထားနှစ်စီးဝင်တိုက်မှုဖြစ်ပွား အနည်းဆုံး လူ ၅၅ ဦး ဒဏ်ရာရရှိ

**ပရက် နိုဝင်ဘာ ၂၀**

ချက်သမ္မတနိုင်ငံ၌ ယနေ့တွင် ခရီးသည်တင်ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၅၅ ဦး ဒဏ်ရာများရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါရထားနှစ်စီး ဝင်တိုက်မှုအတွင်း ဒဏ်ရာရရှိခဲ့သူများ အနက် ငါးဦးမှာ ဒဏ်ရာပြင်းထန်ပြီး ကျန်ဦးရေ ၄၀ တို့မှာ အသေးစားဒဏ်ရာများရခဲ့ကြောင်း ချက် တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ရထားနှစ်စီး ဝင်တိုက်မှုဖြစ်စဉ်သည် ပရက်မြို့တောင်ဘက် ၁၃၂ ကီလိုမီတာခန့်အကွာ ဘိုဟီမီးယန်းဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ရထားနှစ်စီးဝင်တိုက်မှု နောက်ခံအကြောင်းရင်းကို ချက် တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက် လိုက်ပါလာသူ ခရီးသည်အားလုံးကို ကယ်ဆယ်ရေး သမားများက ဘေးလွတ်ရာသို့ ခေါ်ထုတ်နိုင်ခဲ့သည်။

ရထား မတော်တဆမှုတွင် ပါဝင်သည့် ရထားနှစ်စီးအနက် တစ်စီးမှာ ရပ်တန့်ရမည့်အချက်ပြမီးကို ကျော်ဖြတ်ခဲ့ဖွယ်ရှိကြောင်း ချက် တာဝန်ရှိသူများက ယူဆထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ လုဗ်ပြတိုက်၌ လုံခြုံရေးကင်မရာ အလုံး ၁၀၀ ထပ်မံတပ်ဆင်မည်



**ပဲရစ် နိုဝင်ဘာ ၂၀**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ကမ္ဘာကျော် လုဗ်အနုပညာပြတိုက်သည် ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြင်ပလုံခြုံရေးကင်မရာ အလုံး ၁၀၀ ထပ်မံတပ်ဆင်ရန် စီစဉ်ထားကြောင်း လုဗ်ပြတိုက်တာဝန်ရှိသူများက နိုဝင်ဘာ ၁၉ ရက်က ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အောက်တိုဘာလအတွင်းက လုဗ်ပြတိုက်ကို ဖောက်ထွင်းသမားအဖွဲ့ တစ်ဖွဲ့က အတင့်ရဲစွာ ဖောက်ထွင်းဝင်ရောက်၍ အဖိုးတန်နန်းစဉ်ရတနာများ ခိုးယူသွားခဲ့ပြီးနောက် ပြတိုက်အတွက် ပြင်ပလုံခြုံရေး ကင်မရာအလုံး ၁၀၀ တပ်ဆင်ရန် ပြတိုက်တာဝန်ရှိသူများက စီစဉ်ထားခြင်းဖြစ်သည်။

အောက်တိုဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သည့် အဆိုပါလုဗ်ပြတိုက် ဖောက်ထွင်းမှုတွင် ဖောက်ထွင်းသမားများက အမေရိကန်ဒေါ်လာ ၁၀၂ သန်းတန်ဖိုးရှိ နန်းစဉ်ရတနာရှစ်မျိုးကို ခိုးယူသွားခဲ့သည်။

လက်ရှိအချိန်တွင် ပြင်သစ်အာဏာပိုင်များသည် လုဗ်ပြတိုက်ဖောက်ထွင်းမှုတွင် ပါဝင်ကြောင်း ယူဆရသူ လေးဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

သို့ရာတွင် ပြင်သစ်တာဝန်ရှိသူများအနေဖြင့် ဖောက်ထွင်းသမားများခိုးယူထားသော နန်းစဉ်ရတနာရှစ်မျိုးကို ပြန်လည်ရယူနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ကမ္ဘာကျော် အနုပညာလက်ရာများ၊ အဖိုးတန် ရှေးဟောင်းပစ္စည်းများနှင့် နန်းစဉ်ရတနာများ ပြသထားသည့် လုဗ်ပြတိုက်သည် ကမ္ဘာပေါ်၌ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု အများဆုံး ပြတိုက်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ကွန်ဂိုနိုင်ငံ၌ ခရီးသည်ဦးရေ ၁၂၀ တင်လာသည့် ရေယာဉ်တိမ်းမှောက် ၅၆ ဦးကယ်တင်နိုင်ခဲ့ပြီး ၆၄ ဦး ပျောက်ဆုံးနေ

**ကင်ရှာဆာ နိုဝင်ဘာ ၂၀**

ကွန်ဂိုနိုင်ငံအလယ်ပိုင်း၌ မြစ်တွင်းသွား ခရီးသည်တင်ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ လူ ၆၄ ဦး ပျောက်ဆုံးနေကြောင်း ကွန်ဂိုအာဏာပိုင်များက နိုဝင်ဘာ ၁၉ ရက်တွင် ပြောကြားခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးသည်တင်ရေယာဉ်သည် ကာဆိုင်းပြည်နယ် ဆန်ကူရူမြစ်ဝ၌ နိုဝင်ဘာ ၁၇ ရက်တွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဆန်ကူရူမြစ်ဝသည် ပြင်းထန်သည့် ရေစီးအားနှင့် ရေဝဲကတော့များကြောင့် အန္တရာယ်များသည့် နေရာတစ်ခုဖြစ်သည်။

ဆန်ကူရူမြစ်ဝ၌ တိမ်းမှောက်ခဲ့သော ရေယာဉ်ပေါ်တွင် ခရီးသည်ဦးရေ ၁၂၀ လိုက်ပါလာပြီး ၅၆ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ကွန်ဂိုတာဝန်ရှိသူများက ပြောကြားထားသည်။

ရေယာဉ် နစ်မြုပ်မှုအတွင်း ပျောက်ဆုံးနေသူ ၆၄ ဦးကို ရှာဖွေကယ်ဆယ်ရေး သမားများနှင့် ဒေသခံများက ရှာဖွေနေကြဆဲဖြစ်ကြောင်း ကွန်ဂိုတာဝန်သူများ၏ အဆိုအရ သိရသည်။

ပြည်တွင်းခရီးစဉ်များ အတွက် ရေလမ်းခရီးကို အဓိက အားပြုနေရသော ကွန်ဂိုနိုင်ငံ၌ လူအသေအပျောက်များသည့် ရေယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



# အစ္စရေး၏လေကြောင်းတိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်၌ ပါလက်စတိုင်း ၂၅ ဦးသေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

အစ္စရေးတပ်မတော်သည် နိုဝင်ဘာ ၁၉ ရက်က ဂါဇာကမ်းမြောင်ဒေသ၌ လေကြောင်းတိုက်ခိုက်မှု လေးကြိမ်ပြုလုပ်ခဲ့ရာ အနည်းဆုံး ပါလက်စတိုင်းလူမျိုး ၂၅ ဦး သေဆုံးခဲ့ရကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရက်သတ္တခြောက်ပတ် နီးပါးကြာမြင့်နေပြီဖြစ်သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဟားမတ်စ် လက်နက်ကိုင်များက ချိုးဖောက်ခဲ့မှုကြောင့် ဂါဇာဒေသရှိ ဟားမတ်စ်ပစ်မှတ်များကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

ဟားမတ်စ် လက်နက်ကိုင်များ အနေဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်၍ အစ္စရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော်က စွပ်စွဲထားကြောင်း သိရသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စု တို့ကြား အပြန်အလှန်တိုက်ခိုက်မှုများ အကြိမ်ကြိမ်ဖြစ်ပွားနေမှုကြောင့် အမေရိကန်နိုင်ငံ၏ ကြားဝင်မှုဖြင့်ရယူထားသည့် ဂါဇာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပျက်ပြားမည့်အရေး စိုးရိမ်ရကြောင်း လေ့လာသူများက သတိပေးထားသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အချက် ၂၀ ပါ ဂါဇာငြိမ်းချမ်းရေးအစီအစဉ် ပထမအဆင့်အရ နှစ်နှစ်ကျော်ကြာ ဂါဇပဋိပက္ခကို အပစ်အခတ်ရပ်စဲရေးဖြင့် ယခုနှစ် အောက်တိုဘာတွင် စတင်ရပ်စဲထားကြောင်း သိရသည်။

သို့ရာတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရယူခဲ့ပြီးနောက် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်ဒေသ၌ ပါလက်စတိုင်း ၃၀၅ ဦး သေဆုံးခဲ့ရကြောင်း ဂါဇာကျန်းမာရေး တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုတစ်စင်း၏ ဦးတည်ရာကို အေအိုင်နည်းပညာဖြင့် ပထမဆုံးအကြိမ် ထိန်းချုပ်နိုင်ခဲ့



**ဘာလင် နိုဝင်ဘာ ၂၀**

ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုတစ်စင်း၏ဦးတည်ရာကို ဉာဏ်ရည်တုနည်းပညာ (အေအိုင်)ကို အသုံးပြု၍ သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ထိန်းချုပ်နိုင်ခဲ့ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ပုံမှန်အားဖြင့် ကမ္ဘာပတ်လမ်းပေါ်ရှိ ဂြိုဟ်တုများ၏ဦးတည်ရာကိုထိန်းညှိရာတွင် မြေပြင်ထိန်းချုပ်ရေးစခန်း၏ညွှန်ကြားမှုသို့မဟုတ် ပရိုဂရမ်ရေးဆွဲထားသော ဆော့ဖ်ဝဲတို့ဖြင့် ထိန်းညှိလေ့ရှိကြောင်း သိရသည်။

သို့ရာတွင် ဂျာမနီသိပ္ပံပညာရှင်များကမူ ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် အေအိုင်နည်းပညာကိုသုံး၍ ဂြိုဟ်တုတစ်စင်း၏ ဦးတည်ရာကို ထိန်းချုပ်နိုင်ခဲ့သည်။

အဆိုပါစမ်းသပ်မှုတွင် ဂျာမနီသိပ္ပံပညာရှင်များသည် ဂြိုဟ်တု၏ ဦးတည်ရာကို လူသားတို့၏အကူအညီမပါဘဲ ထိန်းကျောင်းနိုင်သော အေအိုင် နည်းပညာတစ်မျိုးကို အသုံးပြုခဲ့ကြသည်။

ဂျာမနီသိပ္ပံပညာရှင်များအနေဖြင့် အထက်ပါအေအိုင်နည်းပညာဖြင့် အင်နိုကျူအမည်ရှိ ဂြိုဟ်တုငယ်တစ်စင်း၏ ဦးတည်ရာကို ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အေအိုင် နည်းပညာသည် လက်တွေ့အခြေအနေအောက်တွင်လည်း တိကျသည့် အလိုအလျောက်ထိန်းကျောင်းမှုမျိုးပြုလုပ်နိုင်သည်ကို တွေ့ရကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က စကြဝဠာ၏ ပထမမျိုးဆက်ကြယ်များကို ရှာဖွေတွေ့ရှိထား


**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် Big Bang ခေါ်သော ပေါက်ကွဲမှုကြီးဖြစ်ပွားခဲ့ပြီး မကြာမီပေါ်ထွက်လာသည့် စကြဝဠာပထမမျိုးဆက် ကြယ်များကို ရှာဖွေတွေ့ရှိထားကြောင်း နိုဝင်ဘာ၁၉ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

စကြဝဠာ၏ ပထမမျိုးဆက်ကြယ်များအဖြစ် ယူဆရသည့် ကြယ်များကို ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က LAP1-B အမည်ရှိ ကြယ်စုတစ်ခုအတွင်း တွေ့ရှိထားခြင်းဖြစ်သည်။

LAP1-B ကြယ်စုသည် Big Bang ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နှစ်ပေါင်း သန်း ၈၀၀ အကြာတွင် ပေါ်ထွက်လာသည့် ကြယ်စုဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ LAP1-B ကြယ်စုအတွင်းရှိ ကြယ်များသည် စကြဝဠာ၏ ပထမမျိုးဆက်ကြယ်များ ဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက သုံးသပ်ထားသည်။



LAP1-B ကြယ်စုမှာ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၁၃ ဘီလီယံကွာဝေးသည်ဖြစ်ရာ ဂျိမ်းစ်ဝက်ဘ် အာကာသ ရေဒီယိုတယ်လီစကုပ်ကဲ့သို့ အာရုံခံစွမ်းရည်လွန်စွာမြင့်မားသော တယ်လီစကုပ်မျိုးကသာ လေ့လာနိုင်သည့်ကြယ်စုဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံအကုန်အကျခံတည်ဆောက်ထားသော ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နေ့ပိုင်းကာလ ဒုံးပျံလွှတ်တင်မှုပိတ်ပင်ချက်ကို အက်ဖ်အေအေ ရုပ်သိမ်း

**ဝါရှင်တန် နိုဝင်ဘာ ၂၀**

နေ့ပိုင်းကာလ အာကာသဒုံးပျံယာဉ်များ လွှတ်တင်မှု ပိတ်ပင်ရေး ညွှန်ကြားချက်ကို အမေရိကန်အစိုးရ ဖက်ဒရယ်လေကြောင်းပျံသန်းမှု စီမံအုပ်ချုပ်ရေးဗျူရို (အက်ဖ်အေအေ)က ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း နိုဝင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသုံးစရိတ်ပြဿနာကြောင့် အမေရိကန်အစိုးရလုပ်ငန်းယန္တရားများရပ်ထားရချိန်တွင် လေကြောင်းလမ်း ထိန်းချုပ်ရေးဝန်ထမ်းများ ဖိအားနည်းပါးစေရေးအတွက် နေ့ပိုင်းကာလ အာကာသဒုံးပျံယာဉ်များလွှတ်တင်မှုကို အက်ဖ်အေအေက နိုဝင်ဘာ ၁ ရက်တွင် စတင်ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် အထက်ပါပိတ်ပင်ချက်ကို နိုဝင်ဘာ ၁၉ ရက်တွင် ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း အက်ဖ်အေအေက သတင်းထုတ်ပြန်ထားသည်။

အက်ဖ်အေအေ၏ နေ့ကာလ အာကာသဒုံးပျံယာဉ်များ လွှတ်တင်မှုပိတ်ပင်ချက်သည် အာကာသ မစ်ရှင်များ အများဆုံးလွှတ်တင်နေသော စပေ့စ်အိတ်ကုမ္ပဏီအပေါ် အကျိုးသက်ရောက်မှုရှိခဲ့သည်။

သီတင်းနှစ်ပတ်ကျော် ကြာမြင့်ခဲ့သည့် ပိတ်ပင်ချက်ကာလအတွင်း စပေ့စ်အိတ်စ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင် သုံးခုနှင့် စန်တီနယ်-၆ ဘီ ဂြိုဟ်တုမစ်ရှင်တို့ကိုသာ လွှတ်တင်နိုင်ခဲ့သည်။

သို့ရာတွင် အက်ဖ်အေအေသည် ဘလူးအော်ရီဂျင်ကုမ္ပဏီ၏ New Glenn ဒုံးပျံမစ်ရှင်ကို ခြွင်းချက်အဖြစ် နိုဝင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းက လွှတ်တင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## GLP-1 အုပ်စုဝင် ထိုးဆေးသုံးစွဲသူများ ဆေးသုံးစွဲမှုရပ်တန့်ပြီး တစ်နှစ်အတွင်း ကိုယ်အလေးချိန် ပြန်တက်လာနိုင်

**နယူးယောက် နိုဝင်ဘာ ၂၀**

ကိုယ်အလေးချိန် လျှော့ချရေး GLP-1 ထိုးဆေးများ သုံးစွဲနေသူများအနက် ထက်ဝက်ကျော်တို့မှာ ဆေးသုံးစွဲမှု ရပ်တန့်ပြီးနောက် တစ်နှစ်အတွင်း ကိုယ်အလေးချိန် ပြန်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ပြင်ပလောက လက်တွေ့လေ့လာမှုများအရ GLP-1 အုပ်စုဝင် ဆေးသုံးစွဲသူများသည် ဆေးသုံးစွဲမှုရပ်ခဲ့ပါက တစ်နှစ်အတွင်း ကိုယ်အလေးချိန် ပြန်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ နယူးယောက်တက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သော ဆေးပညာစမ်းသပ်မှု ရလဒ်များတွင်လည်း GLP-1အုပ်စုဝင်ထိုးဆေးများသည် သုံးစွဲမှုရပ်ခဲ့ပါက သုံးစွဲမှုအများစုတွင် ကိုယ်အလေးချိန် ပြန်တက်လာတတ်ကြောင်း ဖော်ထုတ်တင်ပြထားပြီးဖြစ်သည်။

လေ့လာချက်မှာ ပေါ်ထွက်လာသည့်ရလဒ်များအရ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲသူများအနက် ၅၈ ရာခိုင်နှုန်းမှာ ဆေးသုံးစွဲမှုရပ်တန့်လိုက်ချိန်တွင် တစ်နှစ်အတွင်း ကိုယ်အလေးချိန် ပြန်တက်လာသည်ကို တွေ့ရကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

## အဆီတစ်ရှူး ပင်မဆဲလ်များက ကျောရိုးကျိုးအက်မှုများကို ကုသနိုင်ဖွယ်ရှိ

**တိုကျို နိုဝင်ဘာ ၂၀**

ကိုယ်ခန္ဓာအဆီဓာတ်မှ ထုတ်ယူရရှိသည့် အဆီတစ်ရှူးပင်မဆဲလ်များသည် ကျောရိုးကျိုးအက်မှုများကို ကုသပေးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ နိုဝင်ဘာ ၁၉ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

ဂျပန်နိုင်ငံ အိုဆာကာပက်ထရိ ပိုလီတန်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အဆီတစ်ရှူးမှ ရရှိသော ပင်မဆဲလ်များသည် အရိုးပွရောဂါလူနာများ၌ ဖြစ်ပွားတတ်သော အရိုးကျိုးပဲ့မှုများကို ကုသပြင်ဆင်ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အဆိုပါ အဆီတစ်ရှူးပင်မဆဲလ်ကုထုံးကို ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ရာ ကျောရိုးကျိုးအက်မှုများ ပျောက်ကင်းသက်သာသွားသည်ကို တွေ့ရကြောင်း ဂျပန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ဂျပန်သုတေသနပညာရှင်များအနေဖြင့် ၎င်းကုထုံး၏ထိရောက်မှုနှင့် ဘေးကင်းလုံခြုံမှုတို့ကို အတည်ပြုနိုင်ရေးအတွက် လူသားလူနာများဖြင့် လက်တွေ့စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန်လိုအပ်နေကြောင်း သိရသည်။

ကြွက်များဖြင့်ပြုလုပ်ခဲ့သည့် စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အဆီတစ်ရှူးပင်မဆဲလ်ကုထုံးသည် အရိုးရောဂါများအတွက် ကုထုံးသစ်ဖြစ်လာနိုင်ကြောင်း ဂျပန်သုတေသနပညာရှင်များက မျှော်လင့်ထားထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# ဘာစီလိုနာအသင်းသမိုင်းတစ်လျှောက် အကောင်းဆုံးကစားသမား ၂၅ ဦးစာရင်း၌ တိုက်စစ်မှူးမက်ဆီ ထိပ်ဆုံးတွင်ရပ်တည်

**ဘာစီလိုနာ နိုဝင်ဘာ ၂၀**

ဘာစီလိုနာအသင်းက ထုတ်ပြန်ခဲ့သည့် သမိုင်းတစ်လျှောက် အကောင်းဆုံးကစားသမား ၂၅ ဦး စာရင်းတွင် တိုက်စစ်မှူး မက်ဆီက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း SI သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။




အဆိုပါကစားသမားစာရင်းတွင် တိုက်စစ်မှူးမက်ဆီက အဆင့်(၁)၊ ကွင်းလယ်ကစားသမား အင်နီယေစတာက အဆင့်(၂)၊ တိုက်စစ်မှူး ရော်နယ်ဒင်ဟိုက အဆင့်(၃)၊ ကွင်းလယ်ကစားသမား ဇာဗီက အဆင့်(၄)၊ တိုက်စစ်မှူး ဂျိုဟန် ခရိုက်က အဆင့်(၅)၊ ခံစစ်ကစားသမား ပူယိုးလ်က အဆင့်(၆)၊ ကွင်းလယ်ကစားသမား ဆာဂျီယို ဘက်စ်ကွက်က အဆင့်(၇)၊ တိုက်စစ်မှူး ဆွာရက်ဇ်က အဆင့်(၈)၊ တိုက်စစ်မှူး ရော်နယ်ကိုးမန်းက အဆင့်(၉)၊ တိုက်စစ်မှူး ကူဘာလာက အဆင့်(၁၀)တွင် ရပ်တည်လျက်ရှိသည်။

ထို့နောက် တိုက်စစ်မှူး ဆီဆာ ရိုဒရီကွက်ဇ်က အဆင့်(၁၁)၊ တိုက်စစ်မှူး ရိုနယ်ဒိုက အဆင့်(၁၂)၊ ဟရစ်တိုက အဆင့်(၁၃)၊ တိုက်စစ်မှူး အီတိုးက အဆင့်(၁၄)၊ တိုက်စစ်မှူး ရီဗာဒိုက အဆင့်(၁၅)၊ တိုက်စစ်မှူး နေမာက အဆင့်(၁၆)၊ မာရာဒိုနာက အဆင့်(၁၇)၊ ပက်ဂွါဒီယိုလာက အဆင့်(၁၈)၊ မိုက်ကယ် လောဒရပ်က အဆင့်(၁၉)၊ ဂိုးသမား ဇူဘီဇာရီတာက အဆင့်(၂၀)၊ လူးဝစ်ဆွာရက်ဇ်က အဆင့်(၂၁)၊ ဒန်နီအဲလ်ဗက်စ်က အဆင့်(၂၂)၊ ကားလက်ရီရှက်က အဆင့်(၂၃)၊ ရိုမာရီယိုကအဆင့်(၂၄)၊ ပီကေးက အဆင့်(၂၅)တွင် အသီးသီး ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကစားသမားများ၏ စွမ်းဆောင်ရည်နှင့် တစ်ဦးချင်း သွင်းဂိုးများကြောင့် ဘာစီလိုနာအသင်းသည် အဓိကဆုဖလားဖြစ်သည့် လာလီဂါဆုဖလား ၂၈ ကြိမ်နှင့် ချန်ပီယံလိဂ်ဆုဖလား ငါးကြိမ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Ref : SI

Trs : ML

# အာဆင်နယ်အသင်း ခံစစ်ကစားသမား ဂါဘရီရယ် တစ်လခန့်အနားယူရမည်

**လန်ဒန် နိုဝင်ဘာ ၂၀**

နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ဘရာဇီးနိုင်ငံကိုယ်စားပြုသွားရောက်ကစားခဲ့သည့် ခံစစ်ကစားသမား ဂါဘရီရယ်သည် ဒဏ်ရာကြောင့် အနည်းဆုံးတစ်လခန့် အနားယူရမည်ဖြစ်ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါဘရီရယ်သည်နိုဝင်ဘာ ၁၅ရက်က ကစားခဲ့သည့် ဆီနီဂေါအသင်းနှင့် ခြေစမ်းပွဲစဉ်တွင် ဒုတိယပိုင်း ပွဲကစားချိန်၌ ကြွက်သားဒဏ်ရာ ရရှိခဲ့သောကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး ဒဏ်ရာပြင်းထန်မှုကြောင့် ဘရာဇီးအသင်းက အာဆင်နယ်အသင်းသို့ ပြန်လည်စေလွှတ်ခဲ့သည်။

အာဆင်နယ်အသင်းသို့ရောက်ရှိချိန်တွင် အသင်းဆေးအဖွဲ့က လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ အနည်းဆုံး တစ်လခန့် အနားယူရမည်ဖြစ်ပြီး ဒဏ်ရာကို ဂရုမစိုက်နိုင်ပါက ပိုမိုအနားယူရမည်ဖြစ်ကြောင်း ဆေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၂၇ နှစ်ရှိ ကစားသမားသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲနှင့် ချန်ပီယံလိဂ် ပြိုင်ပွဲတို့တွင် ပြိုင်ပွဲတိုင်းကစားခွင့် ရထားပြီး နည်းပြ အာတီတာ၏ လက်အောက်တွင် အဓိက ကစားသမားတစ်ဦး ဖြစ်နေသောကြောင့် ၎င်းပါဝင်နိုင်ခြင်းမရှိသည့် အသင်းအတွက် ထိုးနှက်ချက်ဖြစ်နေကြောင်း သိရသည်။ Ref : Espn

Trs : ML



# မန်ယူအသင်းက မက်ဂွိုင်းယား၏နေရာတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ဂူဟီနှင့်အစားထိုးရန်ပြင်ဆင်

**မန်ချက်စတာ နိုဝင်ဘာ ၂၀**

မန်ယူအသင်းက ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ခံစစ်ကစားသမား မက်ဂွိုင်းယား၏ နေရာတွင် ခရစ္စတယ်ပဲလေ့စ်အသင်းမှ ခံစစ်ကစားသမား ဂူဟီနှင့် ပြန်လည် အစားထိုးရန်ပစ်မှတ်ထားနေကြောင်း The Mirror သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းနှင့် မက်ဂွိုင်းယားတို့ စာချုပ်သက်တမ်းမှာ ယခုနှစ် ဘောလုံးရာသီအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မက်ဂွိုင်းယားက သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း မန်ယူအသင်းက သက်တမ်းတိုးစာချုပ် ချုပ်ရန် အစီအစဉ်မရှိဘဲ ရာသီအကုန်တွင် အလွတ် ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်သွားဖွယ် ရှိကြောင်း သိရသည်။

မက်ဂွိုင်းယားသည် ၂၀၁၉ ခုနှစ်က လက်စတာအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး နောက်ပိုင်းနှစ်များတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသောကြောင့် မန်ယူအသင်းက ရာသီအကုန်တွင်အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်လွှတ်ရန် ဆုံးဖြတ်ထားခြင်းဖြစ်သည်။

မန်ယူအသင်းက ဂူဟီကို အလွတ် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်မည့် အခွင့်အရေးရှိနေသည့်အတွက် မက်ဂွိုင်းယား၏ နေရာတွင် အစားထိုးရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဂူဟီကို မန်ယူအသင်းအပြင် လီဗာပူးအသင်း၊ ဘာစီလိုနာအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကလည်း ခေါ်ယူရန်ပစ်မှတ်ထားနေကြောင်း သိရသည်။

Ref : The Mirror

Trs : STA

## အားကစားသတင်းအတိုအထွာများ

- နိုင်ငံတကာပြိုင်ပွဲကာလအတွင်း ဘရာဇီးအသင်းကိုယ်စားပြုပါဝင်ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်အသင်း ခံစစ်ကစားသမား မီလီတာအိုသည် တူနီးရှားအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် နှစ်ပတ်ခန့်အနားယူရမည်ဖြစ်ကြောင်း ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။
- မန်ယူအသင်းက ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် အယ်ဟိုင်လာအသင်းမှ ရူဘင်နီဗက်ကို ပြောင်းရွှေ့ကြေး ယူရို သန်း ၂၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းမှ တောင်ပံ ခံစစ်ကစားသမား ကူကူရယ်လာကို အေတီကိုအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။
- ဇန်နဝါရီ အပြောင်းအရွှေ့တွင် ဂိုးသမားတာစတီဂန်ကို ခေါ်ယူရန် ဘက်ဆစ်တက်အသင်းက ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။ ML

# Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီအသင်းက ဩစတြီးယားအသင်းကို အနိုင်ရရှိ

**ဘိုလော့ဂ်နာ နိုဝင်ဘာ ၂၀**

အီတလီနိုင်ငံ ဘိုလော့ဂ်နာမြို့တွင် ကျင်းပနေသည့် Davis Cup တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် အီတလီအသင်းနှင့် ဩစတြီးယားအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက (၂-၀)ရလဒ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း Ubi Tennis သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။




တစ်ဦးချင်း ပွဲစဉ်(၁)အနေဖြင့် အီတလီအသင်းမှ ဘာရက်တီနီနှင့် ဩစတြီးယားအသင်းမှ ရိုဒီယိုနေ့ဗ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရက်တီနီက(၆-၃၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး အီတလီအသင်းက (၁-၀) ရလဒ်ဖြင့် ဦးဆောင်ခွင့်ရခဲ့သည်။

တစ်ဦးချင်း ပွဲစဉ်(၂)အနေဖြင့် အီတလီအသင်းမှ ကိုဘိုလီနှင့် ဩစတြီးယားအသင်းမှ မီဆိုလစ်တို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုဘိုလီက (၆-၁၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရခဲ့၍ နှစ်ယောက်တွဲပွဲစဉ်ကို ယှဉ်ပြိုင်ကစားရန်မလိုတော့ဘဲ(၂-၀) ရလဒ်ဖြင့် အီတလီအသင်းက ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့သည်။

အီတလီအသင်းတွင် နာမည်ကြီးတင်းနစ်ကစားသမား နှစ်ဦးဖြစ်သည့် ဂျန်နစ်ခ်ဆင်နာနှင့် မူဆက်တီတို့ ဒဏ်ရာပြဿနာကြောင့် အသင်း၏ လူစာရင်းမှ နုတ်ထွက်သွားခဲ့သော်လည်း ဘာရက်တီနီနှင့် ကိုဘိုလီတို့က အကောင်းဆုံးလက်စွမ်းပြခဲ့ကြသည်။

အီတလီ အသင်းခေါင်းဆောင် ဖိလစ်ပိုက "ဘာရက်တီနီဟာ အတွေ့အကြုံရှိတဲ့ ကစားသမားတစ်ဦးပီပီ အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးသွားခဲ့တယ်။ ဂျန်နစ်ခ်ဆင်နာနဲ့ မူဆက်တီတို့ ဒဏ်ရာကြောင့် အသင်းအတွက် မကစားပေးနိုင်တဲ့အချိန် အသင်းရဲ့အခက်အခဲကို လက်ရှိအသင်းရဲ့ စာရင်းမှာပါလာတဲ့ ကစားသမားတိုင်းက အကောင်းဆုံး ဖြေရှင်းပေးနိုင်ခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Ubi Tennis

Trs : AZL

# ၂၀၂၅ ခုနှစ် အာဖရိကတစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်းမှ ဟာကီမီ ဆွတ်ခူး



ပဲရစ် နိုဝင်ဘာ ၂၀

၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို မော်ရိုကိုအသင်းနှင့် ပီအက်စ်ဂျီအသင်း ခံစစ်ကစားသမား ဟာကီမီက ဆွတ်ခူးခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် နောက်ဆုံးဆန်ခါတင် ကစားသမားစာရင်းတွင် ဟာကီမီသည် အီဂျစ်အသင်းနှင့် လီဗာပူးအသင်း တိုက်စစ်ကစားသမား ဆာလာဟ်၊ နိုင်ဂျီးရီးယားအသင်းနှင့် ဂါလာတာစာရေးအသင်း တိုက်စစ်ကစားသမား အိုစီမန်တို့နှင့်အတူ ပါဝင်ခဲ့ပြီး ပြိုင်ဘက်ကစားသမားများကို ကျော်ဖြတ်ကာ ၂၀၂၅ ခုနှစ် အာဖရိက တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဟာကီမီသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး ချန်ပီယံလိဂ်ဖလား၊ ပြင်သစ်လီဂူးဖလား၊ ပြင်သစ်ကိုပါဒယ်ရေးဖလားတို့ကို ဆွတ်ခူးခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

အလားတူ ဟာကီမီသည်မော်ရိုကိုအသင်းတွင်လည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ကာ မော်ရိုကိုအသင်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲကို တိုက်ရိုက်အောင်မြင်ခဲ့ရာတွင် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ဒဏ်ရာမှသက်သာလာခဲ့သည့် မိုနာကိုအသင်းမှ ပေါ့ဂ်ဘာ လာမည့် ရင်းနက်စ်အသင်းနှင့် ပွဲစဉ်တွင်ပါဝင်မည်

ပဲရစ် နိုဝင်ဘာ ၂၀

မိုနာကိုအသင်း ကွင်းလယ်ကစားသမားပေါ့ဂ်ဘာသည် ခြေချင်းဝတ်ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့သည့်အတွက် လာမည့် ရင်းနက်စ်အသင်းနှင့်ပွဲစဉ်တွင် ပါဝင်ကစားနိုင်မည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပေါ့ဂ်ဘာသည် ဂျူဗင်တပ်အသင်းတွင်ကစားစဉ်က တားမြစ်ဆေးသုံးစွဲသည့်အမှုဖြင့် ကာလရှည်ပွဲပယ်ပြစ်ဒဏ် ကျနေရသူဖြစ်ပြီး ပြီးခဲ့သည့်မတ်လက ပြစ်ဒဏ်မှ ကင်းလွတ်ခွင့် ရခဲ့သော်လည်း ဂျူဗင်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲခဲ့ပြီးနောက် ကာလရှည် ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

ပေါ့ဂ်ဘာသည် ကာလရှည် ကလပ် အသင်းလက်မဲ့ဖြစ်ခဲ့ပြီးနောက် ပြီးခဲ့သည့် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက မိုနာကိုအသင်းထံ ပြောင်းရွှေ့ကစားခဲ့သော်လည်း ရာသီမစတင်မီ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် ကာလရှည် ထပ်မံအနားယူနေခဲ့ရသူဖြစ်သည်။

ပေါ့ဂ်ဘာသည် တားမြစ်ဆေးသုံးစွဲမှုနှင့်အတူ ဒဏ်ရာပြဿနာများကြောင့် ဘောလုံးပွဲစဉ်များနှင့် ၂၆ လကြာကင်းကွာခဲ့ပြီး လာမည့် ရင်းနက်စ်အသင်းနှင့် ပွဲစဉ်တွင် မိုနာကိုအသင်း ကစားသမားဘဝ ပထမဆုံးပွဲစဉ်အဖြစ် ပြန်လည်ပါဝင် ကစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



# ဂျမေကာအသင်းနည်းပြရာထူးမှ နည်းပြမက္ကလာရင် နုတ်ထွက်မည်

ကင်စတန် နိုဝင်ဘာ ၂၀

ဂျမေကာအသင်း နည်းပြမက္ကလာရင်သည် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ကစားခဲ့သည့် ကျူရာကာအိုအသင်းနှင့် ပွဲစဉ်တွင်ရှုံးနိမ့်ခဲ့ပြီးနောက် အသင်းနည်းပြရာထူးမှ နုတ်ထွက်သွားမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျမေကာအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲ (ကွန်ကာကပ်ဇုန်) အုပ်စု(B)တွင် ကျူရာကာအိုအသင်း၊ ထရီနီဒက်နှင့် တိုဘာဂိုအသင်း၊ ဘာမြူဒါအသင်းတို့နှင့်တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန်ရေပန်းစားခဲ့သော်လည်း အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု ဒုတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သောကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည့် အခွင့်အရေးနှင့် လွဲချော်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

နည်းပြ မက္ကလာရင်သည် ပြီးခဲ့သည့်နှစ်က မန်ယူအသင်း နည်းပြအဖွဲ့မှ နုတ်ထွက်ခဲ့ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလက ဂျမေကာအသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲစုံ ၂၂ ပွဲတွင် ၁၀ ပွဲ အနိုင်၊ ငါးပွဲ သရေ၊ ခြောက်ပွဲ ရှုံးရလဒ်သာရရှိအောင် စွမ်းဆောင်ခဲ့ပြီးနောက် ကျူရာကာအိုအသင်းနှင့် ပွဲစဉ်အပြီး သတင်းစာ ရှင်းလင်းပွဲတွင် အသင်းနည်းပြရာထူးမှ နုတ်ထွက်သွားမည်ဟု အတည်ပြုခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : STA

# ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရသည့် အသင်း ၄၂ သင်းထိ ထွက်ပေါ်လာပြီး လက်ကျန်နေရာအတွက် ခြောက်သင်းသာကျန်ရှိ

ဝါရှင်တန် နိုဝင်ဘာ ၂၀

အမေရိကန်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ မက္ကဆီကိုနိုင်ငံတို့က သုံးနိုင်ငံပူးတွဲအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဝင်ခွင့်ရရှိသည့်အသင်း ၄၂ သင်းထိ ထွက်ပေါ်လာခဲ့ပြီး လက်ကျန်နေရာအတွက် ခြောက်သင်းသာ ကျန်ရှိတော့သည်ဟု One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိသည့် အသင်းများအဖြစ် အိမ်ရှင်အသင်းများ ဖြစ်သည့် အမေရိကန်အသင်း၊ မက္ကဆီကိုအသင်း၊ ကနေဒါအသင်း၊ ဥရောပဇုန်မှ အင်္ဂလန်အသင်း၊ ပြင်သစ်အသင်း၊ ခရိုအေးရှားအသင်း၊ ပေါ်တူဂီအသင်း၊ နယ်သာလန်အသင်း၊ ဂျာမနီအသင်း၊ နော်ဝေအသင်း၊ ဘယ်လ်ဂျီယံအသင်း၊ စပိန်အသင်း၊ ဆွစ်ဇာလန်အသင်း၊ ဩစတြီးယားအသင်း၊ စကော့တလန်အသင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။

တောင်အမေရိကဇုန်မှ အာဂျင်တီနားအသင်း၊ ဘရာဇီးအသင်း၊ အီကွေဒေါအသင်း၊ ပါရာဂွေးအသင်း၊ ကိုလံဘီယာအသင်း၊ ဥရုဂွေးအသင်း၊ အာဖရိကဇုန်မှ မော်ရိုကိုအသင်း၊ တူနီးရှားအသင်း၊ အီဂျစ်အသင်း၊ အယ်လ်ဂျီးရီးယားအသင်း၊ ဂါနာအသင်း၊ ကိတ်ဗာဒီအသင်း၊ တောင်အာဖရိကအသင်း၊ အိုင်ဗရီကို့စ်အသင်း၊ ဆီနီဂေါအသင်း၊ ကွန်ကာကပ်ဇုန်မှ ဟေတီအသင်း၊ ကျူရာကာအိုအသင်း၊ ပနားမားအသင်းတို့ပါဝင်ခဲ့သည်။

အာရှဇုန်မှ ဂျပန်အသင်း၊ အီရန်အသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ တောင်ကိုရီးယားအသင်း၊ ဂျော်ဒန်အသင်း၊ ဩစတြေးလျအသင်း၊ ကာတာအသင်း၊ ဆော်ဒီအာရေဗျအသင်း၊ သမုဒ္ဒရာပိုင်းဇုန်မှ နယူးဇီလန်အသင်းတို့ အသီးသီး ဝင်ခွင့်ရရှိထားကြောင်း သိရသည်။

Ref : One Football

Trs : STA

# IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ရီယက်စ်နှင့် လန်းဒိုင်းတို့ ယှဉ်ပြိုင်မည်

နယူးဂျာစီ နိုဝင်ဘာ ၂၀

IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် မက္ကဆီကိုလက်ဝှေ့သမား ရီယက်စ်နှင့် တောင်အာဖရိက လက်ဝှေ့သမား လန်းဒိုင်းတို့ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင် ဒီဇင်ဘာ ၁၃ ရက်၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း IBF အဖွဲ့ချုပ်ကထုတ်ပြန်သွားခဲ့သည်ဟု Ring Magazine က ယနေ့တွင် ဖော်ပြခဲ့သည်။




ရီယက်စ်သည် ရှုံးပွဲမရှိသည့် လက်ဝှေ့သမားတစ်ဦး ဖြစ်ပြီး လန်းဒိုင်းက ရှုံးပွဲတစ်ပွဲသာရှိသည့် လက်ဝှေ့သမားဖြစ်ကာ လစ်လပ်နေသည့် IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ နေရာအတွက် ယှဉ်ပြိုင်ထိုးသတ်ခွင့်ရထားသူများဖြစ်သည်။

လက်ရှိချန်ပီယံဖြစ်သူ ဂျပန်လက်ဝှေ့သမား နာကာတာနီသည် စူပါဘင်တန်ဝိတ်တန်းသို့ ပြောင်းရွှေ့ထိုးသတ်မည်ဖြစ်သောကြောင့် ၎င်းပိုင်ဆိုင်ထားသော IBF၊ WBC ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်များကို လက်လွှတ်လိုက်ပြီဖြစ်သည်။

IBF အဖွဲ့ချုပ်က "IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ နာကာတာနီဟာ စူပါဘင်တန်ဝိတ်တန်းကို ပြောင်းရွှေ့ထိုးသတ်ဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် သူပိုင်ဆိုင်ထားတဲ့ လက်ရှိချန်ပီယံဆုကို လက်လွှတ်လိုက်ပြီဖြစ်ပါတယ်။ ဒါကြောင့် လစ်လပ်နေတဲ့ IBF ဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ထိုးသတ်ခွင့်ရရှိထားတဲ့ ရီယက်စ်နဲ့ လန်းဒိုင်းတို့ လာမဲ့ ဒီဇင်ဘာ ၁၃ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်သွားမှာ ဖြစ်ကြောင်း ထုတ်ပြန် ကြေညာအပ်ပါတယ်" ဟု ထုတ်ပြန်သွားခဲ့ကြောင်း သိရသည်။

Ref : Ring Magazine

Trs : AZL

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

အာကာမောင်မောင်

နွယ်မြက်သစ်ပင် ဆေးဖက်ဝင်ဟူသော စကားကို ငယ်ငယ်ကလေးကတည်းက ကြားသိခဲ့ရသည်။ ကျေးလက်တောရွာတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဆရာဝန်၊ သူနာပြု မရှိပေ။ ထိခိုက်ဒဏ်ရာ တစ်ခုခုရရှိခဲ့လျှင် ကုက္ကိုရွက်ကို ပွတ်ခြေကာအရည်ညှစ်ပြီး ဒဏ်ရာပေါ်လောင်းထည့်ခြင်း၊ ပိန်းရိုးကို အရည်ညှစ်၍ထည့်ခြင်းဖြင့် ဒဏ်ရာပျောက်ကင်းသည်မျိုးကြုံခဲ့သည်။ အပင်မှန်သမျှသည် ဆေးဖက်ဝင်ကြောင်းကို ငယ်ငယ်ကတည်းက သိရှိခဲ့သည်။

ကြီးပြင်းလာသောအခါ စာပေများဖတ်ရှုရင်းမှ သိမြင်လာရသည်မှာ ဆရာဇီဝကနှင့် ပတ်သက်၍ စာတွေ့ သိရှိလာခြင်းမျိုးဖြစ်သည်။ ဆရာဇီဝကဟုဆိုလိုက်သည်နှင့် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်း၏ စိတ်ဆင်းရဲခြင်းသောကကို ပြေပျောက်စေရန်အတွက် မြတ်စွာဘုရားရှေ့တော်သို့ခေါ်သွားခြင်းအကြောင်းသည် လူသိများသည်။ ဆရာဇီဝကသည် ဆေးပညာသင်ကြားနေစဉ် တစ်နေ့တွင် ဤသို့သောအကြုံဖြစ်ခဲ့သည်။

"ခုနစ်နှစ်တိုင်တိုင် ဆေးပညာရပ်များ သင်ယူနေသောငါသည် ဤဆေးအတတ်၏ အဆုံးသည် ဘယ်မှာ ထင်ပါအံ့နည်း" ဟူသော အကြံဖြစ်ပေါ်ခဲ့သည်။ ထို့ကြောင့်ဆရာဖြစ်သူက ဇီဝကအား "တူးရွင်းကိုယူ၍ ဤတက္ကသိုလ်ပြည်၏ထက်ဝန်းကျင်မှ တစ်ယူဇနာ(ရှစ်မိုင်ခန့်) ဝေးသောအရပ်ကိုလှည့်လည်၍ တစ်စုံတစ်ခုသော အကြင်ဆေးဖက်မဝင်သောသစ်ပင်ကို မြင်ရာ၏။ ထိုဆေးဖက်မဝင်သော သစ်ပင်ကိုယူဆောင်ခဲ့"ဟု စေခိုင်းခဲ့သည်။ ဆရာဇီဝကအနေဖြင့် သွားရောက်ရှာဖွေပါသော်လည်း ဆေးဖက်မဝင်သောသစ်ပင် တစ်ပင်မျှ မတွေ့ရှိခဲ့ပေ။

ထို့ကြောင့် ဆန်းထွန်း(မန်းတက္ကသိုလ်)၏ "ဖိုးသုည မရှိ"ဟူသော ဆောင်းပါးတစ်ပုဒ်တွင် "မန္တရားမန္တန်မဖြစ်သော အက္ခရာမရှိ၊ **ဆေးဖက်မဝင်သော အပင်အမြစ်မရှိ၊** အသုံးမကျ ဖိုးသုညဖြစ်သူ မရှိ၊ အသုံးချတတ်သူကား ရှာမှုရှားလေ၏" ဟု ရေးသားထားသည်။ ဤနေရာတွင် ဆေးဖက်မဝင်သော အပင်အမြစ်မရှိဟူသောစကား၏အဓိပ္ပာယ်ကို ရှင်းလင်းအောင်ဆိုရလျှင် အသုံးမကျဘူးဟုထင်ရသော သစ်ပင်သစ်မြစ်များလည်း သူ့နေရာနှင့်သူ ဆေးဖက်ဝင်သည်။ ဥပမာ- ဥယျာဉ်ခြံမြေလုပ်ရာ၌ သစ်ပင်၊ ပန်းပင်များစွာ အနှောင့်အယှက်ပေး၍ ရှင်းလင်းရန်မလွယ်ကူသော သမန်းဖောင်းကားမြက်များသည် မီးယပ်ဆေးဖော်ရာ၌ အလွန်အသုံးကျသည်။

အထက်အညာဒေသတွင် ဆူးလေပင်ဟူသော အပင်တစ်မျိုးရှိသည်။ ထိုဆူးလေပင်ကား ဆူးပင်ဖြစ်၍ အလွန်စူးတတ်သည်။ ခရီးလမ်းကြောင်း၌ များစွာအနှောင့်အယှက်ဖြစ်တတ်သည်။ ဆူးလေဆူး စူးလျှင် မသက်မသာ နာနာကျင်ကျင်ခံရသည်။ အလကားအပင်၊ အသုံးမကျသောအပင်ဟု ထင်ကြသည်။ သို့သော် မီးယပ်ဆေးဖော်ရာ၌ အလွန်အသုံးကျသည်။ ထို့ပြင် ကြက်ဆူပင်အမြစ်သည်လည်း တစ်စုံတစ်ရာ အသုံးကျမည်မဟုတ်ဟုထင်ရသည်။ အနှစ် မရှိသော ကြက်ဆူပင် ဟုဆိုကြသည်။ အမှန်တကယ်အားဖြင့် ကြက်ဆူပင်၏အမြစ်ကို မီးယပ်ဆေးဖော်ရာ၌အသုံးချနိုင်သည်။

"ကိုယ်ဝန်လှုပ်ခြင်းကြောင့် ထိပါးခြင်း၊ အရည်ယိုခြင်း၊ ကိုယ်ဝန်ထိုးကျင့်တို့ကို ပေးရာသော ဆေးကား သမန်းဖောင်းကားမြစ်၊ ကြက်ဆူမြစ်၊ ဆူးလေမြစ် သုံးပါးကို နွားနို့နှင့်ချက်၊ သကာပြက်စားစေ၊ သို့မဟုတ် ပိတ်ချင်းဆန်၊ ဒီစုတ်၊ ဖာလာ၊ နွားမြေရင်း၊ လက်ထုတ်ကြီးခေါက် ငါးပါးအမျှ ရေနွေးနှင့်တိုက်"ဟူ၍ (ဓာတုဝိဘာဂဒီပနီ၊ ၃- မီးယပ်ပိုင်း)တွင် ဖော်ပြထားသည်။ ဤသည်ကို လေ့လာသိရှိခြင်းအားဖြင့် သစ်ပင်သစ်တောများသည် လူသားတို့အတွက်အကျိုးပြုလျက်ရှိကြောင်း သိရှိရသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံအနှံ့အပြား၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပကာ သစ်ပင်များကို စိုက်ပျိုးလျက်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသာယာစိုပြည်လှပလာမည်ဖြစ်သည်။ ထို့အတူ ရှေးကဘိုးဘွားများ စိုက်ပျိုးပေးထားသည့် သစ်ပင်သစ်တောများကိုလည်း ဆက်လက်ထိန်းသိမ်းကြရမည်ဖြစ်သည်။ သစ်ပင်သစ်တောများကို ကြည့်ရသည်မှာ စိတ်တွင် လန်းဆန်းမှုကိုဖြစ်စေသည်။ လမ်းတစ်လျှောက် ဘေးဝဲယာတွင် သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည်ကပင် သာယာလှပနေသည့်မြင်ကွင်းများကို မြင်ရခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ပုဒ်များ သတ်မှတ်ပေးထားရာတွင် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသောဆောင်ပုဒ်သည်လည်း တစ်ခုပါဝင်သည်။ သဘာဝပတ်ဝန်းကျင် ဆိုသည်နှင့် မိမိတို့နေအိမ်အဆောက်အအုံအတွင်းမှ ထွက်လိုက်သည်နှင့်သဘာဝပတ်ဝန်းကျင်ပင်ဖြစ်သည်။ လမ်းတစ်လျှောက် အမှိုက်များကင်းစင်နေအောင် ဆောင်ရွက်နေခြင်းမှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြစ်သည်။ ပန်းအလှပင်များ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားခြင်းမှာလည်း သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းခြင်းဖြစ်သည်။ လူအများ ရောင်းဝယ်ဖောက်ကားနေသည့် ဈေးအတွင်းသို့ဝင်လိုက်သည်နှင့် ဈေးဝယ်သူတို့ စိတ်နှလုံးကို ရွှင်ပြုံးနိုင်လောက်အောင် သန့်ရှင်းသပ်ရပ်နေသည့် ဈေးရုံမြင်ကွင်းမျိုး တွေ့မြင်ရခြင်းမှာလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြစ်သည်။

ယနေ့ခေတ်သည် တိုးတက်မှုမြန်ဆန်လာသည်နှင့်အမျှ လူသားတို့သည်လည်း သန့်ရှင်းမှုကို ပိုမိုမြတ်နိုးလာကြသည်။ တစ်ကိုယ်ရည်သန့်ရှင်းရေးကို ဂရုစိုက်လာကြသလို သန့်ရှင်းသောစားသောက်ဆိုင်မျိုးကိုနှစ်သက်လာကြသည်။ ထို့အတူ စာသင်ကျောင်းများမှာလည်း ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုတစိုက် ဆောင်ရွက်လာကြပြီဖြစ်သည်။ လူတိုင်းအတွက် ရေ၊ မီး၊ မိလ္လာအသုံးပြုမှုမှာလည်း သန့်ရှင်းမှုကိုလိုလာနေကြပြီဖြစ်သည်။ ဆိုလိုချင်သည်မှာ လူတိုင်းသည် သဘာဝပတ်ဝန်းကျင်သန့်ရှင်း သာယာလှပခြင်းကို နှစ်သက်လာကြပြီဖြစ်သည်။ ထိုသို့နှစ်သက်လာကြသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကြရမည်ဖြစ်သည်။

စည်းကမ်းရှိမှ တိုးတက်မည်ဟူသောစကားသည် လွန်စွာမှန်ကန်သည်။ တိုးတက်ကြီးပွားသူတိုင်းမှာ စည်းစနစ်ကျနသည်။ စည်းကမ်းကိုလိုက်နာကြသည်။ မိမိတို့နေထိုင်သည့် အိုးအိမ်တိုက်တာများကို သန့်ရှင်းအောင် ပြုလုပ်နေထိုင်ကြသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသာယာလှပအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်း၊ သာယာခြင်း၊ မသာယာခြင်းတို့မှာ လူသားတို့၏ လုပ်ဆောင်မှုအပေါ်တွင် မူတည်သည်။

**❖ မိမိတို့နေထိုင်သည့် အိုးအိမ်တိုက်တာများကို သန့်ရှင်းအောင် ပြုလုပ်နေထိုင်ကြသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း သန့်ရှင်းသာယာလှပအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ သန့်ရှင်းခြင်း၊ မသန့်ရှင်းခြင်း၊ သာယာခြင်း၊ မသာယာခြင်းတို့မှာ လူသားတို့၏ လုပ်ဆောင်မှုအပေါ်တွင် မူတည်သည်။ သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုသည် ဆက်စပ်မှုရှိသည်။ ဥတုရာသီတောကိုမှီ ဆိုသည့်အတိုင်း သစ်ပင်သစ်တောများပြားလာခြင်းမှာလည်း ရာသီဥတုကောင်းမွန်ခြင်းကို အထောက်အကူပြုနေသည်။ ❖**

သဘာဝပတ်ဝန်းကျင်နှင့် ရာသီဥတုသည် ဆက်စပ်မှုရှိသည်။ ဥတုရာသီတောကိုမှီ ဆိုသည့်အတိုင်း သစ်ပင်သစ်တော များပြားလာခြင်းမှာလည်း ရာသီဥတုကောင်းမွန်ခြင်းကိုအထောက်အကူပြုနေသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းမှာ နိုင်ငံသားတိုင်းလုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခု သို့မဟုတ် ဝတ္တရားတစ်ခုဖြစ်သည်။ ထိုကိစ္စသည် အရေးပါသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၉၀ တွင် "နိုင်ငံသားတိုင်းသည် အောက်ဖော်ပြပါကိစ္စရပ်များတွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်။ ပုဒ်မခွဲ(ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း"ဟူ၍ ဖော်ပြထားသည်။ ကမ္ဘာပေါ်တွင်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု လျော့နည်းလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများပြားလာခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းမှာ နောင်လာမည့်မျိုးဆက်များအတွက် အမွေကောင်းပေးခြင်းဖြစ်သည်။ နိုင်ငံတော်အနေဖြင့် သစ်တောနှင့်ပတ်သက်၍ ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်၊ လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန်၊ ပြည်သူလူထု၏လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေရာနားနေမှု အစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် မူဝါဒများချမှတ်ထားသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားရာတွင် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့်နိုင်ငံတော်၏မူဝါဒနှင့်အညီ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် နိုင်ငံတစ်ဝန်း မြို့ပြများနှင့် ရပ်ရွာ၊ ကျေးလက်ဒေသအသီးသီးတွင် သစ်ပင်သစ်တောများ၊ စိမ်းလန်းစိုပြည်သည့် သစ်တောမြေယာရှုခင်း (LANDSCAPE)များ၊ အစိမ်းရောင်ဇရိယာ (GREEN SPACE) များကို စဉ်ဆက်မပြတ်တိုးမြှင့်စိုက်ပျိုးတည်ထောင်ရေး အလေးထားဆောင်ရွက်ပေးကြရန်၊ လူတိုင်းလူတိုင်း၊ အိမ်ထောင်စုတိုင်း၊ ကျေးရွာ၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးကြရေးစည်းရုံးဆောင်ရွက်ကြရန်၊ ယခုကဲ့သို့ အချိန်၊ လူအင်အားနှင့်ငွေကုန်ကြေးကျခံပြီး စိုက်ပျိုးထားသည့် အပင်များကို တစ်ပင်စိုက်တစ်ပင်ရှင်ဖြင့် အားလုံးရှင်သန်အောင် ဝိုင်းဝန်းထိန်းသိမ်းပြုစုသွားကြရန်၊ နိုင်ငံတစ်ဝန်း သစ်ပင်သစ်တောများ စနစ်တကျစိုက်ပျိုးထိန်းသိမ်းစီမံအုပ်ချုပ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း"ဖြင့် ပြောကြားခဲ့ပြီး နိုင်ငံတော်အကြီးအကဲသည် ခရေပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။ အဆိုပါနေ့က သစ်ပင်စိုက်ပျိုးပွဲတွင် အရောင်အသွေးစုံလင်ပြီး ရနံ့မွှေးပျံ့သောပန်းများပွင့်သည့် အရိပ်ရသစ်မျိုး ၁၈ မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြသည်။

"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုသည့် နိုင်ငံတော်၏မူဝါဒနှင့်အညီ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုကောင်းမွန်စေရေး စသည့်ရည်ရွယ်ချက်ကောင်းများနှင့်နိုင်ငံတော်ဦးဆောင်ပြီး ပြည်သူလူထုပူးပေါင်းပါဝင်မှုနှင့်သစ်ပင်စိုက်ပျိုးပွဲတော်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေးအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ ကမ်းရိုးတန်းဒီရေတောများ ဘက်စုံစီမံအုပ်ချုပ်ခြင်းစီမံကိန်း စသည့် စီမံကိန်းများကို ရည်မှန်းချက်များနှင့်အညီ ဆောင် ရွက်လျက်ရှိသည်။ အိမ်ပတ်ဝန်းကျင်၊ ရပ်ရွာပတ်ဝန်းကျင်၊ လယ်ယာပတ်ဝန်းကျင်၊ စက်ရုံအလုပ်ရုံပတ်ဝန်းကျင်နေရာများတွင် တစ်ဦးချင်းဖြစ်စေ၊ မိသားစုဖြစ်စေ တတ်နိုင်သလောက် နှစ်စဉ်နှစ်တိုင်း ထူထောင်သွားမည်ဆိုပါက နိုင်ငံတော်က မျှော်မှန်းထားသည့် နိုင်ငံတော်တွင် သစ်တောလွှမ်းခြုံမှုမှာ ၅၀ ရာခိုင်နှုန်းသို့ ရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဟူသောဆောင်ပုဒ်ကို အကောင်အထည်ဖော်ဆောင်ရန် မိမိတို့တွင် တာဝန်ရှိသည်ဟူသော ခံယူချက်ဖြင့် စိတ်အားထက်သန်စွာ ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **ဆန်းထွန်း (မန်းတက္ကသိုလ်)၏ ဖိုးသုညမရှိ ဆောင်းပါး။**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားနိုင်ငံက ဒူဘိုင်းလေကြောင်းပြပွဲ ၂၀၂၅ တွင် တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို မိတ်ဆက်ပြသခဲ့



ရုရှားနိုင်ငံသည် မောင်းသူမဲ့လေယာဉ်၊ လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်ရည်ရွယ်၍ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်ကို ဒူဘိုင်းလေကြောင်းပြပွဲ ၂၀၂၅ တွင် မိတ်ဆက်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး(Pantsir-SMD-E) ဟုခေါ်သည့် အဆိုပါစနစ်တွင် မောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန် အတွက်ရည်ရွယ်ထားသော အဆင့်မြှင့်တင်ထားသည့် ရေဒါနည်းပညာနှင့် မီနီဒုံးကျည်အသစ် ပါဝင်ကြောင်း သိရသည်။

ပြပွဲရှိ ရုရှားအရာရှိများ၏ ပြောကြားချက်အရ တာတိုပစ်လေကြောင်းရန်ကာကွယ်ရေး(Pantsir-SMD-E)စနစ်ကို အရှေ့အလယ်ပိုင်းဒေသတွင် ပထမဆုံးအကြိမ် တရားဝင်ထုတ်ဖော်ပြသခြင်းဖြစ်ပြီး ရုရှားနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော စစ်မြေပြင်ခြိမ်းခြောက်မှုများ အထူးသဖြင့် အသေးစား၊ အနိမ့်ပျံဒရုန်းများကို တုံ့ပြန်ရန်အတွက် အစိတ်အပိုင်းများလဲလှယ်တပ်ဆင်နိုင်သော၊ အလွယ်တကူထပ်မံပြုပြင်နိုင်စွမ်းရှိသော လေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် အာရုံစိုက်လာမှုကို ထင်ဟပ်စေလျက်ရှိကြောင်း သိရသည်။

Pantsir-SMD-E လက်နက်စနစ်အမျိုးအစားတွင် အဓိက ပြောင်းလဲမှုတစ်ခုမှာ TKB-1055 ဒုံးကျည်ကို မိတ်ဆက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မောင်းသူမဲ့လေယာဉ်များကို အကွာအဝေး ခုနစ်ကီလိုမီတာနှင့် အမြင့်ငါးကီလိုမီတာထိ ပစ်မှတ်ထား၊ ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် အပေါ့စားမြေပြင်မှ ဝေဟင်ပစ် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်ဖြစ်သည်။ အစီရင်ခံစာများအရ ၎င်း၏ဒုံးပစ်လောင်ချာစနစ်တွင် မီနီကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည် ၄၈ စင်းထိ သို့မဟုတ် စံပြုအရွယ်အစားရှိ ပုံမှန်ဒုံးကျည် ၁၂ စင်းထိ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်သည်။

ဤစနစ်တွင် ယခင် Pantsir ဗားရှင်းများတွင် တပ်ဆင်ထားသည့် သမားရိုးကျ ၃၀ မီလီမီတာ လေယာဉ်ပစ်အမြောက်များ မပါဝင်တော့ပါ။ ထိုအမြောက်များသည် မူလက လေယာဉ်များနှင့် ခရုဇ်ဒုံးကျည်များကို အနီးကပ်ကာကွယ်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ၎င်းအစား Pantsir-SMD-E သည် ဒုံးကျည်အခြေခံကြားဖြတ်တိုက်ခိုက်မှုများသို့ လုံးဝပြောင်းလဲသွားပြီး ပစ်လွှတ်မှု ဒုံးပစ်လောင်ချာစနစ်တစ်ခုလျှင် ပစ်မှတ်အများအပြားကို တိုက်ခိုက်နိုင်ရန် ဒုံးကျည်အများအပြားတပ်ဆင်ထားနိုင်မည်ဖြစ်ကြောင်း သိရသည်။

Pantsir-SMD-E လက်နက်စနစ်သစ်ကို အစိတ်အပိုင်း လဲလှယ်တပ်ဆင်နိုင်သည့်ဒီဇိုင်းဖြင့် တည်ဆောက်ထားပြီး စနစ်အစိတ်အပိုင်းများကို ဖိုင်ဘာအော့ပ်တစ်လင့်ခ်များမှတစ်ဆင့် ကွန်ရက်ချိတ်ဆက်နိုင်သည်။ ဤသည်မှာ ပစ်လွှတ်မှုစနစ်နှင့် အာရုံခံကိရိယာစနစ်များကို တိုက်ခေါင်မိုးပေါ် သို့မဟုတ် အထူးပြင်ဆင်ထားသော ပလက်ဖောင်းများပေါ်တွင် နေရာချထားနိုင်ပြီး အဆောက်အအုံတစ်ခု သို့မဟုတ် မြို့ပြဧရိယာတစ်ခုလုံးကို ကာကွယ်ရန်အတွက် ကာကွယ်ရေးစနစ်များကို တိုးချဲ့ချထားနိုင်မည်ဖြစ်သည်။

ဒူဘိုင်းလေကြောင်းပြပွဲတွင် ရုရှားနိုင်ငံ၏ ယခုလိုမိတ်ဆက်ပြသခြင်းသည် ယူကရိန်း၊ ဆီးရီးယား၊ မြောက်အာဖရိကအပါအဝင် ခေတ်သစ်ပဋိပက္ခဇုန်များတွင် ဒရုန်းတိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်မားလာချိန်နှင့်တိုက်ဆိုင်နေသည်။ Pantsir-SMD-E သည် ဤသို့သော ပတ်ဝန်းကျင်အခြေအနေများအတွက် အထူးသင့်လျော်နေပြီး ၎င်းသည် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက်၍ အလုံးအရင်းနှင့် တိုက်ခိုက်လာမည့် ဈေးနှုန်းချိုသာသော ဒရုန်းအမြောက်အမြားကို အသုံးပြုလာမည့်အခြေအနေကို တန်ပြန်ရန် တီထွင်ထုတ်လုပ်ထားခြင်းပင်ဖြစ်ကြောင်း သိရသည်။

**Russia debuts upgraded drone defense system in Dubai ကို ဘာသာပြန်ဆိုထားပါသည်။**

## ပြင်သစ်နိုင်ငံက SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ်ရှစ်စုံကို ယူကရိန်းသို့ ပေးပို့သွားမည်

ပြင်သစ်နိုင်ငံက SAMP/T တာလတ်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ရှစ်စုံကို ယူကရိန်းသို့ ပေးပို့သွားမည်ဖြစ်ကြောင်း Defence Blog သတင်းဌာနက နိုဝင်ဘာ ၁၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပေးပို့မည့် SAMP/T စနစ်များတွင် မျိုးဆက်သစ် Aster ဒုံးကျည်များ ပေါင်းစပ်ပါဝင်ခြင်းအပါအဝင် အဆင့်မြှင့်တင်ထားပြီး စွမ်းဆောင်ရည်မြင့်မားသော ဝိသေသလက္ခဏာများ ပါဝင်လာမည်ဖြစ်သည်။ စနစ်တစ်စုံစီတွင် ဒုံးပစ်စင်ခြောက်စုံပါဝင်မည်ဖြစ်ပြီး ယူကရိန်းသို့ ပေးအပ်ရန် ကတိပြုထားသည့် စုစုပေါင်းဒုံးပစ်စင်အရေအတွက်ကို ၄၈ စုံထိပိုင်ဆိုင်လာနိုင်စေမည်ဖြစ်သည်။

ပြင်သစ်နှင့် အီတလီနိုင်ငံမှ စစ်ဘက်အင်ဂျင်နီယာများသည် လက်ရှိတွင် မျိုးဆက်သစ် SAMP/Tစနစ်ကို အပြီးသတ်ဖော်ဆောင်နေကြပြီး ၎င်းစနစ်သည် နှစ်နိုင်ငံနှင့် ပို့ကုန်မိတ်ဖက်နိုင်ငံများအတွက် အနာဂတ်လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်များအတွက် အဓိက ကျောထောက်နောက်ခံပြုပေးနိုင်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပြင်သစ်လေတပ်နှင့် အီတလီကြည်းတပ်တို့တွင် လက်ရှိအသုံးပြုနေသော SAMP/T စနစ်ကို တောင်ပံပုံသေတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ဒရုန်းများနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် လေကြောင်းခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကြားဖြတ်တိုက်ခိုက်ဖျက်ဆီးရန် ဒီဇိုင်းထုတ်ထားသည်။ ၎င်းလက်နက်စနစ်သည် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များပိုင်ဆိုင်ထားနိုင်စေပြီး အလွှာပေါင်းစုံကာကွယ်ရေးဖွဲ့စည်းမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

ဤလက်နက်စနစ်နှင့် ဆက်စပ်နေသော နောက်ဆုံးပေါ်ဒုံးကျည်အမျိုးအစားမှာ Aster 30 Block 1 NT ဖြစ်ပြီး ၎င်းသည် တာလတ်ပစ် ပဲ့ထိန်းဒုံးကျည်များနှင့် အသံလွန်ဟိုက်ပါဆောနစ်ခြိမ်းခြောက်မှုများကို ကြားဖြတ်ပစ်ချနိုင်စွမ်းရှိသည်။ ပြင်သစ်နှင့် အီတလီနိုင်ငံတို့မှ ကာကွယ်ရေးအရာရှိများသည် ယခင်က ဒုံးကျည်အသစ်ကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ဖူးပြီး ၎င်း၏ မြန်နှုန်းမြင့်ပစ်မှတ်များကို တိုက်ခိုက်နိုင်စွမ်းကို သရုပ်ပြခဲ့ပြီးဖြစ်ကြောင်း သိရသည်။



ဒုံးကျည်အသစ်သည် အမြင့်မီတာ ၂၅၀၀၀ ထိနှင့် အကွာအဝေး ကီလိုမီတာ ၁၅၀ အတွင်းပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်ပြီး Mach 5 အမြန်နှုန်းထက်ကျော်လွန်ပျံသန်းနေသော ပစ်မှတ်များကိုတိုက်ခိုက်ရာတွင်ထိရောက်မှုရှိသည်ဟု ဖော်ပြထားသည်။ အဆင့်မြှင့်တင်ထားသော Aster 30 B1NT ဒုံးကျည်သစ်ကို SAMP/T စနစ်အသစ်တွင် ပေါင်းစည်းသွားမည်ဖြစ်ပြီး ခေတ်မီဆန်းသစ်မှုပြုလုပ်နေသော ရေတပ်လေကြောင်းရန်ကာကွယ်ရေးစစ်ရေယာဉ်များတွင် အသုံးပြုနိုင်ရန်လည်း ပြင်ဆင်ထားသည်။

ယူကရိန်းအတွက် SAMP/T လက်နက်စနစ်များပေးအပ်ခြင်းသည် ရုရှား၏ ဒုံးကျည်နှင့် ဒရုန်းတိုက်ခိုက်မှုများကို တန်ပြန်ရန်အတွက် ၎င်းတို့၏ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးကွန်ရက်ကို ခိုင်မာအောင် ဆက်လက်ကြိုးပမ်းနေချိန်နှင့် တိုက်ဆိုင်နေသည်။ ဤစနစ်များသည် အသုံးပြုနှင့်ပြီးသား တာတိုပစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များနှင့် အနောက်အုပ်စုထုတ် တာဝေးပစ်လက်နက်စနစ်များကို အားဖြည့်ပေးသည့်အနေဖြင့် အရေးပါသော အခြေခံအဆောက်အအုံများနှင့် မြို့ပြဧရိယာများပေါ်တွင် အမြင့်ပျံလေကြောင်းရန်ကာကွယ်မှုကို ပံ့ပိုးပေးနိုင်လိမ့်မည်ဟု မျှော်မှန်းရသည်။

SAMP/T လက်နက်စနစ်တပ်ခွဲတစ်ခွဲသည် Arabel ဘက်စုံသုံးရေဒါ၊ ဒေါင်လိုက်ပစ်လွှတ်စနစ်နှင့် ကြီးကြပ်ကွပ်ကဲရေးစနစ်တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ၎င်းကို လှုပ်ရှားစစ်ကြောင်းများ သို့မဟုတ် နေရာအတည်တကျသတ်မှတ်ထားသော အခြေစိုက်စခန်းများကို ကာကွယ်ရန် စံပြုအသုံးပြုနိုင်ပြီး ၎င်း၏ ဖွဲ့စည်းတည်ဆောက်မှုဒီဇိုင်းသည် NATO အဖွဲ့သုံး ကွပ်ကဲထိန်းချုပ်မှုစနစ်များနှင့် လျင်မြန်စွာ ပေါင်းစည်းနိုင်စေလိမ့်မည်ဖြစ်ကြောင်း သိရသည်။

**France to deliver eight SAMP/T air defense systems to Ukraine ကို ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။**

**မင်းမျိုး**

# Ceremony to present National Lifetime Awards for Literary Achievement, National Literary Awards, Sarpay Beikman Manuscript Awards for 2024 held; Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla grace the ceremony with their presence



Senior General Min Aung Hlaing addresses the ceremony to present National Lifetime Awards for Literary Achievement, National Literary Awards, and Sarpay Beikman Manuscript Awards for 2024.

**Nay Pyi Taw November 20**

A ceremony to present National Lifetime Awards for Literary Achievement, National Literary Awards and Sarpay Beikman Manuscript Awards for 2024 was held at MICC1 here this morning, attended by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who presented prizes.

Also present were SSPC member Prime Minister U Nyo Saw and wife, SSPC member Executive Chief U Aung Lin Dway and wife, SSPC members and wives, union ministers and wives, union level dignitaries and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, National Literary Award Selection Committee members, award winners, literary scholars, artists, literary enthusiasts and officials.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present a certificate of honour to a winner.



Senior General Min Aung Hlaing and Daw Kyu Kyu Hla present a certificate of honour to a winner.

First, the Senior General and wife and attendees looked around the biographies, photos, award-winning works of the award winners for 2024, and books and periodicals.

At the ceremony, the Senior General and attendees enjoyed the play entitled “Literature, the light of life” staged by artists of Fine Arts Department, Ministry of Religious Affairs and Culture, and a video clip “Break the darkness with the light of literature; appreciation of Myanmar literature from its beginning.”

In his address, the Senior General said Myanmar designated the first waxing of Nataw as the annual Sarsodaw Day, on which ceremonies and talks on literature are held in honour of the literati who compiled books that could provide intellectual and general knowledge and wisdom on a grand scale.

In honour of the virtues of men and women of letters, who strive to ensure benefits for the nation and people, the country has been observing the Sarsodaw Day as a Myanmar tradition for over 80 years since 1944.

As the saying goes, “Literature holds wisdom” literature gives knowledge and wisdom that serve as the foundation for the progress and prosperity of human society. Hence, literature is praise worthy and in recognition and honour of the persons who create it, the Sarsodaw Day is held to pay respects to them.

The State Security and Peace Commission has adopted three slogans for national development, and they include the slogan “Let us ensure the education sector for the development of the Nation.” Education encompasses intellectual knowledge, technological knowledge and school education.

He stated that for this reason, every developed country prioritizes literature and honors the literary scholars who write and compile excellent works. He noted that just as literature instilled patriotism in the public during the struggle for independence, informational and *See Page 13*



Senior General Min Aung Hlaing visits a booth.


Senior General Min Aung Hlaing views the biographies, photos, and award-winning works of the award winners for 2024.

*From Page 12*

non-fiction literature (Thuta literature) also emerged, relevant to the era, during the period of national reconstruction following independence. He mentioned the emergence of literature beneficial to workers and farmers, and literature promoting ethnic solidarity, adding that the Sarpay Beikman Award, the Arts and Literature Awards, and the National Literary Award presented by the State Government, as well as literary awards and competitions sponsored by private organizations, along with associations for writers and the Myanmar Literary Workers' Association, have all served as backgrounds supporting the development of literature.

He stated that the State Government, prioritizing the welfare of the nation and the people, selects outstanding literary works—including informational non-fiction (Thuta literature) that disseminates modern knowledge and skills, and imaginative fiction (Yatha literature) that inspires respect for and appreciation of the nation's culture and traditions—from distinguished writers and annually honors them with the National Literary Award on Sarsodaw Day. He noted that this excellent tradition began in 1948 and has been upheld for over 70 years.

He also stated that the Sarpay Beikman, which was founded in August 1947 under the guidance of the nation's independence leader, General Aung San, with the name Myanmar Translation Society, began the work of compiling and publishing translated and other literary books to increase the international knowledge of the ethnic people, and also instituted the "Sarpay Beikman Modern Novel Award" in 1948 to promote Myanmar literature. He noted that the name of the award was changed multiple times—from the "Sarpay Beikman Modern Novel Award" to the "Sarpay Beikman Award," the "Arts and Literature Awards," and the "National Literary Award", with the award categories and prize money being increased, resulting in 19 award categories for the 2024 National Literary Award.

He then stated that with the aim of encouraging the publication of excellent manuscripts by writers that have not yet been printed for various reasons, the "Sarpay Beikman Manuscript Award" was established, and for this year, awards will be given to selected manuscripts across 14 categories.

Furthermore, he noted that the State has been recognizing the outstanding lifetime literary contributions made for the benefit of Myanmar literature in the Republic of the Union of Myanmar by annually presenting the "National Literary Award for Lifetime Achievement" since 2001, and that a total of 48 distinguished literary scholars had received it as of last year.

He stated that in presenting the National Literary Award for Lifetime Achievement, they have progressively increased the number of recipients each year as a mark of respect for the distinguished literary scholars, and that this year, the award will be conferred upon up to five scholars. He affirmed that all the honored teachers and scholars are individuals who fully possess merit in both knowledge and literature and deserve respect and honor. He wished to express his immense pride and joy that the State has been able to worthily honor all these great literary scholars as recipients of the National Literary Award for Lifetime Achievement.

He also stated that out of the 959 books first printed and published for 2024, selections were made in 14 out of the 19 categories designated for the National Literary Award, and for the Sarpay Beikman Manuscript Award, a total of 30 deserving manuscripts were selected from 247 entries across 14 categories, and that the awards would be presented at today's ceremony.

He stated that the nation's multi-party democracy general election will commence on December 28, 2025, and everyone is aware that preparations for holding a free and fair election are being carried out step by step. He added that the State is striving to ensure that all eligible voters can cast their ballots, and the election will be held in phases, with townships where the election cannot be held for various reasons being addressed and held when possible.

He concluded that as the election period approaches, national stability and peace are also crucial, and while the State Government strives for political stability and the systematic and successful holding of the elections, he urged the public to participate and assist as a national duty to ensure the successful holding of the elections, which he called a turning point for the country, and to strive for a better future by exercising unity and patience among fellow citizens.

In implementing the multi-party democracy system by placing emphasis on the interests of the country, cooperation of the people is very important for all-round development of the union, internal peace, sustainable socioeconomic development of the people as well as the success of the multi-party democracy general election process. The people must be guided and trained through literature to enable them to have good practices of democracy, to be instilled with wisdom and to gain modern knowledge.

Literature can make mind subtle and deepen compassion. Furthermore, it can instill the people with patriotism, the love for the people and sense of responsibility. He reiterated that he was glad to have the opportunity to present prizes to the literati who have created literary works that can bring about great benefits for the country and the race on the Sarsodaw Day today. He urged all to continue to protect the Myanmar literary pillar, which has a strong foundation in its history, from falling apart through concerted efforts and to exert efforts to leave the precious literary and cultural legacy to future generations and to srengthen the consistently flowing Myanmar literary trend in line with the changing and evolving eras. He prayed that the literati who won prizes will be healthy and live longer in physical and mental happiness and create literary works that will serve the interests of race and religion and enhance the image of the country.

He expressed thanks to the literati, literary award winners, members and chairmen of the National Literary Awards Scrutiny Committee and the Sarpay Beikman Manuscript Award Scrutiny Committee and scholar, who held various meetings by spending their private time, out of literary goodwill to be able to present prizes today. He requested them to continue to offer help for prosperity of Myanmar literary world.

Then, the Senior General and his wife presented certificates of honour and cash rewards confered by the State and special honorary gifts confered by the Senior General and his wife to winners of National Lifetime Awards for Literary Achievements (2024) including U Than Nyunt, (Zin Min -Thamainhtaw), U Ko Ko (Ko-University), Dr Daw Po (Ma Lay Po), Daw Tin Yi (Tin Yi Ma-Nyaung-U), Dr Daw Khin Than Oo (Ma Moe Myay).

Then, the Senior General and his wife accepted the commemorative gift for the prize presentaion ceremony presented by Union Minister for Information U Maung Maung Ohn.

Aftereward, Member of the commission U Nyo Saw, Member of the commission Executive Chief U Aung Lin Dway, members of the commission General Maung Maung Aye, U Than Swe, Lt-Gen Yar Pyae, Chief of General Staff (Army, Navy, Air) General Kyaw Swar Lin, union ministers U Tin Aung San and U Maung Maung Ohn presented awards to National Literary Award winner and Sarpay Beikan Manuscript Award winners.

Then, National Lifetime Literary Award Winner Sayagyi U Ko Ko (Ko-University) spoke words of thanks. Afterward, artists from the MRTV of the Ministry of Information entertained the attendees with "WaHtaKaLaTha" song.

Afterward, the Senior General and his wife and attendees posed for documentary photographs with literary award winners.

Then, the Senior General and his wife cordially greeted literary award winners, artist and the literati.

After the ceremony, the Senior General and his wife and party enjoyed the honorary luncheon with literary award winners, artists and the literati.

100

# Combined inspection teams comprising various squads continue operations against those involved in online fraud, online gambling, and criminal activities in KK Park and Shwe Kokko areas


Image showing buildings being blown up and destroyed inside the KK Park area. These buildings were used for committing online scam gambling activities.

**Nay Pyi Taw November 20**

Serving as the national duty, the Government of Myanmar is carrying out efforts to combat online fraud and online gambling activities that pose threat internationally and globally.

Most of the offenders who committed online frauds and gambling illegally entered Shwe Kokko and KK Park area where fighting has been occurred after 2021, located in a far distance from Myawady, via neighbouring countries. These are the areas where ethnic armed organizations-EAOs, KNU, KNLA and some NCA signatory groups as well as so-called Border Guard Forces have been operating their businesses. Unscrupulous businesspersons contact these groups to commit online frauds and gambling. Hence, security forces performed the operations of controlling the areas and security measures in Myawady and surrounding areas, when the areas can store peace and stability, the operation of combatting online fraud and gambling was launched. Afterwards, security forces continuously wipe online fraud and gambling off in Shwe Kokko and KK Park areas.

In this regard, those arrested for involvement in online fraud and online gambling schemes are being scrutinized as necessary, and are formally transferred to their respective countries. At the same time, to ensure that online fraud and online gambling activities cannot re-establish themselves in the area, and to prevent the recurrence of criminal operations, buildings constructed without permission in those locations are being completely demolished. These demolition operations are being carried out systematically, using machinery for organized destruction as well as advanced demolition technologies involving controlled blasting.

Up to 6 pm today, a total of 182 buildings out of 635 buildings used in the online fraud and gambling were demolished in Myawady-Maehtawthalay (KK Park) area, and the demolition operation is being conducted for remaining 435 buildings.

Another operation has been conducted to take security measures in Shwe Kokko area since 18 November. Till 6 pm today, the third-day operation was conducted and industrial materials used in online fraud and gambling were seized from six buildings constructed without permission till 6 pm. In the operation conducted in Shwe Kokko area, the security forces arrested three Vietnamese, 23 Kenyans, 85 Ethiopians, one Namibian, 168 Indonesians, 15 Ugandans, 10 Nepalis, 43 Indians, one Zimbabwean, 13 Filipinos, 21 Pakistanis, four Bangladeshis, three Sierra Leone citizens, one Liberian, seven Nigerians, one Egyptian, one Sri Lanka, two Kazakhstanis, three Uzbekistanis, totalling 405, who attempted to flee away, at the junctions of the area. Hence, the security forces impounded 1,016 foreign nationals who illegally entered Myanmar along with 2,653 computers, 21,750 mobile phones and other industrial materials used in the online frauds and gambling in Shwe Kokko area.

Those 1,016 foreign nationals are detained at a building in Lonhtinwun, Shwe Kokko Myaing Village, Pulwepu Village-tract of Myawady Township. The Illegal Foreigner Investigation Team has examined 600 of them so far. To enable their prompt repatriation to their respective countries, the relevant departmental combined teams are carrying out the necessary processes, including collecting personal data and recording required documentation.


The Government of Myanmar, treating the suppression of online fraud and online gambling offences as a national responsibility, will continue efforts to eliminate these activities entirely within the country. These efforts will be carried out not only through domestic mechanisms but also in coordination with neighbouring governments so that these online fraud and gambling groups cannot base in Myanmar.

100


Scenes of the demolished and destroyed buildings inside the KK Park area, which were used for committing online scam gambling.



Scenes of buildings being demolished and destroyed using heavy machinery inside the KK Park area. These buildings were used for committing online scam gambling.


The process of screening and identifying illegal foreigners currently under investigation within the Shwe Kokko area.


The process of screening and identifying illegal foreigners currently under investigation within the Shwe Kokko area.


The process of screening and identifying illegal foreigners currently under investigation within the Shwe Kokko area.


The seizure of equipment used for committing online scam gambling.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# လူငယ်နှင့် မိုက်ခြင်း၊ မမိုက်ခြင်း

ဆူးသစ်

လူတိုင်းလူတိုင်း လူငယ်ဘဝကို ရောက်ခါစမှာ မည်သည့်အရာကိုမဆို စမ်းသပ်ချင်ကြသည်။ စမ်းသပ်ချင်လောက်အောင်လည်း သတ္တိကရှိနေကြသည်။ လူငယ်ဖြစ်၍လည်း တက်ကြွကြသည်။ ထိုတက်ကြွမှုနှင့် သတ္တိကြောင့်ပင် လူငယ်တို့မှားခဲ့ရသည့် သာဓကများစွာရှိခဲ့သည်။

လူငယ်ဟုဆိုရာ၌ ယောကျာ်းလေးများကို အဓိကထား၍ ဤဆောင်းပါး၌ဆိုချင်သည်။ အထက်ကဆိုခဲ့သည့် စမ်းသပ်ချင်သော သတ္တိဆိုသည်မှာ မဟုတ်သည့်နေရာ၌ ပိုတွန်းအားပေးသောသတ္တိမျိုးဖြစ်သည်။ လူငယ်များ၌ မှန်မှန်ကန်ကန်လုပ်ရဲသော သတ္တိများ၊ ဟုတ်လျှင်ဟုတ်သလို လုပ်နိုင်သည့်သတ္တိများရှိသော်လည်း မဟုတ်သည့်နေရာ၌ ငါလုပ်နိုင်တယ်ကွဆိုသော သတ္တိမျိုးရှိနေတတ်သည်ကိုလည်း တွေ့ရပါသည်။

"ဆေးမင်ကြောင်ထိုးတာ အနာခံနိုင်ရဲ့လား" ဆိုသောစကားကို မခံချင်၍ လက်မောင်းတစ်ခုလုံးမည်းနက်အောင် ထိုးပြသည်မျိုး၊ "အရက်မသောက်နိုင်ပါဘူး" အပြောခံရ၍ ကောက်မော့သည်မျိုး စသည်ဖြင့်ရှိကြသည်။ ထိုသို့လုပ်၍ တစ်ခုချင်းစီ၏ ဆိုးကျိုးကိုချက်ချင်းမသိရပေ။ ကြာသွားမှသိလာပါလိမ့်မည်။ HIV ပေါသောခေတ်တွင် ဆေးမင်ကြောင်ထိုး၍ AIDS ရရန်သာ ရှိလာပါလိမ့်မည်။ အရက်သောက်၍ အသည်းသာပျက်စီးလာပါလိမ့်မည်။ အချိန်အားဖြင့် ကာလအနည်းငယ်သာ ကြာချင်ကြာနိုင်ပါသည်။ လွဲမှားသည့် သတ္တိ၏ အကျိုးကိုတော့ ခံရပါလိမ့်မည်။ လွဲမှားသော သတ္တိကြောင့် ဒုက္ခချက်ချင်းခံရနိုင်တာမျိုး တစ်ခုရှိပါသည်။ တခြားမဟုတ်။ ရန်ဖြစ်ခြင်းကြောင့် ဒုက္ခခံရတာမျိုးကို ဆိုလိုခြင်းပင်။

ကျွန်တော် လူငယ်တော်တော်များများကို လေ့လာဖူးပါသည်။ အရွယ်လေးမရောက်လာနှင့် ထစ်ခနဲရှိ ရန်ဖြစ်မည်ဆိုသည်ချည်းပင်။ လက်ရှိကျွန်တော်နေသောဝန်းကျင်မှ ချာတိတ်ကလေးတချို့ပင် ထိုသဘောရှိကြသည်။ သူတို့ကိုကြည့်တော့ ကိုးတန်း၊ဆယ်တန်းအရွယ်။ မကျေနပ်လျှင် ရန်ဖြစ်မည်ဆိုသည်ချည်းပင်။ ကျွန်တော် ယခင်နေခဲ့ရာ မြို့သစ်ရှိ ကလေးများလည်း ထိုအတိုင်းပင်။ တစ်ဆိတ်ရှိ ရန်ဖြစ်နေကြ၏။

သူတို့ရန်ဖြစ်ရသည့်အကြောင်းရင်းကို စုံစမ်းလိုက်တော့ ကောင်မကလေးအကြောင်းလည်းပါသည်။ ပတ်သက်ရာပတ်သက်ကြောင်း သူငယ်ချင်းကိစ္စနှင့်လည်းရန်ဖြစ်သည်။ အဆိုးဆုံးက ကြည့်မရ၍ ရိုက်သည်ဆိုသည်မျိုးလည်းရှိသည်။ ကျွန်တော်လည်း လူငယ်ဘဝကိုဖြတ်ကျော်ခါစရှိသေး၍ သူတို့ခံစားမှုများကို ခံစား၍ရနေသည်။

ကျွန်တော်ပင် သူတို့အရွယ်ရှိစဉ်တုန်းက သူတို့ကဲ့သို့ ဖြစ်ခဲ့ဖူးသည်။ ကျွန်တော်တို့နှင့်ခင်သည့်အိမ် တစ်အိမ်က ကောင်မကလေးများကို တခြားလမ်းက ကောင်ကလေးများ လာပိုးပန်းသည်။ ထိုကောင်ကလေးများကို နောက်တစ်ခါလာရဲလာကြည့်ဆိုသည့်ပုံစံမျိုးဖြင့် ကျွန်တော်နှင့်လမ်းထဲက သူငယ်ချင်းများလုပ်ခဲ့ဖူးသည်။ လက်ထဲတွင် တုတ်တိုများကိုင်လျက် ထိုကောင်ကလေးများ လာသောအခါ မမြင်မြင်အောင်ပြခဲ့သည်။ နောက်လာလျှင် တုတ်နှင့်တွေ့မည် ဆိုသည့်သဘော။

နောက်တစ်ခုက လမ်းထဲမှာ ကော်ဘောလုံး၊ ဂိုးကျဉ်းချိန်းကန်လျှင် တခြားလမ်းကလာကန်သူကို ဘောလုံးနှင့်လူရော၍ ကျိတ်ကန်၊ မထိတထိငြိကြ၊ ပြီးမှရန်ဖြစ် ရန်ငြိုးထားကြပြီး မကျေနပ်လျှင် ရန်ထဖြစ်ကြသည်မျိုး ကျွန်တော့်သူငယ်ချင်းများ ဖြစ်ခဲ့ဖူးသည်။ ယခု ကျွန်တော်ရောက်နေသော ဝန်းကျင်က လူငယ်များလည်း ထိုအတိုင်းဖြစ်နေသည်ကို တွေ့နေရသည်။

ရန်ဖြစ်သည့်အထဲ အဆိုးဆုံးက ကြည့်မရ၍ ဆွဲထိုးခြင်း၊ ချောင်းရိုက်ခြင်းဆိုသောကိစ္စပင်။ အချို့လူငယ်များကလည်း ကိုယ့်ထမင်းကိုယ်စား၍ အရိုက်ခံရအောင်နေပါသည်။ အချို့လူငယ်များကလည်း ကိုယ့်နှင့်ရန်ငြိုးမရှိဘဲ ကြည့်မရ၍ ဆွဲထိုးခြင်း၊ ရိုက်ခြင်းလုပ်သည်။ ထိုအခါ ရန်စရှည်၍ အမုန်းပွားပါတော့သည်။

ကောင်းပါပြီ။ အဘယ်ကြောင့် ဤသို့ဖြစ်ကြရပါသနည်း။ အထက်ပါ ကိစ္စအားလုံးပြန်ခြုံကြည့်သောအခါ သတ္တိနှင့်တက်ကြွမှုကို တလွဲအသုံးချနေသည်ကိုမြင်နေရသည်။ လူငယ်သည် သတ္တိရှိပါသည်။ ထိုသတ္တိသည် ဟုတ်တိုင်းမှန်ရာ ရဲဝံ့စွာလုပ်ရမည့် သတ္တိဖြစ်ပါသည်။ မဟုတ်သည့်အရာကို မမှန်သည်ကိုသိလျက်နှင့် လုပ်ရန်မဟုတ်ပေ။ တက်ကြွခြင်းလည်း ထို့အတူပင်။

**❖ ရှေ့ဆက်ဖြစ်လာနိုင်သမျှ မစဉ်းစား၊ မတွေးတောသူများသာ မိုက်နေကြသည်ကို တွေ့ရပါလိမ့်မည်။ အသိဉာဏ်ရှိသူ၊ စဉ်းစားတွေးခေါ်တတ်သူများက ရန်ကိုရှောင်သည်။ ဖြစ်လာမည့်အကျိုးဆက်ကိုတွေး၍သိနေသည်။ ထိုသူမျိုးကို ကြောက်သည်ဟု မထင်စေလိုပေ။ အမှန်အတိုင်းဆိုလျှင် ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိသူချင်း ပြိုင်မိုက်၍ရပါသည်။ မိုက်သည်ဆိုသည်မှာ ကျွန်တော်အထက်က ဆိုခဲ့သကဲ့သို့ ကိုယ်တိုင်သိစိတ်ကို ဘေးဖယ်ထားလိုက်လျှင် မိုက်၍ရနေသည်မဟုတ်လား။ ရှင်းရှင်းဆိုရလျှင် မိုက်ရသည်မှာ အလွန်လွယ်ပါသည်။ လိမ္မာရန်သာခက်ပါသည်။ ❖**

ထို့ကြောင့် ပုံမှန်မဟုတ်ဘဲ လွဲချော်နေသည့် သတ္တိနှင့်တက်ကြွခြင်းသည် မိုက်ခြင်းသို့ ရောက်သွားတော့သည်။ ကျွန်တော်ဆိုလိုသည့် မိုက်ခြင်းသည် လူငယ်များတစ်ခုခုကို သဘောကျလျှင် ပြောလေ့ရှိသည့် မိုက်ခြင်းမဟုတ်ပေ။ မလိမ္မာသည့် မိုက်ခြင်းကို ဆိုလိုခြင်းပင်။

လူငယ်များ ရန်ဖြစ်ထိုးကြိတ်၍ ဘာကြောင့် မိုက်နေကြပါသနည်း။ ထစ်ခနဲရှိ ဘာကြောင့်ရန်ဖြစ်နေကြပါသနည်း။ ထိုသို့ရန်ဖြစ်ရဲခြင်းသည် တန်ဖိုးရှိသော သတ္တိရှိခြင်းမဟုတ်ပေ။ နယ်ချဲ့အင်္ဂလိပ်နှင့် ဂျပန်ကို တော်လှန်သည့်သတ္တိသည် မျိုးချစ်စိတ်ကို အခြေခံသည်။ ထို့ကြောင့် တန်ဖိုးရှိသည်။ အားအားရှိ လူငယ်ချင်းထရန်ဖြစ်သည်က မျိုးချစ်စိတ်လည်း မဟုတ်။ သတ္တိရှိသည်ဟုလည်းမမည်။ ဘာမျှမဟုတ်ဘဲ"မိုက်ခြင်း"ဟုသာအမည်တပ်ခံရနိုင်သည်။

ဘာကြောင့် မိုက်ပါသနည်း။ ကျွန်တော် သုံးသပ်ကြည့်ပါသည်။ တစ်ဇွတ်ထိုးစိတ်ရှိသူဖြစ်နိုင်သည်။ သိစိတ်နှင့်မသိစိတ်ကို ပိုင်းခြားမှုနည်းပါးသူ ဖြစ်ပါလိမ့်မည်။ တွေးခေါ်ဆင်ခြင်နိုင်မှုနည်း၍ အကျိုးဆက်ကို မတွေးသူဖြစ်ပါလိမ့်မည်။ အတန်းပညာနိမ့်၍ သူငယ်ချင်းကောင်းမရှိသူ ဖြစ်နိုင်သည်။

တွေးကြည့်စေချင်သည်။ တစ်ယောက်နှင့် တစ်ယောက် ရန်ဖြစ်ကြပါပြီ။ ဘာများ အကျိုးရှိပါသနည်း။ အကျိုးတော့ရှိချင် ရှိပါလိမ့်မည်။ ကောင်းကျိုးတော့မဟုတ်။ ဆိုးကျိုးသာဖြစ်ပါလိမ့်မည်။ ပထမဦးဆုံးစတင်ထိခိုက်မည်က ကိုယ်တိုင်ဖြစ်သည်။ သူနှင့်ကိုယ်ဖြစ်ပြီဆိုကတည်းက ကိုယ်လည်း အထိုးအကြိတ်ခံရနိုင်သည်။ ကိုယ်ရိုက်လျှင် သူကွဲသကဲ့သို့ သူရိုက်လျှင်ကိုယ်ကွဲနိုင်သည်။ ခြေကျိုး၊ လက်ကျိုးလည်းဖြစ်သွားနိုင်သည်။ ကံဆိုးလျှင် အသက်ပင်ဆုံးနိုင်သည်။ ဒါက ပထမအဆင့်။

နောက်တစ်ဆင့်က ရန်ဖြစ်လျှင် အရင်ဦးဆုံး ရပ်ကွက်ရုံးသို့ရောက်မည်။ လူကြီးများ ရှင်းရမည်။ နှစ်ဖက်မိသားစုဖြေရှင်းရမည်။ ရန်ဖြစ်သူနှစ်ဦးမှသည် အသိုင်းအဝိုင်းနှစ်ခုထိ ကျယ်ပြန့်သွားနိုင်သည်။

နောက်တစ်ဆင့်က ရဲစခန်းရောက်မည်။ ရန်ပွဲပေါ်မူတည်၍ အသေး၊ အကြီး ပြစ်ဒဏ်ခံရလိမ့်မည်။ အချုပ်၊ ထောင်နှင့် မလွတ်ကင်းနိုင်တော့ပေ။ ထိုအခါ စပြီး သောကများရသည်က မိမိကိုယ်တိုင်၊ ထို့နောက်မိဘနှစ်ပါး၊ မိသားစုဝင်၊ ဆွေမျိုးသားချင်း၊ သူငယ်ချင်းမိတ်ဆွေ။

ဘာမျှမဟုတ်ဘူးဟု ထင်စရာရှိသည့် ကိစ္စတစ်ခုသည် ထိုမျှကြီးကျယ်သွားနိုင်သည်ကို သတိပြုသင့်သည်။ အဓိကကတော့ လတ်တလော ဖြစ်ပေါ်လာသောဒေါသအပေါ်တွင် သတိနှင့်ယှဉ်လျက်စိတ်ကိုထိန်းရန်ပင်။ ထို့ပြင် ရှေ့ဆက်ဖြစ်လာမည့် အကျိုးဆက်ကို တွေးတောသုံးသပ်ရန်လိုသည်။ စိတ်လည်း မထိန်းနိုင်။ အကျိုးဆက်လည်း မတွေးပါဆိုက ထိုသူသည် ဆိုးကျိုးများခံရရန်သာရှိသည်။

ထို့ကြောင့် လူငယ်များ ရန်ဖြစ်ခါနီးတွင် "ရန်ဖြစ်လိုက်လျှင် ဘာဖြစ်မည်လဲ"ဆိုသော မေးခွန်းမျိုး ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်စေချင်သည်။ ရန်ဖြစ်ပြီဆိုမှတော့ စိတ်မထိန်းနိုင်၍ဖြစ်သည်ကို အားလုံးသိကြသည်။ ကိုယ်တိုင်လည်း ကွဲပြဲကျိုးသည့်ဒဏ်ကို ခံရနိုင်သည်။ ဤသည်ကို ကျွန်တော် ခံစား၍သိပါသည်။ ဒေါသနှင့်ဖြစ်၍ ထိုမေးခွန်းမျိုး မေးချိန်ပင်ရလိုက်မည်မဟုတ်ပါဟု ဆိုချင်သူများ ရှိလာပါလိမ့်မည်။ သို့သော် ကိုယ်တိုင်ခံစားရသည့် ကွဲပြဲဒဏ်ရာရဒုက္ခများကိုကျော်၍ ဖြစ်လာမည့် အကျိုးဆက်ကို ဆက်တွေးလျှင်တော့ တစ်ခုမျှ ရစရာမရှိသည်ကိုမြင်ပါလိမ့်မည်။ ကိုယ်တိုင်လည်း အချုပ်များ၊ ထောင်များဆီသို့ တိုက်ရိုက်ဦးတည်နေသကဲ့သို့ မိဘဆွေမျိုးများလည်း မျက်ရည်နှင့် မျက်ခွက်ဖြစ်မှာကျိန်းသေပင်။ သည်တော့ အကောင်းဆုံးက ရန်ဖြစ်နိုင်သည့်အနေအထားမျိုးကို ဝေးဝေးကရှောင်ရန်လိုပါသည်။

တစ်ခါက ရန်ဖြစ်ရာမှ ခေါင်းကွဲပြီး သွေးများနှင့် ဖြစ်နေသောသားကို ဆေးခန်းသို့ ဆွဲခေါ်နေသော အမေတစ်ယောက်ကို ကျွန်တော်တွေ့ခဲ့ဖူးသည်။ "သားကို ရန်မဖြစ်ပါနဲ့လို့ အမေပြောထားတယ်လေ" ဆိုပြီး မျက်ရည်နှင့်ငိုရှိုက်၍ ပြောနေသည်က ကြားရသူ ရင်နင့်စရာ။ ကျွန်တော်တို့မှာ ခေါင်းကွဲသူသားကို မသနား၊ မျက်ရည်နှင့်အမေကို သနားရသည်။ လောလောဆယ် ဆေးခန်းခေါ်သွားလျှင် ပိုက်ဆံကုန်မည်။ ရဲနှင့်ဆက်ရှင်းရလျှင် ပိုရှုပ်တော့မည်။ ထိုထက် အဆိုးဆုံးက သားကြောင့် မိခင်မျက်ရည်ကျရသည့် အဖြစ်။ ဘယ်လောက် နောင်တရဖွယ်၊ သုံးသပ်ဖွယ်၊ ကြေကွဲဖွယ်ကောင်းပါသနည်း။

ထိုအဖြစ်များ မြင်တိုင်း "မိုက်ခြင်း"ဆိုသော ကိစ္စရပ်တစ်ခု၊ စကားလုံးတစ်လုံးအပေါ် ကျွန်တော်ကောက်ချက်ချမိသည်တစ်ခုရှိပါသည်။ "လူတစ်ယောက်သူ့မှာရှိသော သိစိတ်တစ်ခုကို ဘေးဖယ်ထားလိုက်လျှင် မိုက်၍ရသည်"ဆိုတာဖြစ်သည်။

တွေးကြည့်ပါ။ ရှေ့ဆက်ဖြစ်လာနိုင်သမျှ မစဉ်းစား၊ မတွေးတောသူများသာ မိုက်နေကြသည်ကို တွေ့ရပါလိမ့်မည်။ အသိဉာဏ်ရှိသူ၊ စဉ်းစားတွေးခေါ်တတ်သူများက ရန်ကိုရှောင်သည်။ ဖြစ်လာမည့် အကျိုးဆက်ကို တွေး၍သိနေသည်။ ထိုသူမျိုးကို ကြောက်သည်ဟု မထင်စေလိုပေ။ အမှန်အတိုင်းဆိုလျှင် ခြေနှစ်ဖက်၊ လက်နှစ်ဖက်ရှိသူချင်း ပြိုင်မိုက်၍ရပါသည်။ မိုက်သည်ဆိုသည်မှာ ကျွန်တော်အထက်ကဆိုခဲ့သကဲ့သို့ ကိုယ်တိုင်သိစိတ်ကို ဘေးဖယ်ထားလိုက်လျှင် မိုက်၍ရနေသည်မဟုတ်လား။ ရှင်းရှင်းဆိုရလျှင် မိုက်ရသည်မှာ အလွန်လွယ်ပါသည်။ လိမ္မာရန်သာခက်ပါသည်။

ရန်တစ်ခုကို ထိပ်တိုက်တွေ့ပါလျက် ရှောင်နိုင်သူသည် လိမ္မာ၍ပါးနပ်သူဖြစ်သည်။ အသိစိတ်နှင့်ယှဉ်၍ ဆုံးဖြတ်နိုင်သူဖြစ်သည်။ ကြောက်၍ မဟုတ်ဟု နားလည်ရပါမည်။ အတင်းကာရော "သည်ကောင်ကြောက်ပါကွာ"ဟု စွပ်စွဲချင်လျှင်တောင် ကြောက်သင့်၍ ကြောက်သည်ဟုဆိုရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မိုက်ခြင်းတွင် အရပ်ရှည်ခြင်း၊ ပုခြင်းမရှိ။ ဗလကြီးခြင်း၊ သေးခြင်းမရှိ၊ ဝခြင်း၊ ပိန်ခြင်းမရှိဘဲ အသိဉာဏ်ရှိခြင်း၊ မရှိခြင်းပေါ်တွင်သာ မူတည်နေ၍ဖြစ်သည်။ ရန်ဖြစ်သူတစ်ဦးကို တစ်ကြိမ်ရှုံးထားလျှင် နောက်တစ်ကြိမ်ပြန်နိုင်အောင် လုပ်နိုင်သည်။ ချောင်းရိုက်ခြင်း၊ ဓားနှင့်တိတ်တဆိတ်ထိုးသွားခြင်းတို့မှာ ပြန်နိုင်အောင်လုပ်သွားသည့်သဘောပင်။ တုတ်တစ်ချောင်း၊ ဓားတစ်လက်ရှိလျှင် မည်သူမဆို မိုက်၍ရသော သဘောဆောင်ပါသည်။ သို့သော် လားရာလမ်းကတော့ မည်သူမျှ မကောင်းပေ။

ယနေ့လူငယ်များထဲတွင် ရန်ဖြစ်ချင်သူ၊ ဖြစ်နေသူများရှိသလို ရန်ကိုရှောင်နိုင်သူများရှိသည်။ အသိစိတ်ကို ခန္ဓာနှင့်ခွာပြီးထားသူများသာ ရန်ဖြစ်လေ့ရှိပြီး အသိစိတ်ကို ခန္ဓာနှင့်ယှဉ်ထားသူများသာ အေးချမ်းပါလိမ့်မည်။ ရှေ့မှာကျွန်တော်ဆိုခဲ့သကဲ့သို့ တစ်ဇွတ်ထိုးလုပ်၍ သိစိတ်၊ မသိစိတ်ပိုင်းခြားနိုင်မှုနည်းလျှင် အတန်းပညာနိမ့်၍၊ မစဉ်းစားတတ်၊ ဘေးကလည်း ပြောမည့်သူမရှိ၊ ထိန်းမည့်သူမရှိ၍ မိုက်ရန် လမ်းစပိုများသည်ဟု ဆိုလိုခြင်းပင်။

မိုက်ခြင်းနှင့် မမိုက်ခြင်းကို လူငယ်များခွဲခြားသိစေချင်သည်။ မိုက်ခြင်းကိုသိလျှင် မမိုက်ခြင်းကို သိလာပါလိမ့်မည်။ ထိုနှစ်ခုနှိုင်းယှဉ်တွေးလျက် ခံစားတတ်ပြီဆိုလျှင် လူငယ်ဘဝတွင် မိုက်ခြင်းထက် ပိုမိုကောင်းမွန်သောအရာများကို ရှာဖွေတွေ့ရှိလာပါလိမ့်မည်။ ထိုအခါ လူငယ်တစ်ယောက် လုပ်ရမည့် အရာများကိုလည်း သိမြင်လာပါလိမ့်မည်။ ထို့နောက်တွင် ပီပြင်သောလူငယ်ဘဝမှ အကျိုးကျေးဇူးများကို ခိုင်ခိုင်မာမာ ဆုပ်ကိုင်လာနိုင်လိမ့်မည်ဟု ကျွန်တော်ယုံကြည်မျှော်လင့်မိပါသည်။

ရှေ့ဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရပုဂ္ဂိုလ်များ၊ စာပေပညာရှင်များ၊ အနုပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့် စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၏ **“ဘဝအလင်းရောင်စာပေတန်ဆောင်”**ပြဇာတ်ဖြင့် ဖျော်ဖြေတင်ဆက်မှုနှင့် **“စာပေအလင်း အမှောင်ခွင်း မြန်မာစာပေအစ ကျေးဇူးတရားက”** မှတ်တမ်း Video Clip ကို ကြည့်ရှုအားပေးကြသည်။

ဆိုင်ဆိုင် ကျင်းပလေ့ရှိကြကြောင်း။

နိုင်ငံနှင့် အများပြည်သူတို့၏ ကောင်းကျိုးအဖြာဖြာကို ကလောင်စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စာပေပညာရှင်ကြီးများ၊ စာဆိုတော်ကြီးများ၏ စာပေဂုဏ်ကျေးဇူးကိုလေးမြတ်ဂုဏ်ပြုလျက် စာဆိုတော်နေ့အခမ်းအနားကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုအဖြစ် ၁၉၄၄ ခုနှစ်ကစတင်ပြီး ကျင်းပလာကြသည်မှာ နှစ်ပေါင်း ၈၀ ကျော်ကြာခဲ့ပြီဖြစ်ကြောင်း။

**“အလိမ္မာ စာမှာရှိ”**ဆိုသည့်စကားအတိုင်း လူသားများအတွက် အသိပညာနှင့် အလိမ္မာပညာကို စာပေကပေးပါကြောင်း၊ စာပေကပေးသည့် အသိပညာနှင့်အလိမ္မာကို အခြေခံပြီး လူ့ပတ်ဝန်းကျင်အဆောက်အအုံကြီး ကြီးထွားစည်ပင်လာခြင်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့် စာပေသည် အလေးအမြတ်ထားအပ်သည့် ဂုဏ်ကျေးဇူးရှိပြီး စာပေများကို ပြုစုကြသည့် စာဆိုတော်ကြီးများ၏ကြီးမားလှသည့် ဂုဏ်ကျေးဇူးများကို လေးစားဂုဏ်ပြုသည့်အနေဖြင့် စာဆိုတော်နေ့အခမ်းအနားကိုကျင်းပပြုလုပ်ကာ ဂုဏ်ပြုပူဇော်ကြခြင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့် ပြည်သူများ၏ကောင်းကျိုးကို ရှေးရှုသည့် ခေတ်မီအသိပညာ၊ အတတ်ပညာများကိုဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံ၊ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှုအစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့်ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ်ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိ . . .**

ပြည်သူများ၏ကောင်းကျိုးကို ရှေးရှုသည့် ခေတ်မီအသိပညာ၊ အတတ်ပညာများကို ဖြန့်ဖြူးပေးသည့် သုတစာပေများ၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ကိုယ့်ယဉ်ကျေးမှု အစဉ်အလာများကို လေးစားမြတ်နိုးတန်ဖိုးထားစိတ်များ ထက်သန်လာအောင် လှုံ့ဆော်ပေးသည့်ရသစာပေများကို အားထုတ်ရေးဖွဲ့ခဲ့ကြသည့် စာဆိုကြီးများ၏ စာကောင်းပေမွန်လက်ရာများကို အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ပြီး စာဆိုတော်နေ့ရောက်တိုင်း နှစ်စဉ်ချီးမြှောက်ဂုဏ်ပြုလျက်ရှိကြောင်း၊ ထိုကဲ့သို့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိကြသူများ၏ အတ္ထုပ္ပတ္တိ၊ ဓာတ်ပုံ၊ ဆုရစာအုပ်များ၊ စာအုပ်စာစောင်နှင့် စာပေဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် နှစ်စဉ်နှစ်တိုင်း နတ်တော်လဆန်း ၁ ရက်ကို စာဆိုတော်နေ့အဖြစ်သတ်မှတ်ပြီး အသိဉာဏ်ပညာနှင့် ဗဟုသုတအဖြာဖြာ တိုးပွားရာတိုးပွားကြောင်း ပေးစွမ်းသည့်စာအုပ်စာပေများကို ပြုစုရေးသားအားထုတ်ကြသည့် စာဆိုတော်ကြီးများကို ဂုဏ်ပြုချီးမြှင့်သည့် စာပေအခမ်းအနားများ၊စာပေဟောပြောပွဲများကို မြိုင်မြိုင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ပုဒ် သုံးခုချမှတ်ထားရာတွင် **“နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသည့်အချက်လည်း ပါဝင်ကြောင်း၊ ပညာရေးတွင် အသိပညာ၊ အတတ်ပညာနှင့် အတန်းပညာမြင့်မားရေး အားလုံးအကျုံးဝင်ကြောင်း၊ ပညာရေး၏ အခြေခံအကျဆုံးသည် စာပေဖြစ်ပြီး စာပေကပင် ပညာကိုပေးစွမ်းခြင်းဖြစ်ကြောင်း။

ထို့ကြောင့်လည်း တိုးတက်သည့်နိုင်ငံတိုင်းက စာပေကိုအလေးထားပြီး စာကောင်းပေမွန်များရေးသားပြုစုသူ စာပေပညာရှင်များကို ချီးမြှောက်ဂုဏ်ပြုကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ပြည်သူကို မျိုးချစ်စိတ်ရှင်သန်စေခဲ့သကဲ့သို့ လွတ်လပ်ရေးရပြီးစ နိုင်ငံတော်ကိုပြန်လည်ထူထောင်သည့်ကာလတွင်လည်း အသိအမြင်တိုးပွားစရာသုတစာပေများ ခေတ်နှင့်အညီပေါ်ထွက်လာခဲ့ပါကြောင်း၊ အလုပ်သမား၊ လယ်သမားအကျိုးပြုစာပေများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအားပေးသည့် စာပေများ ထွက်ပေါ်ခဲ့သကဲ့သို့ နိုင်ငံတော်အစိုးရက ချီးမြှင့်သည့် စာပေဗိမာန်ဆု၊အနုပညာစာပေဆိုင်ရာဆု၊ အမျိုးသားစာပေဆု၊ ပုဂ္ဂလိကအဖွဲ့အစည်းများကချီးမြှင့်သည့် စာပေဆုများ၊ စာပေပြိုင်ပွဲများ၊ စာရေးဆရာအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့စသည်များကလည်း စာပေဖွံ့ဖြိုးရေးကို အထောက်အကူပြုသည့် နောက်ခံများဖြစ်ခဲ့ကြကြောင်း။

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံနှင့်**

ကောင်းမွန်သည့်အစဉ်အလာကို ၁၉၄၈ ခုနှစ်ကစတင်ခဲ့ပြီး ယခုဆိုပါက နှစ်ပေါင်း ၇၀ ကျော်ရှိခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်၏လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှုနှင့် ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် မြန်မာနိုင်ငံဘာသာပြန်စာပေအသင်းအမည်ဖြင့် စတင်တည်ထောင်ခဲ့သည့် စာပေဗိမာန်သည် တိုင်းရင်းသားပြည်သူများ နိုင်ငံတကာဗဟုသုတတိုးပွားရေးအတွက် ဘာသာပြန်စာပေများနှင့် စာအုပ်စာပေများကိုပြုစုထုတ်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင် ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိသည့် စာပေပညာရှင် ဆရာမကြီး ဒေါက်တာ ဒေါ်ပို(မလေးပို)ကို ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် အထူးဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်စဉ်။

ဝေရေးလုပ်ငန်းနှင့်အတူ မြန်မာစာပေဖွံ့ဖြိုးရေးအတွက် ၁၉၄၈ ခုနှစ်ကစပြီး**“စာပေဗိမာန်ကာလပေါ်ဝတ္ထုဆု”**ကို ချီးမြှင့်ခဲ့ကြောင်း။

**“စာပေဗိမာန်ကာလပေါ် ဝတ္ထုဆု”**ကို **“စာပေဗိမာန်ဆု”**၊ **“အနုပညာစာပေဆိုင်ရာဆု”**၊ **“အမျိုးသားစာပေဆု”** စသည်ဖြင့် ဆုအမည်အမျိုးမျိုးပြောင်းလဲခဲ့ပြီး ဆုချီးမြှင့်မည့်ဘာသာရပ်များ၊ ဆုငွေများကိုလည်း တိုးတက်ချီးမြှင့်ခဲ့သည်မှာ ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဆုချီးမြှင့်မည့် ဘာသာရပ် ၁၉ မျိုးထိရှိလာခဲ့ပြီဖြစ်ကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုဖြစ်သေးသည့် ကလောင်ရှင်တို့၏ လက်ရာကောင်းမွန်သည့်စာမူများကို စာအုပ်ဖြစ်စေရေးအားပေးသည့် ရည်ရွယ်ချက်ဖြင့် **“စာပေဗိမာန်စာမူဆု”**အဖြစ် ချီးမြှင့်ခဲ့သည်မှာ ယခုနှစ်အတွက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သည့် ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသည့်အနေဖြင့် **“အမျိုးသားစာပေတစ်သက်တာဆု”**ကို၂၀၁၁ ခုနှစ်ကစပြီး နှစ်စဉ်ချီးမြှင့်ပေးအပ်ခဲ့ကြောင်း၊ယခင်နှစ်ထိ စာပေပညာရှင်ကြီး ၄၈ ဦးကိုအမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း။

အမျိုးသားစာပေ တစ်သက်တာဆုကို ချီးမြှင့်ရာတွင်လည်း စာပေပညာရှင်ကြီးများကို အလေးအမြတ်ထားသည့်အနေဖြင့် တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပြီး ချီးမြှင့်ရန်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင် စာပေပညာရှင်ကြီး ငါးဦးထိ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း၊ အမျိုးသားစာပေတစ်သက်တာဆုချီးမြှင့်ခံရသည့် ဆရာကြီး၊ ဆရာမကြီးတို့ အားလုံးသည်လည်း ပညာဂုဏ်ရည်၊ စာပေဂုဏ်ရည်တို့ ပြည့်ဝကြပြီး လေးစားဂုဏ်ပြုသင့်ကြသည့် ပုဂ္ဂိုလ်ကြီးများဖြစ်ကြောင်း၊ စာပေပညာရှင်ကြီးများအားလုံးကို အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် နိုင်ငံတော်က ထိုက်တန်စွာ ချီးမြှောက်ခွင့်ရသည့်အတွက် အတိုင်းမသိ ဂုဏ်ယူဝမ်းမြောက်သည်ကို ပြောကြားလိုကြောင်း။

**စာမျက်နှာ ၁၈ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ထံ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော အမျိုးသားစာပေဆုရရှိသူ ဦးစိုးမြင့်(ရဲမင်းစိုး)အား ဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အမျိုးသားစာပေဆုရရှိသူ ပါမောက္ခကိုကိုအောင်(သိပ္ပံစာရေးဆရာကိုကိုအောင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

၂၀၂၄ ခုနှစ်အတွက် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်ပေါင်း ၉၅၉ အုပ်အတွင်းမှ အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၉ မျိုးအနက် ဘာသာရပ် ၁၄ မျိုးကို ရွေးချယ်ခဲ့ပြီး စာပေဗိမာန်စာမူဆုတွင် ပြိုင်ပွဲဝင်စာမူ ၂၄၇ စောင်အတွင်းမှ ဘာသာရပ် ၁၄ မျိုးအနက် ဆုချီးမြှင့်ရန်ထိုက်တန်သည့် စာမူပေါင်း ၃၀ ကို ရွေးချယ်ခဲ့ပြီးဖြစ်သဖြင့် ယနေ့အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင်စတင်ကျင်းပတော့မည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း တစ်ဆင့်ပြီး တစ်ဆင့်ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲကို အပိုင်းလိုက်တစ်ဆက်တည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီးအကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်သည့် မြို့နယ်များကိုလည်း ကျင်းပနိုင်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထိုသို့ရွေးကောက်ပွဲကာလ နီးကပ်လာသည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လည်းအဓိကကျကြောင်း၊နိုင်ငံတော်အစိုးရက နိုင်ငံရေးတည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲများ စနစ်တကျအောင်မြင်အောင်ကျင်းပနိုင်ရေးကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများအနေဖြင့်လည်း တိုင်းပြည်၏ အလှည့်အပြောင်းဟုဆိုရမည့်ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ပါဝင်ကူညီပေးကြရန်နှင့် မိမိတို့နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို မြော်တွေးကြိုးပမ်းကြရန်လည်း တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုကြီးအဘက်ဘက်က ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စသည်တို့နှင့်အတူ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ရေးတို့အတွက် ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့ပြည်သူအားလုံး ဒီမိုကရေစီအလေ့အထကောင်းများရရှိအောင်၊ အသိဉာဏ်ပညာများပြည့်ဝအောင်၊ ခေတ်မီဗဟုသုတများဆည်းပူးနိုင်အောင် **"စာပေ"**ဖြင့် ထိန်းကျောင်းလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း။

စာပေသည် လူတို့၏စိတ်ခတ်ကို သိမ်မွေ့စေတတ်သကဲ့သို့ မေတ္တာတရားကိုလည်း ကြီးမားလေးနက်စေပါကြောင်း၊ ထို့ပြင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ တာဝန်သိစိတ်တို့ကိုလည်း ပေးစွမ်းနိုင်ပါကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအတွက်ကြီးမားသည့် အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးသည့်စာပေများကို ဖန်တီးရေးသားကြသည့် စာပေပညာရှင်ကြီးများကို ယနေ့စာဆိုတော်နေ့တွင် ဆုချီးမြှင့်ခွင့်ရသည့်အတွက် အလွန်ဝမ်းမြောက်မိပါကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း၊ ဆက်လက်၍လည်းသမိုင်းစဉ်ဆက်အခြေခိုင်ခဲ့သည့် မိမိတို့၏မြန်မာစာပေပင်မကြီး လဲကျမသွားစေရေး စုပေါင်းအင်အားဖြင့် ဆက်လက်ပြုစုစောင့်ရှောက်ကြရန် မှာကြားလိုကြောင်း၊ အထူးသဖြင့် တန်ဖိုးမဖြတ်နိုင်သည့် စာပေယဉ်ကျေးမှုများကို နောင်လာနောက်သားမျိုးဆက်တို့အတွက် လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်နိုင်ကြပြီး ပြောင်းလဲဖွံ့ဖြိုးလာသည့်ခေတ်ကာလများနှင့်အတူ အလျဉ်မပြတ်စီးဆင်းနိုင်သည့်မြန်မာစာပေရေစီးကြောင်းတည်တံ့ခိုင်မြဲအောင် ဆက်လက်ကြိုးပမ်းကြပါစို့ဟုတိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ဆုချီးမြှင့်ခံကြရသည့် စာပေပညာရှင်ကြီးများ အသက်ရှည်ကျန်းမာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပြီး အမျိုးဘာသာ သာသနာကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သည့်နိုင်ငံ၏ပုံရိပ်ကို မြှင့်တင်ပေးနိုင်သည့် စာကောင်းပေမွန်များကိုဆက်လက်ရေးသားဖွဲ့ဆိုနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း စာပေဗိမာန်စာမူဆု ရရှိသည့် ဒေါက်တာမြင့်သန်းထွန်း (ဒေါက်တာကောင်းစံ)အား ဆုပေးအပ်ချီးမြှင့်စဉ်။**




ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် စာပေပညာရှင်ကြီးများ၊ စာပေဆုရရှိသူများ၊ ယခုကဲ့သို့စာပေဆုများအောင်မြင်စွာချီးမြှင့်နိုင်အောင် မိမိတို့၏ကိုယ်ပိုင်အချိန်များကိုပေးပြီး အစည်းအဝေးများကို ကျင်းပပြုလုပ်ကာ စာပေစေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့ကြသည့်အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီနှင့် စာပေဗိမာန်စာမူဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ ပညာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့်မြန်မာစာပေလောကခိုင်မြဲစည်ပင်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ပါဝင်ကူညီပေးကြရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ၂၀၂၄ ခုနှစ် အမျိုးသားစာပေတစ်သက်တာဆုရရှိကြသည့် စာပေပညာရှင်ဆရာကြီးနှင့် ဆရာမကြီးများဖြစ်ကြသည့် ဦးသန်းညွန့်(ဇင်မင်း-သမိန်ထော)၊ ဦးကိုကို(ကို-တက္ကသိုလ်)၊ ဒေါက်တာဒေါ်ပို(မလေးပို)၊ ဒေါ်တင်ရီ(တင်ရီမ-ညောင်ဦး)၊ ဒေါက်တာဒေါ်ခင်သန်းဦး(မမိုးမြေ)တို့ကို နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့က ချီးမြှင့်သည့်အထူးဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားအထိမ်းအမှတ်ဂုဏ်ပြုလက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက်ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်အောင်စန်းနှင့် ဦးမောင်မောင်အုန်းတို့က အမျိုးသားစာပေဆုရရှိသူများနှင့် စာပေဗိမာန်စာမူဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသားစာပေတစ်သက်တာဆုရှင်ဆရာကြီး ဦးကိုကို(ကို-တက္ကသိုလ်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များက "ဝထကလသ"တေးသီချင်းဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုအမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် ၂၀၂၄ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊စာပေပညာရှင်များကိုရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်အတွက်အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုရရှိခဲ့ကြသူများ၊ အနုပညာရှင်များ၊ စာပေပညာရှင်များနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မြ)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ် အစည်းအဝေးများဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ် Dr. Kao Kim Hourn က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အာဆီယံမျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံအသိုက်အဝန်းသည် နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးမဏ္ဍိုင်၊ လူမှုရေးနှင့် ယဉ်ကျေးမှုမဏ္ဍိုင် စသည့် မဏ္ဍိုင်ကြီးသုံးရပ်အပေါ် အခြေခံထားပြီး မဏ္ဍိုင်တစ်ခုချင်းသည်လည်း ဆက်နွှယ်နေကြောင်း၊ ထို့ကြောင့် အာဆီယံ၏ ၂၀၂၅ အလွန်မျှော်မှန်းချက်ဖြစ်သည့် ပိုမိုပေါင်းစည်း၍တက်ကြွပြီး ပြည်သူလူထုကို ဗဟိုပြုသော အာဆီယံအသိုက်အဝန်းတစ်ခု ဖော်ဆောင်ရာတွင် ပေါင်းစည်းဆက်နွှယ်မှု၏အရေးပါမှုကို မီးမောင်းထိုးပြနေခြင်းပင်ဖြစ်ကြောင်း။

ယခုနှစ်သည် ကွာလာလမ်ပူ ပို့ဆောင်ရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၅ ၏ အပြီးသတ်နှစ်ဖြစ်ပြီး အာဆီယံပို့ဆောင်ရေးစီမံကိန်း ၂၀၂၆-၂၀၃၀ ကို ကြိုဆိုမည့်နှစ်ဖြစ်သည်နှင့်အညီ အာဆီယံပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးပါသောအချိန်အခါလည်းဖြစ်ကြောင်း၊ ၄၇ ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းအရ အာဆီယံ-နယူးဇီလန် လေကြောင်းဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်း အပေါ်လည်း ဂုဏ်ပြုပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းသည် လေကြောင်းဆက်သွယ်မှုအားကောင်းလာစေရန်၊ ကုန်စည်နှင့် ခရီးသွားလုပ်ငန်း လွယ်ကူချောမွေ့စေရန်နှင့် ပြည်သူအချင်းချင်းဆက်ဆံရေး နက်ရှိုင်းလာစေရန် အရေးပါသည့် မှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း။

သယ်ယူပို့ဆောင်ရေး ချိတ်ဆက်မှုသည် အခြေခံအဆောက်အအုံနှင့်သာ သက်ဆိုင်ခြင်းမဟုတ်ဘဲ တည်ငြိမ်မှု၊ တိုးတက်မှုနှင့် အသိုက်အဝန်းတည်ဆောက်မှုတို့၏ မဟာဗျူဟာမြောက် ဆောင်ရွက်ချက်တစ်ခုလည်း ဖြစ်သည့်အပြင် အဆိုပါချိတ်ဆက်မှုကြောင့် အပြန်အလှန်လေးစားမှု၊ စည်းလုံးညီညွတ်မှုတို့နှင့်အတူ အာဆီယံမိတ်ဖက်ဆက်ဆံရေးစိတ်ဓာတ်ကို ထာဝရထိန်းသိမ်းလျက် အတူတကွ လက်တွဲဆောင်ရွက်သွားမည်ဆိုပါက ပိုမိုတိုးတက်မှုများရှိလာမည်ဟုလည်း ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရွေးကောက်ပွဲကျင်းပခြင်းသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပြန်လည်ထူထောင်ရန်နှင့် အမျိုးသားစည်းလုံးညီညွတ်မှုကို မြှင့်တင်ရန် အရေးကြီးသည့် မှတ်တိုင်တစ်ခုအဖြစ် ဆောင်ရွက်နေကြောင်း၊ မိမိတို့နိုင်ငံ၏ ရွေးကောက်ပွဲအပေါ် အာဆီယံမိသားစုများ၏ နားလည်မှု၊ ပံ့ပိုးမှုနှင့် အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုများကို တန်ဖိုးထားပါကြောင်းနှင့် အာဆီယံအနေဖြင့် ပိုမိုခိုင်မာစည်းလုံးညီညွတ်ပြီး အနာဂတ်ကာလတွင် ရှေ့ကိုမျှော်မှန်းနိုင်သည့် အသိုက်အဝန်းတစ်ခုအဖြစ် ဆက်လက်ရပ်တည်နေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးတို့အနေဖြင့် မိမိတို့နိုင်ငံကို စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုနှင့် ပံ့ပိုးကူညီမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံကို တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် ဒေသတစ်ခုအဖြစ် တည်ဆောက်ရန်ဆိုသည့် တူညီသောမျှော်မှန်းချက်ကို အောင်မြင်သည်ထိ ဆက်လက်အကောင်အထည်ဖော်ရန် တိုက်တွန်းလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင်လည်း အကျိုးရလဒ်များစွာရှိသည့် ဆွေးနွေးမှုများ ဖြစ်ပေါ်လာရန် မျှော်လင့်ပါကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အခမ်းအနားသို့တက်ရောက်လာကြသူများက အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး Strengthening Connectivity, Sharing The Future ဂုဏ်ပြုတေးသီချင်းမှတ်တမ်း Video Clip ကိုကြည့်ရှုခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်၊ ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး၊ အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်(၁၃၅) ခမ္မစေတီလမ်း ဗဟန်းမြို့နယ် ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်(၁၆၉) ၈၃ လမ်း ၂၅ - ၂၆ လမ်းကြား အောင်မြေသာစံမြို့နယ် စစ်ကိုင်းတန်းရပ် မန္တလေးမြို့ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ် အထက်လမ်းမကြီးဘေး မော်လမြိုင်မြို့ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက် စည်သူလမ်း ဘူတာအနီး တောင်ငူမြို့ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂) ရှမ်းစုမြောက်ရပ်ကွက် မြစ်ကြီးနားမြို့ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး ဖျာပုံမြို့ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်(၂)ရပ်ကွက် မင်းကြီးလမ်း ပုသိမ်မြို့ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး) မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှောင်)**
  အမှတ်(၈၂) အင်းကုန်းငါးဆူကျေးရွာအုပ်စု အင်းကုန်းကျေးရွာ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှောင်မြို့ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄) ဆန်ချီတိုးချဲ့အနောက်ကွင်း ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပပြုလုပ်သည့် ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (31st ASEAN Transport Ministers Meeting–31st ATM)နှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့နံနက်ပိုင်းက နေပြည်တော် Jasmine Hotel ၌ Hybrid Mode ဖြင့် စတင်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောတက်ရောက်အမှာစကား ပြောကြား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး အစီအစဉ်အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် သယ်ယူပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းများဖြင့် ချိတ်ဆက်ပေးခြင်း၊ ကုန်သွယ်မှုလွယ်ကူချောမွေ့စေခြင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေခြင်းနှင့် ပြည်သူများအချင်းချင်း ပေါင်းစည်းဆက်နွယ်မှု တိုးမြှင့်ခြင်းတို့တွင် အရေးပါသည့်ကဏ္ဍဖြစ်ကြောင်း၊ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း အာဆီယံ၏ ဒေသတွင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုအားကောင်းလာပြီး ရေရှည်တည်တံ့သော ပို့ဆောင်ရေးကဏ္ဍအဖြစ် ဖော်ဆောင်ရာတွင် သိသာထင်ရှားသော တိုးတက်မှုများ ရရှိခဲ့ကြောင်း၊ ယင်းတိုးတက်မှုများသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အာဆီယံ၏ခေါင်းဆောင်မှုကို ထင်ဟပ်စေလျက်ရှိပါကြောင်း၊ မိမိတို့သယ်ယူပို့ဆောင်ရေးကဏ္ဍ၏ ကြိုးစားအားထုတ်မှုသည် အာဆီယံပေါင်းစပ်ဆက်နွှယ်မှု မဟာဗျူဟာစီမံကိန်း ၂၀၂၅ နှင့် အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံပါ မျှော်မှန်းချက်များကို အထောက်အကူဖြစ်စေပါကြောင်း။

ယခုနှစ်သည် ကွာလာလမ်ပူ ပို့ဆောင်ရေးမဟာဗျူဟာစီမံကိန်း၏ အပြီးသတ်ကာလဖြစ်သကဲ့သို့ အာဆီယံပို့ဆောင်ရေးစီမံကိန်း(၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်းဆောင်ရွက်မှုအသစ်များ စတင်ဆောင်ရွက်မည့်ကာလဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးတွင် ဆွေးနွေးချက်များသည် လာမည့် ဆယ်စုနှစ်အတွင်း အာဆီယံပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်ဦးတည်ချက်များချမှတ်ရာတွင် များစွာအရေးပါမှုရှိကြောင်း၊ မိတ်ဖက်များနှင့် ထိတွေ့ဆက်ဆံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားမှုစသည့် အခြေခံမူများနှင့်အညီ ပြည်သူများအားလုံးအတွက် သာယာဝပြော၍ ခံနိုင်ရည်ရှိပြီး အားလုံးပါဝင်နိုင်သော သယ်ယူပို့ဆောင်ရေးစနစ်ကို ပုံဖော်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ယခုအစည်းအဝေးနှင့်အတူ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့ဖြင့် ဆက်စပ်အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ကြောင်း။

ပို့ဆောင်ရေးကဏ္ဍ ချိတ်ဆက်မှုကို အားကောင်းစေပြီး ပြည်သူများအတွက် ရေရှည်အကျိုးဖြစ်ထွန်းစေမည့် ခိုင်မာသောရလဒ်များကို ဖော်ဆောင်ပေးနိုင်ရန် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ဓာတ်ဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပြောကြားကာ အစည်းအဝေးကို အတည်ပြုထားသည့်အစီအစဉ် ၁၁ ခုဖြင့် ကျင်းပသည်။

အာဆီယံပို့ဆောင်ရေးဝန်ကြီးများက ၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကွာလာလမ်ပူသယ်ယူပို့ဆောင်ရေးစီမံကိန်း (၂၀၁၆-၂၀၂၅) အပြီးသတ် အစီရင်ခံစာ၊ အာဆီယံပို့ဆောင်ရေးစီမံကိန်း (၂၀၂၆-၂၀၃၀)၊ သင်္ဘောမှစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံဒေသတွင်း မဟာဗျူဟာ၊ အာဆီယံလျှပ်စစ်စက်သုံးယာဉ် အကောင်အထည်ဖော်ရေးလမ်းပြမြေပုံ၊ဒစ်ဂျစ်တယ်စနစ်ဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးနှင့် အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးအပ်ရေးလုပ်ငန်းဆိုင်ရာများ၊ ရထားပို့ဆောင်ရေးလုပ်ငန်း အပြန်အလှန်လုပ်ငန်းဆောင်ရွက်မှု တိုးမြှင့်ခြင်းဆိုင်ရာ မဟာဗျူဟာစီမံကိန်းများကို အတည်ပြုကြသည်။

ဆက်လက်၍ ၂၄ ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (24th ASEAN and China Transport Ministers Meeting) ကိုလည်းကောင်း၊ ၂၃ ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (23rd ASEAN and Japan Transport Ministers Meeting) ကိုလည်းကောင်း၊ ၁၆ ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး (16th ASEAN and Republic of Korea Transport Ministers Meeting) ကိုလည်းကောင်း အစီအစဉ်များအတိုင်းကျင်းပကာ အာဆီယံ-တရုတ် သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာစီမံကိန်း(၂၀၂၆-၂၀၃၅)၊ အာဆီယံ-ဂျပန် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ် (၂၀၂၅-၂၀၂၆)နှင့် အာဆီယံ-ကိုရီးယား သယ်ယူပို့ဆောင်ရေးလမ်းပြမြေပုံ (၂၀၂၆-၂၀၃၀) များကို အတည်ပြုခဲ့ကြပြီး ညနေပိုင်းတွင် အစည်းအဝေးများအားလုံး ပြီးဆုံးခဲ့သည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၁ ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်၊ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အပါအဝင် စုစုပေါင်း ၁၈၇ ဦး ပါဝင်တက်ရောက်ခဲ့ကြောင်းနှင့် ၂၀၂၆ ခုနှစ်တွင် အစည်းအဝေးများကို ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။




**(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း ဖြစ်ပေါ်နိုင်သည့် လာနီညာ အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်လ်များ ခန့်မှန်းချက်အရ နိုဝင်ဘာလ တတိယ ၁၀ ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိကြောင်း သိရသည်။

(မိုး/ဇလ)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) ၃၁ ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့မှ ၁၃၈၄-၁၃၈၅ ပညာသင်နှစ်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယဘွဲ့ M.A ၂၄ ပါးနှင့် သာသန တက္ကသီလ ဓမ္မာစရိယဘွဲ့ B.A ၁၁၉ ပါး စုစုပေါင်းသံဃာတော်အရှင်သူမြတ် ၁၄၃ ပါးတို့ကို ဘွဲ့ဆက်ကပ်မည့် ၃၁ ကြိမ်မြောက် သာသနတက္ကသီလ မဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ၁၃၈၇ ခုနှစ် နတ်တော်လပြည့်နေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၄ ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ ဘွဲ့ခံယူတော်မူမည့် သံဃာတော်အရှင်မြတ်များထံသို့ ပင့်လျှောက်လွှာများကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်းဌာနနှင့် ပြည်တွင်းသာသနာပြုဌာနခွဲတို့မှတစ်ဆင့် ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။

ပင့်လျှောက်လွှာ လက်ခံရရှိခြင်းမရှိပါကလည်း ဘွဲ့နှင်းသဘင်ခန်းမသို့ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီအရောက် အချိန်မီကြွရောက်တော်မူပါရန် ဘွဲ့ခံသံဃာတော်များအား သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက နှိုးဆော်ပင့်လျှောက်ထားပါကြောင်းနှင့် မဟာဘွဲ့နှင်းသဘင်အခမ်းအနားတွင် မြတ်စွာဘုရားတစ်ဆူအပါအဝင် ပင့်သံဃာတော် ၁၀၄ ပါး၊ ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၂၄၈ ပါးတို့ကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်ဖြစ်ပါ၍ ဆွမ်းဆန်စိမ်းလောင်းလှူလိုသော ဌာနဆိုင်ရာများ အသင်းအဖွဲ့များနှင့် တစ်ဦးချင်း ပုဂ္ဂလိကအလှူရှင်များအနေဖြင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဌာနခွဲ ဖုန်း ၀၉-၄၂၃၉၉၇၈၅၁၊ ၀၉-၂၅၉၆၂၈၁၆၄၊ ၀၉-၂၅၅၉၅၃၁၇၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်စဉ်။

**❒ ဟိုင်းကြီးကျွန်းမြို့မှ**

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူဦးရေ ၅၃၀ ကို နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၂ ဦး၊ ခွဲစိတ်ရောဂါ ၅၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၆ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၇၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၉ ဦး၊ မျက်စိရောဂါ ၇၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၁၀ ဦး၊ မျက်စိခွဲစိတ်လူနာ ခုနစ် ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၈ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့မှ ပါရဂူများက ဟိုင်းကြီးကျွန်းမြို့နယ် စံပြကျေးရွာနေ ဦးအောင်ဖြိုး၏ဇနီး ဒေါ်ဖြူဖြူသင်း၏ ပထမဆုံးကိုယ်ဝန်ကို နံနက် ၇ နာရီ ၅၁ မိနစ်တွင် ၅ ပေါင် ၄ အောင်စရှိ သမီးဦး ရတနာ မသင်းသံလွင် အား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေးကောင်းမွန်လျက်ရှိသည်။


၎င်းကလေးငယ်ကို တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဆုံးအကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၁၈ ကြိမ်မြောက်ထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦးတို့ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး ယခု ၁၉ ကြိမ်မြောက်တွင် ၂၃ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်ကို အောင်မြင်စွာမွေးဖွားပေးခဲ့ခြင်းဖြစ်သည်။

အလားတူ ၂၀၁၆ ခုနှစ် မတ် ၂ ရက်တွင် ပထမဦးဆုံးအောင်မြင်စွာ မွေးဖွားပေးခဲ့သည့် အသက် ၁၀ နှစ်အရွယ်ရှိ သမီးငယ် မေသံလွင်အား တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် တာဝန်ရှိသူများက ခေါ်ယူတွေ့ဆုံပြီး ချီးမြှင့်ငွေနှင့် အာဟာရပြည့်စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် ဒေသခံပြည်သူများ၏ ဆေးဝါးကုသမှုခံယူနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး မျက်စိခွဲစိတ်လူနာများကို မျက်မှန်များတပ်ဆင်ပေးခြင်း၊ အာဟာရပြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းနှင့် ဆေးကုသမှုခံယူကြသည့် ဒေသခံပြည်သူများ အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်များဖြင့် အကြို၊ အပို့ ဆောင်ရွက်ပေးသည့်အပြင် နံနက်စာ ကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

"အခုက သုံးမျိုးပြတယ်ပေါ့နော် အထွေထွေချည်းပြတယ်။ သွားလဲပြ



တယ်။ မျက်စိလဲပြတယ်။ မျက်စိလဲ မခွဲရဘူး။ ဆေးတွေတော့ပေးလိုက်တယ် အဲဒါပဲသောက် ဆိုပြီးတော့လေ။ အဆင်အားလုံးပြေတယ်လေ အခုပြန်ပြီးတော့ ပို့တော့လဲ ကားကြီးနဲ့ပြန်လိုက်လာတယ်။ အခုလိုပို့ပေးတာ အားလုံးအဆင်ပြေတယ်။ ဆေးရုံမှာ ခုနစ်နှစ်လောက်ကြာပါတယ်။ မျက်စိတစ်လုံးခွဲထားတာရှိတယ်။ ခုနစ်နှစ်လောက်ကြာသွားပြီပေါ့။ အဲဒါ မျက်စိထဲမှာ ခိုးလိုးခုလုဖြစ်လို့လာပြတာ ခွဲဖို့မလိုဘူးလေ ဆေးပဲပေးလိုက်တယ်။ အကုန်လုံး ကုသပေးတဲ့နေရာမှာလဲ နွေးထွေးမှုရှိတယ်။ အရမ်းကောင်းတယ်။ ထမင်းလဲ မနက်စာတို့ဘာတို့ ကျွေးတယ်၊ အဲဒါမျိုးတွေလဲရှိတယ်။ သင်္ဘောသားတွေ အားလုံး အရာရှိ၊ အရာခံတွေအားလုံး ဒီမှာလာပြီးတော့ ဝိုင်းဝန်းပြီးလုပ်ပေးတဲ့သူ အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း ကင်းဝေးကပ်ကြီးသုံးပါးလဲ ကျော်လွှားနိုင်ပါစေလို့ ဆုတောင်းမေတ္တာ ပို့ပေးပါတယ်"ဟု



ပြောသည်။

"ကျွန်တော့်ရဲ့အမျိုးသမီးကို ဒီသံလွင်သင်္ဘောကြီးရောက်တဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင်မွေးဖွားခဲ့ရလို့ ကျွန်တော် အများကြီး ဝမ်းမြောက်ဝမ်းသာပါတယ်။ ကျွန်တော့်ရဲ့ သမီးဦးလဲဖြစ်တဲ့အတွက်ကြောင့်မလို့ ကျွန်တော်အများကြီး ပီတိဖြစ်မိပါတယ်။ ကျွန်တော့်ရဲ့ အမျိုးသမီးဟာ ကျန်းကျန်းမာမာနဲ့ ကျွန်တော့်ရဲ့သမီးလေးလဲ ကျန်းကျန်းမာမာနဲ့ မွေးဖွားပေးခဲ့တဲ့ ဆရာတွေအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ တခြားနေရာတွေမှာ မြို့တက်ပြီး မွေးဖွားရမယ်ဆိုရင် ကျွန်တော်တို့ငွေရေးကြေးရေး အခက်အခဲလေးတွေရှိပါတယ်ခင်ဗျ။ သံလွင်သင်္ဘောကြီးနဲ့ ဒီဟိုင်းကြီးကျွန်းတပ်ဆေးရုံက ဆရာတွေ၊ ဆရာမတွေအားလုံးရဲ့ ပံ့ပိုးမှုတွေနဲ့ ကျွန်တော်တို့အဆင်ပြေခဲ့ပါတယ်။ စားရေးသောက်ရေးတွေလဲ ဒီကကျွေးမွေးညှော်ခံပြီးတော့ ကျွန်တော်တို့နေစရိတ်တွေကအစ၊ နေတာစားတာကအစ အားလုံးထောက်ပံ့ပေးခဲ့ပါတယ်"ဟု ပြောသည်။

"ယောက်မကခွဲရပါတယ်။ ကျွန်မကိုကျတော့ မြို့မှာသွားပြီးတော့ စမ်းသပ်ပြီးတော့ မျက်မှန်တပ်လို့ပြောပါတယ်။ အုပ်ချုပ်ရေးမှူးက ကြေညာထားတဲ့အခါကျတော့ သမီးအဆင်ပြေတယ်တဲ့ သွားကုလို့ရတယ်ဆိုတဲ့အခါကျတော့ ကျွန်မလဲ ဒီကိုလာခဲ့တာပါ။ ကောင်းပါတယ် တအားကောင်းတာ။ စားတာသောက်တာ ကျွေးတာမွေးတာ အကုန်ကောင်းတယ်။ ဆက်ဆံမှုတွေပါ အကုန်ကောင်းတာ။ ကျေးဇူးတင်တာ တအားတင်တာ ကျွန်မပြောလိုတယ်။ ဗိုလ်ကြီးတို့လဲ ဆုတောင်းပေးတယ်။ ကျေးဇူးတင်တဲ့အကြောင်းလဲ ပြောခဲ့ပါတယ်။ ဆရာဝန်ကြီးတွေလဲ ကောင်းပါတယ်၊ ကုသပေးသူလဲကောင်းပါ



တယ်။ အားလုံးလဲကောင်းပါတယ်။ နှစ်စဉ်နှစ်တိုင်းလဲ ဒီလိုပဲလာနိုင်ပါစေလို့ အမြဲတမ်းလဲ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။

**(၅၀၁)**

**☆ ကျောဖုံးမှအဆက်**

ထိန်းသိမ်းခြင်းကြောင့် ပတ်ဝန်းကျင်ဒေသအား အပူချိန်လျော့နည်းကျဆင်းပြီး ပူပြင်းခြောက်သွေ့မှုကာကွယ်ရန်၊ ရာသီဥတုသာယာမျှတစေပြီး စိမ်းလန်းစိုပြည်သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်၊ မြေဆီလွှာတိုက်စားမှုများတားဆီးကာကွယ်ရန်နှင့် အပူပိုင်းသစ်တောများထိန်းသိမ်းရန်ရည်ရွယ်၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ကညင်၊ သစ်ယား၊ သတီ၊ ဒီဒူး၊ အင်၊ အင်ကြင်း၊ သစ်ရာ၊ ပျဉ်းကတိုး၊ တမလန်း၊ ကြက်ရိုး၊ လယ်ဇ၊ လင်းရော၊ နဘဲ၊ ဖျောက်ဆိပ်၊ ဒဟတ်၊ ထောက်ကြံ့၊ တောင်တမာ၊ တောင်သရက်၊ သစ်စေး၊ ယမနေ၊ ရင်းမာစသည့် သစ်မျိုးများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ မျောက်၊ တောဝက်၊ ဘုတ်ငှက်၊ သစ်တောက်ငှက်၊ ရစ်ငှက်၊ အောင်လောင်ငှက် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသကို ထိန်းသိမ်းနိုင်မည်ဖြစ် ခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ မြေအောက်ရေထိန်းသိမ်းနိုင်ခြင်းနှင့် သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# မွန်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော်  နိုဝင်ဘာ ၂၀**

**မွန်ညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မင်းအောင်ထူး**
**(ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ မွန်ညီညွတ်ရေးပါတီ)**

**မင်္ဂလာပါခင်ဗျာ...**

လေးစားအပ်တဲ့ မဲဆန္ဒရှင်မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ညီညွတ်ရေးပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် မင်းအောင်ထူး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ညီညွတ်ရေးပါတီကိုယ်စား အခုလိုတင်ပြခွင့်ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လာမယ့် ဒီဇင်ဘာ ၂၈ ရက်မှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီအနေနဲ့ မွန်ပြည်နယ်တွင်းမှာရှိတဲ့ မဲဆန္ဒနယ်အသီးသီးကနေ ကိုယ်စားလှယ်လောင်း ၃၈ဦး ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရေးပါတီတွေအနေနဲ့ ပါတီရဲ့နိုင်ငံရေးရပ်တည်ချက်နဲ့ မူဝါဒလုပ်ငန်းစဉ်တွေနဲ့အညီ နိုင်ငံတော်နဲ့ပြည်သူ့အကျိုးသယ်ပိုးနိုင်ခွင့်ရနိုင်ဖို့ရာ မဲဆန္ဒရှင်ပြည်သူလူထုရဲ့ ရွေးချယ်အပ်နှင်းမှုကအဓိကအကျဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးရည်မှန်းချက်၊ မူဝါဒလုပ်ငန်းစဉ်တွေကို မိဘပြည်သူတွေသိရှိအောင် အကျဉ်းချုပ်တင်ပြလိုပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ တိုင်းရင်းသားကိုယ်စားပြုနိုင်ငံရေးပါတီဖြစ်ပြီး မွန်ပြည်နယ်အတွင်းမှာသာ လှုပ်ရှားဆောင်ရွက်တဲ့ ပါတီတစ်ရပ်ဖြစ်ပေမယ့်လည်း စုံလင်ကွဲပြားမှုတွေနဲ့ တည်ဆောက်ထားတဲ့ပြည်ထောင်စုကြီးမှာ တိုင်းရင်းသားအားလုံးအတွက် နိုင်ငံရေးအရတန်းတူညီမျှပြီး အေးချမ်းသာယာတဲ့၊ ပြည်သူတွေလိုလားတောင့်တတဲ့၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကိုတည်ဆောက်သွားနိုင်မယ့်နိုင်ငံရေးဖြစ်စဉ်မှာ အရေးကြီးတဲ့အခန်းကဏ္ဍကနေ ပါဝင်အားဖြည့်နိုင်မယ်လို့ယုံကြည်ထားပါတယ်။

**မိဘပြည်သူများနဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့ခင်ဗျာ**

ဒီပစ္စုပ္ပန်ကာလ နိုင်ငံရေးအကျပ်အတည်းတွေ၊ ပဋိပက္ခတွေနဲ့ရင်ဆိုင်ကြုံတွေ့နေရတဲ့အချိန်မှာ ကျင်းပမယ့်ရွေးကောက်ပွဲအပေါ် ထင်မြင်ယူဆချက်အမျိုးမျိုး၊ တုံ့ပြန်မှုအမျိုးမျိုး ရှိနေကြမှာဖြစ်ပါတယ်။ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီအနေနဲ့က နိုင်ငံရေးဖြစ်စဉ်ဖြစ်ရပ်တွေရဲ့ တိုးတက်ပြောင်းလဲမှုတွေ၊ ဆုတ်ယုတ်အားနည်းမှုတွေ၊ အခက်အခဲစိန်ခေါ်မှုတွေ၊ ကောင်းတစ်ခါဆိုးတစ်လှည့် ကြုံတွေ့ရတဲ့နိုင်ငံရေးလောကဓံတွေကို နိုင်ငံနဲ့ပြည်သူလူထုထိခိုက်မှုအနည်းဆုံးဖြစ်အောင် နည်းလမ်းရှာပြီး ရင်ဆိုင်ကျော်လွှားသွားရမှာပဲလို့ ယုံကြည်ထားပါတယ်။ မွန်ညီညွတ်ရေးပါတီအနေနဲ့ နိုင်ငံသားအားလုံးအတွက်ငြိမ်းချမ်းသာယာတဲ့ ပြည်ထောင်စုတစ်ခုတည်ဆောက်မယ်ဆိုတဲ့ နိုင်ငံရေးအန္တိမပန်းတိုင်ကို ရောက်ရှိနိုင်ဖို့အတွက် ဦးလည်မသုန်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မွန်ညီညွတ်ရေးပါတီဟာ **“ မွန်ပြည်နယ်ရှိ မဲဆန္ဒရှင်ပြည်သူများနှင့် တကွ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူလူထုအားလုံးတို့ ရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ပြီး ပြည်သူလူထုက ယုံကြည်အားကိုးရသည့် ခိုင်မာသော နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားရန်”** ဆိုတဲ့ရည်ရွယ်ချက်နဲ့ လာမယ့်ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

နိုင်ငံတော်နဲ့မဲဆန္ဒရှင်ပြည်သူတွေအကျိုးအတွက်ဖော်ဆောင်သွားလိုတဲ့ မွန်ညီညွတ်ရေးပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေကို အနှစ်ချုပ်ပြီး တင်ပြရမယ်ဆိုရင် ...

**နိုင်ငံရေးကဏ္ဍ**မှာ ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေးနဲ့ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းဆိုတဲ့ လောကပါလတရားတို့နဲ့ပြည့်စုံပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုနိုင်ငံတော်တည်ဆောက်သွားရေးကိုဦးတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ လိုအပ်တဲ့လုပ်ငန်းဆောင်တာများကို ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်သွားနိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**စီးပွားရေးကဏ္ဍ**ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် စိုက်ပျိုးရေးကဏ္ဍ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသတွင်းရော်ဘာအပါအဝင် စက်မှုကုန်ကြမ်းတွေစနစ်တကျထုတ်လုပ်နိုင်ရေး၊ ကုန်ချောများထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ရေး၊ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရေး၊ နိုင်ငံတကာနဲ့ချိတ်ဆက်ပြီး စီးပွားရေးစီမံကိန်းများဖော်ထုတ်ရေး၊ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို တိုးတက်ထုတ်လုပ်သုံးစွဲနိုင်ရေးစတဲ့ အချက်တွေအပြင် အခြားသောလုပ်ငန်းစဉ်များလည်း ရေးဆွဲဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လူမှုရေးကဏ္ဍ**အောက်မှာတော့ ပြည်သူလူထုတစ်ရပ်လုံးပါဝင်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုတည်ဆောက်နိုင်ဖို့နဲ့ ကျေးလက်နဲ့ မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုတစ်ပြေးညီရရှိစေရေး၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများစောင့်ရှောက်ရေး၊ ဆေးရုံဆေးပေးခန်းတွေ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်းမြင့်မားလာရေး၊ စားသောက်ကုန်များဘေးအန္တရာယ်ကင်းရှင်းရေး စတဲ့ လုပ်ငန်းတွေအတွက် အားပေးသွားမှာဖြစ်ပါတယ်။




**ပညာရေးကဏ္ဍ**မှာ လူတိုင်းစာတတ်မြောက်ရေးနဲ့ အခမဲ့မသင်မနေရအခြေခံပညာရေးစနစ်ကို ထိရောက်စွာအကောင်အထည်ဖော်သွားပြီး စံချိန်စံညွှန်းနှင့်ပြည့်မီတဲ့ ပုဂ္ဂလိကပညာရေးစနစ်ကိုအားပေးသွားနိုင်ရေး၊ အဆင့်မြင့်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာတို့ကို နိုင်ငံတကာအဆင့်သို့ရောက်ရှိနိုင်အောင် အားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒ့ါအပြင် အမျိုးသမီးနဲ့လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းပေါင်းစုံနဲ့ဆောင်ရွက်သွားမှာဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဒီရေတောကာကွယ်ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကိုလည်း အချိန်နဲ့တစ်ပြေးညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**တိုင်းရင်းသားကဏ္ဍ**အနေနဲ့ လိုအပ်တဲ့ဥပဒေ၊ နည်းဥပဒေတွေရေးဆွဲပြီး တိုင်းရင်းသားအခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်မြှင့်တင်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို အားပေးမြှင့်တင်နိုင်ဖို့ အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့တင်ပြလိုတာကတော့ မွန်ညီညွတ်ရေးပါတီဟာ မြန်မာပြည်တစ်နံ့တစ်လျားမှာနေထိုင်ကြတဲ့ မွန်လူမျိုးတွေနဲ့တကွ တိုင်းရင်းသားပြည်သူအားလုံးအတွက် တစ်နိုင်ငံလုံးလွှမ်းခြုံတဲ့ ငြိမ်းချမ်းရေးရရှိနိုင်ရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ တိုင်းရင်းသားသွေးချင်းညီနောင်တွေနဲ့ လက်တွဲဆောင်ရွက်သွားမှာဖြစ်ပြီး အထက်ကတင်ပြခဲ့တဲ့မူဝါဒလုပ်ငန်းစဉ်တွေကို မဲဆန္ဒရှင်ပြည်သူလူထုရဲ့ အားပေးထောက်ခံမှုနဲ့အတူ ဆိုင်ရာဆိုင်ရာအင်အားစုတွေနဲ့ အစဉ်တစိုက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ ရွေးကောက်ပွဲမှာ ဘယ်လိုရလဒ်ရရှိသည်ဖြစ်စေ မွန်ညီညွတ်ရေးပါတီအနေနဲ့ ပါတီရဲ့မူဝါဒလုပ်ငန်းစဉ်တွေအတိုင်း ပြည်သူလူထုအကျိုး၊ ဒေသအကျိုးနဲ့ နိုင်ငံ့အကျိုးကို ဆက်လက်သယ်ပိုးသွားမှာဖြစ်ပါတယ်။

ဘယ်လိုစိန်ခေါ်မှုတွေ၊ အခက်အခဲတွေရှိနေပါစေ၊ နိုင်ငံရေးမှာ ခေါင်းမရှောင်တတ်တဲ့ ကျွန်တော်တို့မွန်ညီညွတ်ရေးပါတီကို ထောက်ခံအားပေးရင်း အပြောင်းအလဲအတွက် တစ်ကျော့ပြန်ခြေလှမ်းအစကို တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်း အတူလှမ်းကြပါစို့လို့ မွန်ညီညွတ်ရေးပါတီရဲ့ကိုယ်စား တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်ခင်ဗျာ...။

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၃၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော်  နိုဝင်ဘာ ၂၀**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်မှ ၂၇ ရက်ထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၃၃၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**နေပြည်တော် နိုဝင်ဘာ ၂၀**

**လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) အတွင်းရေးမှူး ဦးမင်းဇော်က ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တစ်ဆင့်ပေးပို့လာပါသည်။**

**အဆိုပါဟောပြောတင်ပြချက်စာမူအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)အနေဖြင့် မိဘပြည်သူများသို့ ပါတီ၏မူဝါဒနှင့်လုပ်ငန်းစဉ်များကို တင်ပြခွင့်ရအောင် စီစဉ်ပေးပါသော နိုင်ငံတော်အကြီးအကဲများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါသည်။

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) သည် ၂၀၂၅ ခုနှစ်တွင်ကျင်းပမည့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ(Social Economic Promotion Party) သည် မိဘပြည်သူများနှင့် အတူ မွေးဖွားခဲ့သောအဖွဲ့အစည်းဖြစ်၍ လက်ရှိနိုင်ငံတော်တစ်ဝန်းဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကျပ်အတည်းများအား ကျွန်ုပ်တို့ပါတီမှ မိဘပြည်သူများနှင့်ထပ်တူခံစားရပါသည်။ သို့ပါသောကြောင့် မိဘပြည်သူများအနေဖြင့် ကျွန်ုပ်တို့ပါတီအပေါ် ယုံကြည်စွာလက်တွဲ၍ ဆောင်ရွက်ခွင့်ပေးမည်ဆိုပါက ကိုယ်ကျိုးမဖက်ဘဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း ဦးစွာပထမ တင်ပြအပ်ပါသည်။

**ပါတီအမည်၏အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြအပ်ပါသည်**

ကျွန်ုပ်တို့အားလုံးသည် "လူသားများ" ဖြစ်သည့်အားလျော်စွာ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး စသဖြင့် အကျပ်အတည်းများကို တွေ့ကြုံနေကြရသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့ပါတီအနေနှင့် ၎င်းအကျပ်အတည်းများကိုပပျောက်စေပြီး မိဘပြည်သူများ၏ကျဆင်းသွားသည့် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး စသည့်အရာများကို မြှင့်တင်ပေးလိုသောဆန္ဒဖြင့် ဤပါတီ၏အမည်ကို **လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party) S.E.P.P** ဟု ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့ပါတီအနေဖြင့် (မူလ) ရည်ရွယ်ချက်မှာ - ပြည်ထောင်စုတစ်ဝန်းလုံး ဝင်ရောက်ယှဉ်ပြိုင်ရန် ရည်ရွယ်ခဲ့ပါသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် မန္တလေးတိုင်းဒေသကြီးတစ်ခုတည်းတွင်သာ ယှဉ်ပြိုင်နိုင်ခဲ့ပါသည်။ နောင်လာမည့်ရွေးကောက်ပွဲများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကိုလည်း မိဘပြည်သူများထံ ကြိုတင်တင်ပြအပ်ပါသည်။

ကျွန်ုပ်တို့လူမှုစီးပွားမြှင့်တင်ရေးပါတီ (Social Economic Promotion Party)၏ အမှတ်တံဆိပ်၊ မူဝါဒ၊ ရည်ရွယ်ချက်နှင့် ဆောင်ပုဒ်များကို ဆက်လက်တင်ပြပါမည်။

**ပါတီအမှတ်တံဆိပ် (Logo)ပါအရောင်များ၏ အဓိပ္ပာယ်များမှာ –**

ပါတီအမှတ်တံဆိပ်ကို အဓိကအားဖြင့်အရောင်လေးမျိုးကိုယ်စားပြုပြီး အမှတ်တံဆိပ်(Logo)ဘောင်အတွင်း လူသားတို့စုပေါင်းအားဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်နိုင်ရေးကို ဦးတည်ဖော်ဆောင်ထားပါသည်။

- ခရမ်းရောင် – ဂုဏ်သရေရှိမှု၊ နက်နဲဆန်းကြယ်မှုနှင့် စိတ်ကူးစိတ်သန်းကောင်းမွန်မှုဟူသော အဓိပ္ပာယ်ဖော်ဆောင်ပါသည်။
- အနီရောင် – စွမ်းအားရှိခြင်း၊ သတ္တိရှိခြင်း၊ ရဲရင့်ခြင်းတို့ကို ကိုယ်စားပြုပါသည်။
- အဝါရောင် – ပျော်ရွှင်ခြင်းနှင့် ဘာသာသာသနာထွန်းလင်းတောက်ပစေသည့် အဓိပ္ပာယ်ဖော်ဆောင်ပါသည်။
- အစိမ်းရောင် – အေးချမ်းမှု၊ ဖွံ့ဖြိုးမှု၊ လန်းဆန်းတက်ကြွမှု၊ ကျန်းမာမှု စသည့်အဓိပ္ပာယ်များကိုဖော်ဆောင်ပါသည်။

ထိုကဲ့သို့သော အရောင်များ၏ လျှို့ဝှက်သောအဓိပ္ပာယ်များနှင့်အတူ နိုင်ငံသူ၊ နိုင်ငံသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးမှု ညီညွတ်မှုဖြင့် တန်းတူညီမျှသော အခွင့်အရေးရရှိပြီး တညီတညွတ်တည်း အင်အားဖြင့် နိုင်ငံတော်အရေးအား ပါတီမှဦးဆောင်အကောင်အထည်ဖော်ဆောင်သွားမည်ဟု အဓိပ္ပာယ်ရပါသည်။

**ပါတီ၏မူဝါဒများကို တင်ပြပေးရမည်ဆိုလျှင် –**

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး တိုင်းရင်းသားပြည်သူများ၏သဘောဆန္ဒရယူကာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသောကဏ္ဍအသီးသီးတွင် "နိုင်ငံသားအခွင့်အရေး" ကို ပြည့်ဝစွာရရှိနိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို ဦးစားပေးဆောင်ရွက်မည်။

**ပါတီ၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များမှာ –**

- အလုပ်အကိုင်အခွင့်အလမ်းနှင့် လူတိုင်းအခြေခံဝင်ငွေဖူလုံစွာရရှိနိုင်ရေး။
- စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့် ပြည်သူ့အစိုးရတစ်ရပ် ပေါ်ပေါက်ရေး။
- ပါတီမှကိုယ်စားပြုရွေးချယ်သော ကိုယ်စားလှယ်သည် ပြည်သူမှရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန်ဖြစ်ရေး။

စသည်တို့ဖြစ်ပါသည်။

**ပါတီ၏ ဆောင်ပုဒ်များမှာ –**

- ပြည်သူ့အစိုးရ ...... ပြည်သူသာဖြစ်ရမည်။
- ပြည်သူ့အာဏာ ... ပြည်သူပိုင်ရမည်။
- ပြည်သူ့ဆန္ဒမဲ ..... ပြည်သူကိုပေးရမည်။
- ပါတီသည် အစဉ်အမြဲပြည်သူ့အတွက်ဖြစ်ရမည်၊ ပြည်သူသည် ပါတီအတွက်မဟုတ်။

စသည်တို့ဖြစ်ပါသည်။

မိဘပြည်သူများအနေနှင့် လက်ရှိဖြစ်ပေါ်လျက်ရှိသော နိုင်ငံရေးအခက်အခဲများသည် နိုင်ငံတွင်းပြဿနာတစ်ခုတည်းမဟုတ်ဘဲ ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများပါဝင်နေကြောင်းကို တိုင်းရင်းသားမိဘပြည်သူများသိရှိပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသော နိုင်ငံဖြစ်သည့်အားလျော်စွာ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်သွားမည်ဆိုပါက ပိုမိုသင့်တော်ပါမည်ဟု ကျွန်ုပ်တို့ပါတီအနေဖြင့် တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေနှင့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးမှ မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းမှုရရှိနိုင်ရေးအတွက် ဆန္ဒမဲပေးခြင်းဖြင့် ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်းရင်း **"လူထုဘဝမြှင့်တင်ဖို့... S.E.P.P မဲပေးစို့"** ဟုတင်ပြလိုက်ရပါသည်။

# ၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲ ၆၇ တွဲ ရောင်းချနိုင်ခဲ့



**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက်အတွဲ ၁၆၀ ကို ပြည်တွင်း၊ပြည်ပရတနာကုန်သည်များကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့်ရောင်းချပေးခဲ့ပြီး ကျောက်မျက်အတွဲ ၆၇ တွဲ ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲပဉ္စမနေ့တွင် ရောင်းချမည့် ကျောက်စိမ်းအတွဲအမှတ်(၁)မှ(၁၀၀၀)ထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် အကြိမ် ၆၀ မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်ထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၄၄၃ တွဲ၊ ကျောက်မျက်အတွဲ ၆၇ တွဲကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာစည်သာသနာ့ရိပ်သာ ကျောင်းတိုက်၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၇ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် သုံးပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (မြဝတီ)

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တာချီလိတ်ခရိုင်နှင့် မိုင်းဆတ်ခရိုင်)တာချီလိတ်မြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် ညနေပိုင်းတွင် အောင်မြတ်ခန်းမ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံဦးမြင့်ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာဝန်ခံဦးမျိုးမောင်၊ တာချီလိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တာချီလိတ်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင်၊ မိုင်းဆတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အပိုင်းလိုက်ခွဲပြီးဆောင်ရွက်မည့်အခြေအနေ၊ ရွေးကောက်ပွဲကျင်းပမည့်စနစ်အကြောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏အခြေအနေ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ သိရှိလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စက်များသယ်ဆောင်ခြင်း၊ လက်ခံခြင်း၊ တပ်ဆင်ခြင်း၊ စမ်းသပ်ခြင်း၊ နေရာချထားခြင်းနှင့် ကိုင်တွယ်အသုံးပြုရမည့် အခြေအနေများ၊ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါပုံစံများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ အထွေထွေရွေးကောက်ပွဲအား ပိုင်းဝန်းဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များသည် သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ သင်တန်းပို့ချမှုအခြေအနေအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်ထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၃၈ ဦး တက်ရောက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)


# ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကို ပထမအကြိမ်အဖြစ် ၂၁ ရက်ကြာ ကပ်ထားကြေညာခဲ့ပြီးဖြစ်ပါသည်။ မဲစာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မဲစာရင်းများကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ ၁၄ ရက်ကြာ သက်ဆိုင်ရာရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ဒုတိယအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများတွင် ကပ်ထားကြေညာနိုင်ခြင်းမရှိပါက သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲစာရင်းကြည့်ရှုနိုင်ရေး ဆောင်ရွက်ထားမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ (၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့်ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။ လိုအပ်သောပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(**အခမဲ့**)ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်း တတိယအကြိမ် ကပ်ထားကြေညာခြင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိရန်အတွက် ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာစဉ်တွင် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် အချိန်ပိုင်း အနုပညာဒီပလိုမာနှင့် အသိအမှတ်ပြုအနုပညာအောင်လက်မှတ်ရ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက်မှာ အခြေခံပညာအထက်တန်း Grade 12 သို့မဟုတ် ဒသမတန်း တက်ရောက်ခဲ့သူဖြစ်ရမည်။

ယခုအခါ မြန်မာနိုင်ငံရှိ အခြေခံပညာ(မူလတန်း၊ အလယ်တန်း)ဖြင့် ကျောင်းထွက်ထားသူများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူဖြစ်စေရန် ဂီတပညာဌာနက စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယောနှင့် အဆိုဘာသာရပ်များကိုလည်းကောင်း၊ သဘင်ပညာဌာနက မြန်မာ့ရိုးရာရုပ်သေးပညာနှင့် မြန်မာ့ရိုးရာအကပညာကိုလည်းကောင်း၊ ပန်းချီပညာဌာနက အခြေခံပန်းချီပညာ၊ ခဲပန်းချီနှင့် ရေဆေးပန်းချီ ရေးဆွဲနည်းကိုလည်းကောင်း၊ ပန်းပုပညာဌာနက အခြေခံပန်းပုပညာ၊ မြန်မာ့ရိုးရာပန်းပုနှင့် ပန်းပုပုံဖော်နည်းပညာကိုလည်းကောင်း သင်ကြားပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံ၍ သတ်မှတ်ကာလပြီးမြောက်ပါက အသိအမှတ်ပြု အနုပညာအောင်လက်မှတ် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သင်တန်းရေးရာဌာန ဖုန်း-၀၉-၄၂၁၀၁၂၈၀၈၊ ၀၉-၇၈၈၁၈၉၁၈၀၊ ၀၉-၂၅၀၀၈၈၂၆၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၅၉၇၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း Online လိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်နေကြသူများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်


KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးနေမှုများကို တွေ့ရစဉ်။


KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးထားရှိမှုများကို တွေ့ရစဉ်။


KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ ဖြိုချဖျက်ဆီးထားရှိမှုများကို တွေ့ရစဉ်။



KK Park နယ်မြေအတွင်း၌ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကိုအန္တရာယ်ပေးနေသည့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိသည်။

Online လိမ်လည်လောင်းကစားမှု ကျူးလွန်သူအများစုသည် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားလျက်ရှိသော မြဝတီမြို့နှင့် အလှမ်းဝေးကွာသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့သို့ အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ဖြတ်ကျော်ဝင်ရောက်လာကြခြင်းဖြစ်သည်။ အဆိုပါနယ်မြေများသည် တိုင်းရင်းသားလက်နက်ကိုင် EAOs၊ KNU၊ KNLA အဖွဲ့များ၊ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် နယ်ခြားစောင့်တပ်ဖွဲ့အမည်ခံ တပ်ဖွဲ့များ ဝင်ရောက်လုပ်ကိုင်နေကြသော နယ်မြေများဖြစ်ပြီး ကိုယ်ကျိုးရှာ စီးပွားရေးသမားများသည် ၎င်းအဖွဲ့များနှင့်ချိတ်ဆက်၍ Online လိမ်လည်လောင်းကစားမှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြဝတီမြို့နှင့် အနီးဝန်းကျင်နေရာများတွင် နယ်မြေစိုးမိုးရေးနှင့် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ နယ်မြေပြန်လည်ငြိမ်းချမ်းလာချိန်တွင် Online လိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုမှတစ်ဆင့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့တွင်လည်း Online လိမ်လည်လောင်းကစားမှု အမြစ်ပြတ်ပပျောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ကြသူများကို လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြန်လည်လွှဲပြောင်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ Online လိမ်လည်လောင်းကစားမှုများ ယင်းဒေသတွင် လုံးဝပြန်လည်အခြေမချနိုင်စေရေး၊ ဒုစရိုက်လုပ်ငန်းများ ထပ်မံမလုပ်ဆောင်နိုင်စေရေးအတွက် ယင်းဒေသတွင် ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံများကိုလည်း အပြီးတိုင်ဖျက်ဆီးဖြိုချမှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် ယာဉ်ယန္တရားများဖြင့် စနစ်တကျဖြိုချဖျက်ဆီးခြင်း၊ အဆင့်မြင့်နည်းပညာသုံးဖောက်ခွဲဖျက်ဆီးခြင်း နည်းပညာများအသုံးပြု၍ စနစ်တကျဖောက်ခွဲဖျက်ဆီးခြင်းတို့ဖြင့် **စာမျက်နှာ ၂၆ သို့**


ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ စိစစ်ဆဲ တရားမဝင် နိုင်ငံခြားသားများကို စိစစ်ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ဦးရေ ၆၇၀ ကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ဦးရေ ၄၀၀ စစ်ဆေးနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၆၅ ဦးကို နိုဝင်ဘာ ၁၉ ရက်တွင် ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသား ဦးရေ ၂၀၀ စစ်ဆေးနိုင်ခဲ့ကာ ယနေ့တွင် ပြည်ပနိုင်ငံသား ၄၀၅ ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၂၀၀ ကို စစ်ဆေးနိုင်ခဲ့သဖြင့် ယနေ့အချိန်ထိ တရားမဝင် ပြည်ပနိုင်ငံသား ၁၀၁၆ ဦးတို့ကို ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၁၆ ဦးကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသားစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ဦးရေ ၆၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေကုက္ကိုလ်နယ်မြေအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများကို ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများ၊ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များမှ တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက်မှစ၍ တစ်ထပ်အဆောက်အအုံ နှစ်လုံး၊ ခြောက်ထပ်အဆောက်အအုံ နှစ်လုံး၊ ခုနစ်ထပ် အဆောက်အအုံ ရှစ်လုံး၊ ၁၂ ထပ်အဆောက်အအုံ ခြောက်လုံး၊ ၁၃ ထပ်အဆောက်အအုံနှစ်လုံး၊ ၁၄ ထပ်အဆောက်အအုံ နှစ်လုံး စုစုပေါင်းအဆောက်အအုံ ၂၂ လုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းအဆောက်အအုံများအတွင်းမှ ကွန်ပျူတာ၊ မော်နီတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်းဟန်းဆက် အလုံး ၂၁၇၅၀ တို့ကို စစ်ဆေးတွေ့ရှိ၍ ထိန်းသိမ်းထားနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၁၈၅၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ဦးရေ ၁၁၄၄၀ ကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၈၇၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ရဲပြန်ကြား)**

**စာမျက်နှာ ၂၅ မှအဆက်**

ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ညနေ ၆ နာရီထိ မြဝတီ-မယ်ထော်သလေး (KK Park) နယ်မြေအတွင်း Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံးရှိသည့်အနက် ၁၈၂ လုံးကို ဖြိုချဖျက်ဆီးပြီးစီးပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် အဆောက်အအုံ ၄၅၃ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိသည်။





ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ စိစစ်ဆဲ တရားမဝင် နိုင်ငံခြားသားများကို စိစစ်ဖော်ထုတ်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှစ၍ စတင်ဆောင်ရွက်လျက်ရှိပြီး ယနေ့ တတိယနေ့အဖြစ် ရှင်းလင်းမှုများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီထိ ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အဆောက်အအုံ ခြောက်လုံးအတွင်းမှ Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ဆက်လက်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများကို ပိတ်ဆို့ရှာဖွေ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ထွက်ပြေးတိမ်းရှောင်ရန် ကြိုးစားနေကြသည့် ဗီယက်နမ်နိုင်ငံသား သုံးဦး၊ ကင်ညာနိုင်ငံသား ၂၃ ဦး၊ အီသီယိုပီးယားနိုင်ငံသား ၈၅ ဦး၊ နမီးဘီးရားနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၁၆၈ ဦး၊ ယူဂန်ဒါနိုင်ငံသား ၁၅ ဦး၊ နီပေါနိုင်ငံသား ၁၀ ဦး၊ အိန္ဒိယနိုင်ငံသား ၄၃ ဦး၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ၁၃ ဦး၊ ပါကစ္စတန်နိုင်ငံသား ၂၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား လေးဦး၊ ဆီရာလီယွန်နိုင်ငံသား သုံးဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား ခုနစ်ဦး၊ အီဂျစ်နိုင်ငံသား တစ်ဦး၊ သီရိလင်္ကာနိုင်ငံသား တစ်ဦး၊ ကာဇက်စတန်နိုင်ငံသား နှစ်ဦး၊ ဥဇဘက်ကစ္စတန်နိုင်ငံသား သုံးဦး စုစုပေါင်း၄၀၅ ဦးတို့ကို လမ်းဆုံလမ်းခွများ၌ စစ်ဆေးဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ သို့ဖြစ်၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်းဖော်ထုတ်ရှင်းလင်းမှုများအရ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသား ၁၀၁၆ ဦးနှင့် Online လိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၆၅၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀ နှင့် လုပ်ငန်းသုံး ပစ္စည်း အများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရရှိခဲ့ပြီး ဖော်ထုတ်ရှင်းလင်းခြင်း များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



Online လိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်းများကို သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၁၀၁၆ ဦးကို မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင် ကျေးရွာအတွင်း လုံထင်းဝင်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင် ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ပြည်ပနိုင်ငံသား ဦးရေ ၆၀၀ ကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများ သို့အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေး အတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များ နှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများ ကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေ မပြုနိုင်ရေး ပြည်တွင်းအင်အားစုများ အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့် လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။ (မဝ)


ဗုဒ္ဓံ ဓမ္မံ သံဃံ

**35 CORNER မျက်မှန်ဆိုင်**

ပါဝါမျက်မှန်၊ နေကာမျက်မှန်၊ အလှတပ်မျက်ကပ်မှန်များကို နောက်ဆုံးပေါ်ကွန်ပျူတာစက်ကြီးများဖြင့် ကျွမ်းကျင်ဆရာဝန်ကြီးများ ကိုယ်တိုင်စမ်းသပ်စစ်ဆေးပေးနေပြီး မျက်မှန်ကိုင်းများကိုလည်း နေ့ချင်းပြီး ဆောင်ရွက်ပေးနေပါသည်။

'ဈေးချင်းတူလျှင် ပစ္စည်းပိုကောင်းရမည်၊ ပစ္စည်းချင်းတူလျှင် ဈေးပိုသက်သာရမည်။'

ဆိုင် (၁)၃၅ လမ်း × ၈၄ လမ်းထောင့်။ Ph:09-880909030, 09-91001454 ဆိုင် (၂)၇၉ လမ်း × ၂၇ × ၂၈ လမ်းကြား။ Ph:09-780678007
ဆိုင် (၃)၆၂လမ်း × ၁၀၉ လမ်းထောင့်။ Ph:09-880909040




# ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး နိုဝင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၀၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၄၈၄၈၂ ကေစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၆၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကလေးမြို့နယ်အတွင်း နေကြာကေ ၄၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၀၆၂ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေးဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံနေကြာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ကလေးမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ငဖဲမြို့နယ် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စည်သာကျေးရွာအုပ်စု စည်သာကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၈၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စည်သာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၁ ဦးကို ငွေကျပ် ၁၂၆ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၅၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၁၈၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ

ခရီးသွားဆောင်းပါး

# တောင်ငူမြို့မှ ရှေ့ခရီး ဆက်လက်ထွက်ခွာ အင်တိုင်းရွာ

သက်နိုင်(ပြင်ဦးလွင်)

မောင်နှမတစ်တွေ စုပေါင်းထွက်လာခဲ့တဲ့ ခရီးစဉ်မှာ တောင်ငူမြို့ ရွှေဆံတော်စေတီတော်ကြီးကို ဖူးမြော်ကြဖို့ အဆင်သင့်ရောက်ရှိနေကြပါပြီ။ ကားရပ်နားစခန်းမှာ ကားရပ်ထားခဲ့ပြီး လှေကားထစ်တွေအတိုင်းတက်ရောက်လာကြရင်း စေတီတော်ကြီးကို မြင်တွေ့ဖူးမြော်နေကြရတယ်။ စေတီတော်ကြီး တစ်ခုလုံးမှာတော့ ထပ်မံပြင်ဆင်မွမ်းမံဖို့အတွက် ငြမ်းတွေအပြည့်တပ်ဆင်ထားတာကို တွေ့မြင်နေရတယ်။

စေတီတော်ရင်ပြင်ပေါ်ကို ရောက်တဲ့အခါ တွေးထင်ထားသလို ဘုရားဖူးဧည့်သည်တွေပြည့်နှက်မနေဘဲ အနည်းငယ်ရှင်းနေပါတယ်။ နောက်တစ်နေ့ သီတင်းကျွတ်လပြည့်နေ့ အခမ်းအနားအတွက် တာဝန်ရှိသူတွေ ဝိုင်းဝန်းပြင်ဆင်ဆောင်ရွက်နေကြတာကိုလဲ တွေ့မြင်နေရပါတယ်။ မဏ္ဍပ်ထိုးနေကြသူတွေကထိုး၊ ခုံတွေသယ်သူကသယ်၊ ကော်ဇောတွေခင်းနေကြသူတွေကခင်းနဲ့ပါ။ သီတင်းကျွတ်လပြည့်၊ အဘိဓမ္မာအခါတော်နေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပပြုလုပ်နိုင်ဖို့အတွက် လုပ်ကိုင်ပြင်ဆင်နေကြတာဖြစ်ကြောင်းသိရှိလိုက်ရတယ်။ မိမိတို့ မောင်နှမတွေကတော့ စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုနေကြပါပြီ။

ဘုရားသမိုင်းအရ "တောင်ငူမြို့ ၁၃ ရပ်ကွက်ရှိ ရွှေဆံတော်စေတီမှာ ခရစ်နှစ် ၁၅ဖ၈ ခုနှစ်တွင် မြတ်စွာဘုရားရှင်၏ ဆံတော်ပွားရှစ်ဆူကို ဘုရင့်နောင်မင်းအား သီဟိုဠ်ဓမ္မပါလမင်းက လက်ဆောင်တော်အဖြစ် ပေးအပ်ရာမှတစ်ဆူကို ညီတော် တောင်ငူဘုရင်မင်းခေါင်အား ပေးအပ်ခဲ့ရာ ၁၅၇၀ ပြည့်နှစ်တွင် စေတီတော်တည်ခဲ့ပြီး ၁၅၇၈ ခုနှစ်တွင် ထီးတော်တင်လှူခဲ့သည်။ စေတီတော်သည် ဉာဏ်တော်ပေ ၂၀၀ ရှိပြီး စေတီရံ ၅၆ ဆူ ကိုးကွယ်ထားရှိသည်။" ဆိုပြီး သိရှိမှတ်သားထားလိုက်ရပါတယ်။

ရွှေဆံတော်စေတီမှာလဲ ကောင်းမှုတော်စေတီမှာလိုပဲ နောက်ထပ်ဖူးမြော်လေ့လာကြည့်ရှုစရာတွေ သူ့နေရာ၊ သူကဏ္ဍနဲ့သူ အများအပြားရှိနေတယ်။ စေတီတော်ကြီးကို ဖူးမြော်ပြီးကြတာနဲ့ စေတီတော်ဖြစ်စဉ်သမိုင်းပြခန်းနေရာကို ရောက်လာခဲ့ကြတယ်။ စေတီတော်ကြီးရဲ့ သမိုင်းကို ရုပ်ကြွပန်းချီတွေနဲ့ တစ်ခုချင်း၊ တစ်ချပ်ချင်း အစီအစဉ်တကျရေးဆွဲပြသထားတာပါ။ စေတီတော်ရဲ့ သမိုင်းကြောင်းက များပြားရှည်လျားလှသလို ရေးဆွဲပြသထားတဲ့ ပြခန်းကလဲ ရှည်ရှည်လျားလျားဖြစ်နေပါတယ်။ သမိုင်းကြောင်းဖြစ်စဉ် ပန်းချီကားတစ်ချပ်ချင်း အလိုက် လေ့လာကြည့်ရှုကြရတယ်။ ပြခန်းမှာ လေ့လာပြီးကြတာနဲ့ ထီးတော်ကြီးပြသထားတဲ့ အခန်းကို ရောက်လာခဲ့ကြတယ်။ တွေ့မြင်ဖူးမြော်နေရတဲ့ ထီးတော်ကြီးရဲ့ ပကတိအခြေအနေအရ ထီးတော်ဟောင်း တစ်ခုမဖြစ်နိုင်ဘဲ နောက်ထပ် အသစ်တင်လှူမဲ့ ထီးတော်ကြီးတစ်ခုဖြစ်မယ်ထင်ပါတယ်။ ထီးတော်တစ်ခုလုံး ရွှေတွေဝင်းလက်နေပြီး အဖိုးတန်ကျောက်မျက်ရတနာမျိုးစုံကိုလဲ မြောက်မြားစွာတွေ့မြင်နေရတယ်။ စေတီတော်ကြီးတစ်ခုလုံးကိုလဲ ငြမ်းတွေအပြည့်တပ်ဆင်ထားတာကြောင့် အသစ်တင်လှူမဲ့ထီးတော်ကြီးဖြစ်နိုင်ပါတယ်။ စိတ်ထဲမှာမေးမြန်းစုံစမ်းချင်နေပေမဲ့ အခန်းထဲကို ရောက်ရှိဖူးမြော်နေကြတဲ့ဘုရားဖူးဧည့်သည်အားလုံးကလဲ မိမိတို့အတိုင်း သူလိုကိုယ်လိုဘာမှမသိတဲ့သူတွေဖြစ်နေတာကြောင့် အခန်းထဲမှာ မေးမြန်းစုံစမ်းဖို့အခွင့်မသာခဲ့ပါဘူး။ အပြင်ကိုရောက်မှ မေးမြန်းစုံစမ်းကြည့်ရပါတော့မယ်။

ဒါပေမဲ့ အခန်းအပြင်ကိုလဲထွက်လိုက်ကော မောင်နှမတွေအားလုံးက စေတီတော်ကနေ ပြန်လည်ထွက်ခွာကြဖို့ အဆင်သင့်စောင့်ဆိုင်းနေကြပြီဖြစ်လို့ ကားရှိရာကို မြန်မြန်လျှောက်လှမ်းလာခဲ့ရတော့တယ်။ မိမိနဲ့တူဖြစ်သူ တစ်ယောက်က ပြခန်းထဲမှာ လေ့လာကြည့်ရှုနေကြရင်း အချိန်ကြာမြင့်သွားခဲ့ရတာပါ။ ဒါ့ပြင် နေ့လယ် ၁၁ နာရီကျော်လောက်ကတည်းက စားထားတဲ့ထမင်းတွေက ဗိုက်ထဲမှာ မရှိကြတော့ဘဲ ဆာလောင်စပြုနေကြပါပြီ။ အားလုံးက အဆာပြေစားစရာတစ်ခုခုကို စားသောက်ကြဖို့သာ အာသီသရှိနေကြတယ်။ ဒါကြောင့် ရွှေဆံတော်စေတီတော်ကြီးရှိရာကနေ ညဈေးတန်းကို မောင်းလာခဲ့ရတယ်။ တောင်ငူမြို့မှာ မိမိတို့ရောက်ရှိဖူးမြော်ပြီးသွားကြတဲ့ ကောင်းမှုတော်နဲ့ ရွှေဆံတော်စေတီတော်ကြီးတွေအပြင် ထင်ပေါ်ကျော်ကြားတဲ့ မြတ်စောညီနောင်ဘုရား၊ မုဋ္ဌောညီနောင်ဘုရား၊ ရွှေလက်လှဘုရား စတဲ့ဘုရားစေတီတွေလဲရှိနေကြပါသေးတယ်။ ဒါပေမဲ့ အခြေ



အနေနဲ့ အချိန်အခါအရ အဲဒီဘုရားစေတီတွေရှိရာကို အခုခရီးစဉ်မှာ မရောက်နိုင်ကြတော့ပါဘူး။ အချိန်က ညနေ ၅ နာရီ ဝန်းကျင်ရှိနေပါပြီ။

ရွှေဆံတော်စေတီတော်ကနေ ပြန်ထွက်လာတာနဲ့ ညဈေးတန်းရှိရာကို ဦးတည်မောင်းနှင်လာခဲ့ရတယ်။ ရွှေဆံတော်စေတီက မြို့တွင်းမှာရှိနေတာကြောင့် ညဈေးတန်းနဲ့မဝေးတော့ပါဘူး။ ဒါပေမဲ့ လူတွေ၊ ယာဉ်တွေ ရှုပ်ထွေးတဲ့လမ်းတစ်လျှောက်မှာ တဖြည်းဖြည်းမောင်းနေရတယ်။ ကားမောင်းနေရင်းနဲ့ တောင်ငူမြို့ရဲ့ နညနေစောင်းမြင်ကွင်း၊ မြို့သူမြို့သားတွေရဲ့ သွားလာလှုပ်ရှားမှု၊ ရောင်းဝယ်ဖောက်ကားမှုတွေကို တွေ့မြင်နေရတယ်။ မြို့မြင်ကွင်းတွေကို လေ့လာကြည့်ရှုကြရင်းနဲ့ မကြာခင်မှာ ညဈေးတန်းကို ရောက်လာခဲ့ကြတယ်။ ရောက်ရှိလာတဲ့ ညဈေးတန်းမှာ ကားရပ်နားစရာနေရာသီးသန့်မရှိတာကြောင့် မောင်နှမတွေကို ကားပေါ်ကဆင်းခိုင်းပြီး မိမိက ကားရပ်လို့ရနိုင်တဲ့နေရာကိုရှာဖွေနေရတယ်။ ကားရပ်လို့ရတဲ့ နေရာကိုတွေ့တော့မှ ကားကိုရပ်ခဲ့ပြီး ဈေးအတွင်းကို လျှောက်လှမ်းလာခဲ့ရတယ်။ ညဈေးက ဈေးရုံတွေ၊ အဆောက်အအုံတွေနဲ့မဟုတ်ဘဲ လမ်းဘေးဝဲယာတစ်လျှောက်မှာ ယာယီမိုးကာတဲတွေ၊ ခုံတွေနဲ့ ခင်းကျင်းရောင်းချနေကြတာပါ။ အများအားဖြင့် စားသောက်ဆိုင်တွေကိုသာ တွေ့မြင်နေရတယ်။

မောင်နှမတွေကို ရှာဖွေလမ်းလျှောက်လာရင်းနဲ့ တစ်နေရာအရောက်မှာ မုန့်ဟင်းခါးဟင်းရည်အနံ့မွှေးမွှေးက နှာခေါင်းထဲကို ဝင်ရောက်လာတယ်။ အနံ့လာရာကို ကြည့်လိုက်တော့ မြေါင်းမြမုန့်ဟင်းခါးဆိုပြီး ခွေးဘီလူးကားလေးတစ်စီးနဲ့ ရောင်းချနေတာကို တွေ့လိုက်ရတယ်။ ဗိုက်ကလဲဆာ၊ မုန့်ဟင်းခါးဟင်းရည်အနံ့ကလဲ မွှေးကြိုင်နေတာကြောင့် တစ်ပွဲလောက်စားလိုက်အုံးမယ်ဆိုပြီး မှာယူလိုက်တဲ့အခါမှ ကားနောက်က စားပွဲထိုင်ခုံလေးတွေမှာ ကြိုတင်ရောက်ရှိမှာယူစားသောက်နေကြပြီဖြစ်တဲ့ မောင်နှမတွေကို တစ်ယောက်ပြီးတစ်ယောက်တန်းစီတွေ့လိုက်ရတော့တယ်။ သူတို့လဲ မုန့်ဟင်းခါးဟင်းရည်ရဲ့ ဆွဲဆောင်မှုရှိတဲ့ အနံ့ကောင်းကောင်း၊ မွှေးမွှေးကြောင့် ဗိုက်ဆာဆာနဲ့ ဝင်ရောက်စားသောက်နေကြတာပါ။ ဟင်းရည်အနံ့ကောင်းသလို စားသောက်တဲ့အခါမှာလဲ အရသာကောင်းတာကို တွေ့ရတယ်။ မုန့်ဟင်းခါးတစ်ပွဲ၊ ဘူးသီးကြော်တစ်ခုနဲ့ ဟင်းရည်လိုက်ပွဲတစ်ပွဲကို စားသောက်ခဲ့ပြီး ဗိုက်ထဲမှာ အဆာပြေသွားမှ ဆိုင်ကနေထွက်လာခဲ့ရတယ်။

ခရီးစဉ်အရ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးမှာရှိနေတဲ့ အင်တိုင်းရွာက မိတ်ဆွေတွေအိမ်မှာ တစ်ညတာ စားသောက်၊ ညအိပ်ရပ်နားကြမှာပါ။ ဒါကြောင့် အိမ်ရှင်မိတ်ဆွေတွေက ညစာထမင်းဟင်းတွေကို စီစဉ်ချက်ပြုတ်ထားပြီးပြီဆိုပေမဲ့ ထမင်းပွဲမှာ ဟင်းတွေမြိန်သွားရအောင်နဲ့ စကားပြောရင်း စားသောက်ကြရအောင် ရောက်ရှိနေတဲ့ညဈေးတန်းကနေ ဝက်စတူးဟင်း၊ ကြက်သားကီးမား စတာတွေကို ပြည့်ပြည့်စုံစုံဝယ်ယူခဲ့ကြပြီးမှ ထွက်လာခဲ့ကြတယ်။ အလင်းရောင်ကောင်းကောင်းရှိနေဆဲ ညဈေးတန်းကတော့ စည်ကားမြဲစည်ကားနေဆဲပါ။

ညဈေးတန်းက ထွက်လာခဲ့ကြပြီး တောင်ငူမြို့တွင်းကနေ ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်ရောက်တာနဲ့ ဘုရင့်နောင်ရုပ်တုကြီးနဲ့အတူ မြို့ဆိုင်းဘုတ်တွေကို တွေ့ကြရတယ်။ အခုခရီးစဉ်က အလည်အပတ်အနေနဲ့ကော၊ လေ့လာရေးနဲ့အပန်းဖြေခရီးအနေနဲ့ကော ဖြစ်နေကြလို့ ရောက်တဲ့နေရာတွေမှာ အမှတ်တရဓာတ်ပုံတွေရိုက်ကြတဲ့အခါ တောင်ငူမြို့ရဲ့အမှတ်သင်္ကေတဘုရင့်နောင်ရုပ်တုကြီးလဲ ပါဝင်ရအုံးမှာပါ။ ဒါကြောင့် ကားရပ်ပြီး ဓာတ်ပုံတွေရိုက်ကြရတယ်။ ဘုရင့်နောင်ရုပ်တုကြီးက လမ်းဘေးမှာ ခံ့ခံ့ညားညားထည်ထည်ဝါဝါရှိနေသလို We Love TAUNGOO ဆိုတဲ့ စာတန်းကလဲ ရုပ်တုရဲ့နောက်မှာ ထင်ထင်ရှားရှားတွေ့မြင်နေကြရတယ်။ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြတဲ့ မောင်နှမတွေအားလုံးက ရုပ်တုကြီးနဲ့ နောက်ခံစာတန်းကိုမပါပါအောင် အဓိကထားရိုက်ယူကြတာပါ။ ဒါပေမဲ့ ဓာတ်ပုံတွေရိုက်ယူကြအပြီး ရှေ့ခရီးကို ဆက်ကြတော့မဲ့အချိန်မှာ ငါးတန်းကျောင်းသားတူလေးက သူရိုက်တဲ့ ဓာတ်ပုံတွေမှာ နောက်ကစာတန်းမပါဘူး၊ စာတန်းကဘယ်မှာလဲ၊ သူမတွေ့ဘူး၊ သတိမထားမိဘူးဆိုတာကြောင့် ရှေ့ခရီးကိုမဆက်နိုင်ကြသေးဘဲ တူလေးနောက်တစ်ခါက် ဓာတ်ပုံပြန်ရိုက်နေတာကို စောင့်နေကြရတယ်။ နောက်တစ်ခါ ပြန်ရိုက်တဲ့ဓာတ်ပုံတွေကျမှသာ ရုပ်တုနဲ့စာတန်းတွေပြည့်ပြည့်စုံစုံပါလာရတော့တယ်။ ခရီးသွားမှတ်တမ်းဓာတ်ပုံတွေမှာ သေးငယ်တဲ့အရာလေးတစ်ခုကလဲ အလွန်အရေးကြီး၊ အရေးပါအရာရောက်တာကို သတိထားကြရမှာပါ။ မှတ်တမ်းဓာတ်ပုံဖြစ်ရင်ပြီးရောဆိုပြီး ဂရုမစိုက်၊ မလေးမစားမလုပ်သင့်ပါဘူး။

ဓာတ်ပုံတွေပြည့်စုံအောင် ရိုက်ယူပြီးတာနဲ့ ရှေ့ခရီးကိုဆက်ခဲ့ကြတယ်။ အချိန်က အလင်းရောင်ကောင်းကောင်းကျန်ရှိနေပါသေးတယ်။ ဆက်လက်သွားရောက်ကြမဲ့ အင်တိုင်းရွာက ခုနစ် မိုင်အကွာမှာ တည်ရှိနေတာဖြစ်လို့ အလင်းရောင်မကွယ်ပျောက်ခင် သတ်မှတ်ရွာကိုရောက်ရှိကြမှာပါ။ တောင်ငူမြို့တွင်းမှာ အသစ်ဖောက်လုပ်ခင်းကျင်းထားတဲ့ ကွန်ကရစ်လမ်းသစ်ကြီးက ချောမွေ့ကောင်းမွန်နေသလို ကျယ်ကျယ်ဝန်းဝန်းဖြစ်နေတာကို သတိထားမိလိုက်တယ်။ လမ်းကောင်းနေတာကတစ်ကြောင်း၊ မြို့ပြင်ကိုရောက်တာနဲ့ လမ်းရှင်းသွားတာကတစ်ကြောင်း တို့ကြောင့် အင်တိုင်းရွာကို အချိန်တိုမိနစ်ပိုင်းအတွင်းမှာရောက်လာခဲ့ကြတယ်။ အင်တိုင်းရွာက ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးမှာ ကပ်လျက်တည်ရှိနေတာပါ။ လမ်းဘေးတစ်လျှောက်နဲ့အတွင်းဘက်နေရာတချို့မှာ လူနေအိမ်ခြေတွေရှိနေကြပြီး ကျန်နေရာတွေအားလုံးက လယ်ကွင်းလယ်ကွက်တွေဖြစ်နေတယ်။ လယ်ကွင်းလယ်ကွက်တွေက ရွာကိုဝိုင်းထားတဲ့သဘောပါ။ ရွာအဝင်လမ်းထဲကို ချိုးကွေ့ဝင်ရောက်လိုက်ကတည်းက ရွာရဲ့အခြေအနေ၊ ပုံပန်းသဏ္ဌာန်ကို တွေ့မြင်နေရတယ်။

ရွာက တောင်ငူမြို့အနီးမှာတည်ရှိနေပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးမှာ တည်ရှိနေပေမဲ့ စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်နေကြတယ်။ ရွာရဲ့ အဓိကထွက်ကုန်ကလဲ ဆန်၊ စပါးဖြစ်နေတယ်။ ဒါကြောင့် ရွာပတ်ဝန်းကျင်တစ်ခွင်လုံးမှာ လယ်ကွင်း၊ လယ်ကွက်တွေကိုသာ တွေ့မြင်နေကြရတယ်။ အချို့လယ်ကွင်းတွေက စိမ်းစိမ်းစိုစို၊ အချို့လယ်ကွက်တွေက ရေဖွေးဖွေးနဲ့ပါ။ မကြာခင်မှာ ဝင်းဝါနေတဲ့ ရွှေရောင်လယ်ကွင်းပြင်ကြီးအဖြစ် ပြောင်းလဲမြင်တွေ့ကြရမယ်ထင်ပါတယ်။ မိမိအနေနဲ့မြန်မာနိုင်ငံအနှံ့အပြားကို ခရီးတွေ ထွက်ခွာသွားလာတဲ့အခါ ဒီလိုစပါးခင်းတွေကို တစ်မျှော်တစ်ခေါ်မြင်တွေ့ရတဲ့အခါတိုင်း ငါတို့မြန်မာလူမျိုးတွေ အလှူရေစက်လက်နဲ့မကွာ အမြဲလှူဒါန်းနိုင်နေကြမှာ၊ ဒါ့ပြင် ဘယ်တော့မှ ထမင်းငတ်မှာမဟုတ်ဘူးဆိုပြီး ဂုဏ်ယူဝမ်းသာပီတိဖြစ်ရပါတယ်။

အင်တိုင်းရွာတွင်းကို ချိုးကွေ့ဝင်ရောက်မောင်းနှင်လာတဲ့အခါ အလင်းရောင်အနည်းငယ်ကျန်ရှိနေသေးပြီး ကားမီးဖွင့်စရာမလိုသေးပါဘူး။ ဒါပေမဲ့ မိုးတွေအဆက်မပြတ်ရွာသွန်းခဲ့တုန်းက ရေတိုက်စားလို့ပျက်စီးသွားခဲ့ရပြီး ကြမ်းကြမ်းတမ်းတမ်းဖြစ်နေတဲ့လမ်းကြောင့် ကားကို တစ်လိမ့်ချင်းတဖြည်းဖြည်းမောင်းနေရတယ်။ မိမိတို့ တောင်ပေါ်ဒေသမှာသာ ရေတိုက်စားမှုကြောင့် လမ်းတွေပျက်စီးသွားရတယ်လို့ထင်ခဲ့မိတာ အခုမြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်ဒေသမှာလဲ ရင်ဆိုင်ကြုံတွေ့နေရပါပြီ။

ချိုင့်တွေ၊ ကျင်းတွေ၊ မြောင်းတွေ၊ ခဲတွေကိုရှောင်ရင်း၊ မောင်းရင်းနဲ့မကြာခင်မှာ တည်းခိုအိပ်စက်ကြရမဲ့ အိမ်ကိုရောက်လာခဲ့ကြတယ်။ အိမ်က ရွာအလယ်လောက်မှာရှိနေတဲ့ ခြံဝင်းကျယ်ကျယ်နဲ့နှစ်ထပ်အိမ်ကြီးပါ။ ခြံဝင်းအတွင်းမှာလဲ သီးပင်စားပင်မျိုးစုံကို တွေ့မြင်နေရတယ်။ ဒီနေ့ညအတွက် ဒီအိမ်ကြီးမှာ တည်းခို၊ စားသောက်၊ အိပ်စက်ကြပြီး နောက်တစ်နေ့မနက်စောစောမှာ ရှေ့ခရီးကို ဆက်ကြရအုံးမှာပါ။

M
L

# လာမဲ့ စနေနေ့ညမှာ ပြန်လည်ယှဉ်ပြိုင်ကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲတွေထဲက လီဗာပူး၊ ဖီအိုရင်တီးနား၊ ဗီလာရီးရဲလ်အသင်းတို့ကို အားပေးရမှာပါ




ဒီတစ်ပတ်မှာ ဥရောပအမှတ်ပေးပြိုင်ပွဲတွေဟာ ပုံမှန်အတိုင်း ပြန်လည်စတင်ယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပါတယ်။ အဲဒီထဲကမှ ပရီးမီးယားလိဂ်မှာဆိုရင် ချဲလ်ဆီးအသင်းက ဘန်လေအသင်းကို အဝေးကွင်းပွဲစဉ်အဖြစ် သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဘရိုက်တန်နဲ့ ဘရန့်ဖို့ဒ်၊ ဖူလ်ဟမ်နဲ့ ဆန်းဒါးလန်း၊ ဝုဗ်နဲ့ ပဲလေ့စ်အသင်းတို့ပွဲစဉ်တွေလဲ ယှဉ်ပြိုင်ကစားလာကြမှာဖြစ်ပါတယ်။ ဒါ့ပြင် ပရီးမီးယားလိဂ် နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာအနိုင်ရထားကာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့လီဗာပူးအသင်းနဲ့ နည်းပြသစ်ဒိုင်ချီရဲ့ လက်ထက်မှာ ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲမရှိအောင် ကစားထားပြီး ပုံစံကောင်းတွေ ပြန်လည်ရရှိလာတဲ့ နော်တင်ဟမ်အသင်းတို့ဆုံတွေ့နေတဲ့ ပွဲစဉ်အပါအဝင် နယူးကာဆယ်နဲ့ မန်စီးတီးအသင်းတို့ရဲ့ပွဲစဉ်ဟာ ပရိသတ်စိတ်ဝင်စားမှုပြင်းထန်လာမဲ့ ပွဲစဉ်တွေဖြစ်လာမှာပါ။ ပြီးခဲ့တဲ့ ကြားရက်မှာတော့ နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေအဖြစ် ၂၀၂၆ ကမ္ဘာ့ဖလား ဥရောပဇုန်က ခြေစစ်ပွဲစဉ်တွေဟာ နောက်ဆုံးပွဲစဉ်တွေအဖြစ် ကစားထားကြပြီး အခုဆိုရင် တိုက်ရိုက်ဝင်ခွင့်နဲ့ အုပ်စုဒုတိယနေရာကနေ နောက်တစ်ဆင့်တက်ရောက်ဖို့ကြိုးစားကစားရတော့မဲ့ အသင်းတချို့သာ ကျန်ရှိတော့တာပါ။ အဲဒီနိုင်ငံတကာရက်သတ္တပတ်မှာလဲ ပရိသတ်စိတ်ဝင်စားခဲ့ပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ပွဲစဉ်တချို့အနေနဲ့ အီတလီနဲ့ နော်ဝေအသင်းတို့ပွဲစဉ်ဖြစ်ပြီး နော်ဝေအသင်းက တိုက်စစ်မှူးဟာလန်း ခြေစွမ်းပြကစားနိုင်မှုနဲ့အတူ လေးဂိုး တစ်ဂိုးနဲ့ အံ့သြဖွယ်ရာ ဂိုးပြတ်အနိုင်ရရှိခဲ့ပါတယ်။ ဒါ့ပြင် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်တဲ့ နာမည်ကြီးအင်္ဂလန်အသင်းက သရေရလဒ်မရှိ၊ ရှုံးနိမ့်တဲ့ပွဲစဉ်မရှိခဲ့ဘဲ အုပ်စုပွဲစဉ်အားလုံး အနိုင်ရခဲ့တဲ့အပြင် ဒီတစ်ပတ်ရဲ့ ဂိုးအပြတ်ဆုံးနိုင်ငံတကာပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းက အိမ်ကွင်းမှာ အာမေးနီးယားအသင်းကို ကိုးဂိုး တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ဒါ့ကြောင့် အခုတစ်ပတ် ဥရောပအမှတ်ပေးပြိုင်ပွဲမှာလဲ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်စိတ်ဝင်စားစေမဲ့ပွဲစဉ်တချို့ကို ရေးသားဖော်ပြလိုက်ရပါတယ်။

## လီဗာပူးအသင်းကို အားပေးရမှာပါ

လက်ရှိမှာ လီဗာပူးအသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ ပွဲ ကစားထားပြီး ခြောက်ပွဲနိုင်၊ သရေပွဲမရှိ၊ ငါးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ သူတို့အသင်းဟာ ဒီနှစ်ဘောလုံးရာသီအစပိုင်းမှာ ပုံစံကောင်းနဲ့ ရလဒ်ကောင်းတွေ ပိုင်ဆိုင်ထားပြီး အာဆင်နယ်နဲ့ နယူးကာဆယ်အသင်းတို့ကိုတောင် အနိုင်ကစားနိုင်ခဲ့ပါတယ်။ ပဲလေ့စ်အသင်းကို ရှုံးနိမ့်ပြီးနောက်ပိုင်း သူတို့အသင်းဟာ ပရီးမီးယားလိဂ်လေးပွဲဆက်ရှုံးနိမ့်ခဲ့ပြီး ပွဲစဉ်(၁၀)အိမ်ကွင်းမှာ အေဗီလာအသင်းကို နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားခဲ့ပါတယ်။ ဒါ့ကြောင့် နည်းပြအာနေးဆလော့တ်က အသင်းရဲ့နည်းစနစ်ပိုင်းကို ပြန်လည်ပြင်ဆင်လာနိုင်ခဲ့တယ်ဆိုပေမဲ့ နိုင်ငံတကာရက်သတ္တပတ်မတိုင်မီ အမှတ်ပေးပွဲစဉ်(၁၁)မှာ မန်စီးတီးကို အိမ်ကွင်းအန်ဖီးလ်မှာ အဘက်ဘက်က မယှဉ်ပြိုင်နိုင်ဘဲ သုံးဂိုးပြတ်နဲ့ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြနဲ့ ကစားသမားတွေမှာပါ ဝေဖန်မှုတွေနဲ့ ရင်ဆိုင်နေခဲ့ရပြီး ဖိအားအောက်ကျရောက်ခဲ့ရပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ အခုပွဲစဉ်မှာ ရလဒ်ကောင်းတွေနဲ့ အသင်းကို ပြန်လည်တည်ဆောက်နေတဲ့ နော်တင်ဟမ်အသင်းနဲ့ ဆုံတွေ့တာဖြစ်လို့ အိမ်ကွင်းမှာ နိုင်ပွဲပြန်လည်ရရှိဖို့ အစွမ်းကုန်ကြိုးစားကစားလာကြမှာပါ။

နော်တင်ဟမ်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ နည်းပြဆန်းတို့၊ နည်းပြပိုစတီဂလူးတို့ကို ထုတ်ပယ်မှုနဲ့အတူ အသင်းအတွက် ရလဒ်ကောင်းဖို့ ရုန်းကန်နေရတဲ့အသင်းပါ။ နော်တင်ဟမ်အသင်းအနေနဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၁ ပွဲ ကစားအပြီးမှာ နှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားတန်းဆင်းဇုန်အတွင်း အဆင့်(၁၉) နေရာမှာ ရပ်တည်နေပါတယ်။ နည်းပြဒိုင်ချီ လက်ထက် ပထမဆုံးပွဲစဉ် ယူရိုပါလိဂ်ပြိုင်ပွဲမှာ ပေါ်တိုလို ထိပ်သီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ပရီးမီးယားလိဂ်နောက်ဆုံးသုံးပွဲမှာလဲ ဘုန်းမောက်အသင်းကို နှစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့ကာ မန်ယူအသင်းကို နှစ်ဂိုးစီသရေ၊ လိဒ်အသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရထားတဲ့အထိ ခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာတယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အခုပွဲစဉ်မှာ သူတို့အသင်းအနေနဲ့ရှုံးပွဲဆက်ပြီး ဖိအားအောက်ကျရောက်နေတဲ့ လီဗာပူးအသင်းကို ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဘောလုံးရာသီ တွေ့ဆုံမှုနှစ်ကျော့မှာ နော်တင်ဟမ်အသင်းအနေနဲ့ လီဗာပူးအသင်းကို တစ်ပွဲသရေ၊ တစ်ပွဲအနိုင်ကစားထားနိုင်ပေမဲ့ လက်ရှိမှာတော့ အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာပြီး နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ လီဗာပူးအသင်းကိုပဲ အားပေးရမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဘရန့်ဖို့ဒ် | ၃ | - | ၂ | လီဗာပူး |
| လီဗာပူး | ၀ | - | ၃ | ပဲလေ့စ် |
| လီဗာပူး | ၂ | - | ၀ | အေဗီလာ |
| လီဗာပူး | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| မန်စီးတီး | ၃ | - | ၀ | လီဗာပူး |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၂ | - | ၀ | ပေါ်တို |
| ဘုန်းမောက် | ၂ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၂ | - | ၂ | မန်ယူ |
| စတမ်းဂရပ်ဖ် | ၀ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၃ | - | ၁ | လိဒ် |

## ဖီအိုရင်တီးနားအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်

ဖီအိုရင်တီးနားနဲ့ ဂျူဗင်တပ်အသင်းတို့ဟာ အီတလီစီးရီးအေပွဲစဉ်(၁၂)အဖြစ် ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ ဖီအိုရင်တီးနားအသင်းအနေနဲ့ လက်ရှိမှာ စီးရီးအေပွဲစဉ် (၁၁) ပွဲယှဉ်ပြိုင်ကစားထားပြီး နိုင်ပွဲမရရှိသေးဘဲ ငါးပွဲသရေ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအောက်ဆုံးမှာရပ်တည်နေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်တွေမှာဆိုရင် လက်ချီလိုအသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်ကိုကြည့်ရင် သူတို့အသင်းရဲ့ စွမ်းဆောင်ရည်နဲ့ ကစားသမားစုဖွဲ့မှုပိုင်းဟာ ဆိုးရွားလွန်းနေတာကို တွေ့ရမှာပါ။ ဒါ့ပြင် ဖီအိုရင်တီးနားအသင်းဟာ အသင်းလိုက်စွမ်းဆောင်ရည်ကျဆင်းနေမှုနဲ့အတူ ကွန်ဖရန့်လိဂ်ပွဲစဉ်မှာလဲ မိန့်ဇ်အသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ရှုံးနိမ့်ခဲ့တာကို တွေ့ရပါတယ်။

ဂျူဗင်တပ်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ စီးရီးအေပွဲစဉ် နှစ်ပွဲရှုံးထားပြီး ငါးပွဲနိုင် လေးပွဲသရေနဲ့ ရမှတ် ၁၉ မှတ်ရရှိထားကာ အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ ပြိုင်ပွဲစုံနောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပြီး နှစ်ပွဲနိုင် နှစ်ပွဲသရေရလဒ်ရရှိထားပါတယ်။ ဂျူဗင်တပ်အသင်းဟာ အခုပွဲစဉ်ကစားပြီးရင် ကြားရက်မှာ ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် နော်ဝေကလပ် ဘိုဒိုဂလင့်အသင်းနဲ့ အဝေးကွင်းပွဲစဉ်ကစားရမှာကိုတော့ သတိပြုရမှာပါ။ လက်ရှိချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ သူတို့အသင်းအနေနဲ့ ခြေစွမ်းပိုင်းရုန်းကန်နေပြီး ပွဲစဉ်လေးပွဲ ကစားအပြီးမှာ နိုင်ပွဲမရရှိသေးဘဲ သုံးပွဲသရေ တစ်ပွဲရှုံးရလဒ်ရရှိထားပါတယ်။ ဒါ့ပြင် အဆင့်(၂၆)မှာ ရပ်တည်နေတဲ့ ဂျူဗင်တပ်အသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ လက်ကျန်ပွဲစဉ်တွေ ရလဒ်ကောင်းပါမှ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ မျှော်လင့်ခွင့်ရနိုင်မှာပါ။ ဒါ့ပြင် လက်ရှိမှာ အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေတဲ့ဖီအိုရင်တီးနားအသင်းအနေနဲ့ အိမ်ကွင်းမှာ အဘက်ဘက်က အကောင်းဆုံးပြင်ဆင်လာမှာ ဖြစ်တာကြောင့် ဖီအိုရင်တီးနားအသင်းပဲ ရလဒ်ကောင်းသွားပါလိမ့်မယ်။

**ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၂ | - | ၂ | ဘိုလော့ဂ်နာ |
| အင်တာမီလန် | ၃ | - | ၀ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၀ | - | ၁ | လက်ချီ |
| မိန့်ဇ် | ၂ | - | ၁ | ဖီအိုရင်တီးနား |
| ဂျီနိုအာ | ၂ | - | ၂ | ဖီအိုရင်တီးနား |

**ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၁ | - | ၀ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၃ | - | ၁ | အူဒီးနီး |
| ခရီမိုနန်ဆီ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၁ | စပို့တင်း |
| ဂျူဗင်တပ် | ၀ | - | ၀ | တိုရီနို |

## ဗီလာရီးရဲလ်အသင်းပဲ အနိုင်ရသွားမှာပါ

ဗီလာရီးရဲလ်နဲ့ မာယော့ကာအသင်းတို့ဟာ စပိန်လာလီဂါပွဲစဉ်(၁၃) အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး နိုင်ငံတကာရက်သတ္တပတ်ပွဲစဉ်တွေ မတိုင်မီ သူတို့အသင်းအနေနဲ့ နိုင်ပွဲအသီးသီးရရှိထားကြပါတယ်။ ဗီလာရီးရဲလ်အသင်းက အက်စ်ပန်ညိုအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ မာယော့ကာအသင်းက ဂီတာဖေးအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရရှိထားကြပြီး စွမ်းဆောင်ရည်ကောင်းတွေလဲ ပြသထားကြပါတယ်။ လက်ရှိမှာ ဗီလာရီးရဲလ်အသင်းအနေနဲ့ စပိန်လာလီဂါပွဲစဉ် ၁၂ ပွဲကစားထားပြီး ရှစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ တိုက်စစ်ပိုင်းက အကောင်းဆုံးစွမ်းဆောင်နိုင်မှုနဲ့အတူ ရလဒ်ကောင်းတွေရရှိနေတာပဲဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ ချန်ပီယံလိဂ်ပွဲစဉ်တစ်ပွဲသာရှုံးနိမ့်ထားပြီး လေးပွဲအနိုင်ရရှိထားသလို အဲဒီငါးပွဲမှာ ၁၄ ဂိုးသွင်းယူထားနိုင်တာကြောင့် မာရီနိုဦးဆောင်နေတဲ့ တိုက်စစ်ပိုင်းက အကောင်းဆုံးလို့တောင် ဆိုရမှာပါ။

နောက်ဆုံးငါးပွဲမှာ ဘက်တစ်အသင်းနဲ့အဝေးကွင်းပွဲစဉ်တစ်ပွဲသာ ရှုံးနိမ့်ထားတဲ့ မာယော့ကာအသင်းဟာလဲ ဒီရာသီမှာ ပုံစံကောင်းတွေ ရရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီမှာလဲ အဆင့်(၁၀)နေရာနဲ့ ရာသီပိတ်သိမ်းနိုင်ခဲ့တဲ့ထိ စွမ်းဆောင်ထားနိုင်ခဲ့သလို ဂီတာဖေးနဲ့ ဆီဗီလာအသင်းကို အနိုင်၊ အေတီကိုအသင်းကို သရေကစားထားနိုင်ခဲ့တဲ့ ခြေစွမ်းပိုင်းကိုတော့ စောင့်ကြည့်ရအုံးမှာပါ။ ဒါပေမဲ့သူတို့အသင်းဟာ အဝေးကွင်းနိုင်ပွဲ တစ်ပွဲသာ ရရှိထားပြီး ငါးပွဲထိ ရှုံးနိမ့်ထားတာကိုတွေ့ရပါတယ်။ ဒါ့ပြင် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဗီလာရီးရဲလ်လိုအသင်းနဲ့ တွေ့ဆုံမှုမှာတော့ မာယော့ကာအသင်းအနေနဲ့ အသာစီးရယူကစားနိုင်ဖို့ဆိုတာ ခက်ခဲနေအုံးမှာပါ။ ဒါ့ကြောင့် တိုက်စစ်ပိုင်းထက်မြက်နေတဲ့ ဗီလာရီးရဲလ်အသင်းပဲ အနိုင်ရသွားမှာပါ။

**ဗီလာရီးရဲလ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဗလင်စီယာ | ၀ | - | ၂ | ဗီလာရီးရဲလ် |
| လူစီနာ | ၀ | - | ၆ | ဗီလာရီးရဲလ် |
| ဗီလာရီးရဲလ် | ၄ | - | ၀ | ဗယ်လက်ကာနို |
| ပါဖို့ဒ် | ၁ | - | ၀ | ဗီလာရီးရဲလ် |
| အက်စ်ပန်ညို | ၀ | - | ၂ | ဗီလာရီးရဲလ် |

**မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဆီဗီလာ | ၁ | - | ၃ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၁ | လီဗန်တေး |
| စိန့်ဂျတ် | ၀ | - | ၂ | မာယော့ကာ |
| ဘက်တစ် | ၃ | - | ၀ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၀ | ဂီတာဖေး |

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**




# ☸ သော်ကဝင် ခိုနိုင်ခွဲ

## ဝန်ထမ်းအလိုရှိသည်

### စာရင်းကိုင်အမျိုးသမီး (၂)ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီးအသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- လက်တော့ရတနာနှင့်ပတ်သက်၍ စာရင်းပိုင်း၊ စိတ်ရှည်စေ့စပ်ပြီး စိတ်ပါဝင်စားသူ ဖြစ်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာ ထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- Teamwork နှင့်လုပ်ကိုင်နိုင်ပြီး ပေးအပ်သောတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်သူဖြစ်ရမည်။
- အကျင့်စာရိတ္တ ကိုယ်ကျင့်တရား အထူးကောင်းမွန်ရမည်။
- မိဘနှင့် စိတ်ချရသောထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည်သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည်ပြေပြစ်သူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### အရောင်းဝန်ထမ်းအမျိုးသမီး (၅)ဦး

လျှောက်ထားလိုသူများသည်

- ဘွဲ့ရပြီးဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ပြုံးရွှင်ချိုသာမှုဖြင့် စိတ်သဘောထားပြည့်ဝစွာ ဆက်ဆံနိုင်သူ ဖြစ်ရမည်။
- အရောင်းမြှင့်တင်ရေးတွင် စိတ်ရှည်သည်းခံ လက်ချက်ရှိပြီး အဖွဲ့အစည်းနှင့် စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တအထူးကောင်းမွန်ရမည်။
- မိမိတာဝန် မိမိကျေပွန်စွာထမ်းဆောင်၍ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- မိဘနှင့် စိတ်ချရသော ထောက်ခံမှုရှိသူကို ဦးစားပေးမည်။
- တစ်ကိုယ်ရည် သန့်ရှင်းသပ်ရပ်ပြီး ရုပ်ရည် ပြေပြစ်သူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

### ဧည့်ကြိုအမျိုးသမီး (၅)ဦး

လျှောက်ထားလိုသူများသည်

- အထက်တန်းအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ ( ကျောင်းတက်ဆဲ ကာလရှင်သူ ဖြစ်ရမည်။ )
- ရုပ်ရည်အသင့်အတင့်ရှိပြီး လူမှုဆက်ဆံရေး အထူးကောင်းမွန်သူ ဖြစ်ရမည်။
- ဧည့်သည်များကို ဝန်ဆောင်မှု ကောင်းမွန်စွာပေးနိုင်သူ ဖြစ်ရမည်။
- အကျင့်စာရိတ္တ အထူးကောင်းမွန်၍ မိမိတာဝန် မိမိကျေပွန်စွာ အပြည့်အဝ တာဝန်ယူနိုင်သူ ဖြစ်ရမည်။
- အသက် (၂၅)နှစ်အောက်ဖြစ်ပြီး အိမ်ထောင်မရှိသူ ဖြစ်ရမည်။
- ရေရှည်လက်တွဲလုပ်ကိုင်သူများကို ပို၍ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် [illegible] ( ၂၅-၁၁-၂၀၂၅ ) [illegible] ( ၂၃၃ ) [illegible]
( [illegible] )

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အောင်ပန်းမြေကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးစည်သူအောင်၏သမီး မသီရိထက်စံ၏မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ၂၃-၁၀-၂၀၁၅ ဖြစ်ပါကြောင်း။

မသီရိထက်စံ
၂၃-၁၀-၂၀၁၅

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် မြို့မရပ်ကွက်နေ (ဘ) ဦးမင်းနိုင်၏ သမီး Grade -3 မှ မပြည့်မှူးသဒ္ဒါအား အိမ်ထောင်စုဇယားအရ ယနေ့မှစ၍ မပြည့်မှူးစံဟု ခေါ်ဆိုပါရန်။

မပြည့်မှူးစံ

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးအထက Grade-4 တွင် ပညာသင်ကြားနေသော မောင်ပြည့်စုံအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်စွာလင်း ဖြစ်ပါကြောင်း။

ဦးကျော်စွာလင်း
(၈/ရစက(နိုင်)၁၄၄၈၀၁)

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်နေ မဝင်းဝင်းကြူ(ဘ)ဦးအောင်ဒင်(၉/မကန(နိုင်)၀၄၂၈၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၉၅၀၀၀၃၁၈၄

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့ အမှတ်(၁၈)ရပ်ကွက် အကွက်အမှတ် ၂၃၃(က)၊ ဦးပိုင်အမှတ်(၃၀၄)ရှိ မြေကွက်ပေါ်တွင် ဒေါ်တင်တင်(၉/မခန(နိုင်)၀၀၆၃၈၅) ကိုင်ဆောင်သူမှ အလျား ၂၀'-၀"၊ အနံ ၂၀'-၀" ဝါးထရံကာ တစ်ထပ်အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသောအထောက်အထားများ ယူဆောင်လာ၍ မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၏ တာဝန်ရှိသူထံသို့ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

- ❖ နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့် အချက်ဖြစ်...
- ❖ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဟိုင်းကြီးကျွန်းမြို့နှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အတွင်းရှိကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးရန်အတွက် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော **စာမျက်နှာ ၂၁ ကော်လံ ၁** ❑

## မွန်ညီညွတ်ရေးပါတီနှင့် လူမှုစီးပွားမြှင့်တင်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

မွန်ညီညွတ်ရေးပါတီနှင့် လူမှုစီးပွားမြှင့်တင်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ရတနာပုံသတင်းစာ စာမျက်နှာ ၂၂ တွင် ဖော်ပြပါရှိပါသည်။ **ရတနာပုံ**

## အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု G ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်ထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် မြန်မာU-17အမျိုးသားဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့အတွင်း Online လိမ်လည်လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်နေကြသူများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်

စာမျက်နှာ - ၂၅

## ကျောက်ဆည်ကန်ကြီးပြင်ကာကွယ်တော သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၅၉၆၃ ဧကရှိသော နယ်မြေကို **"ကျောက်ဆည်ကန်ကြီးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၉၅/၂၀၂၅)အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက် (၂၀၂၅ ခုနှစ် နိုဝင်ဘာ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် အပူပိုင်းဒေသ၏ သဘာဝတောကျန်များကို **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

